# တန်းတူညီမျှမရှိမှုများကို အမြစ်ပါမကျန်ဖယ်ရှားခြင်း

## ကရင်ပြည်နယ် ပဋိပက္ခဒဏ်သင့်ဒေသများရှိ သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှုတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု




Funded by:

UKaid from the British people

In partnership with:


Peace is within our power

## International Alert အကြောင်း

International Alert သည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဋိပက္ခကြောင့် တိုက်ရိုက်ထိခိုက်ခံစားရသူများနှင့် လက်တွဲလုပ်ဆောင်ပါသည်။  အတူတကွ လက်တွဲဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်စွမ်းရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် တစ်ကွဲတစ်ပြားစီဖြစ်နေကြသူများကိုပေါင်းစည်းပေးပြီး ပဋိပက္ခကို ဖြစ်စေသော အကြောင်းရင်းခံများကို ဖြေရှင်းရန် အဓိကဦးတည်လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့သည် အောက်ခြေအဆင့်မှ မူဝါဒချမှတ်သည့်အဆင့်အထိ အတူတကွ ပေါင်းစည်းလက်တွဲ၍ နေ့စဉ်ငြိမ်းချမ်းရေးကို တည်ဆောက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်နက်ကို စွန့်လွှတ်ခြင်း ဖြစ်သလို လူမှုအသိုင်းအဝိုင်းများ အတူယှဉ်တွဲနေထိုင်ပြီး မိမိတို့၏မတူညီကွဲပြားမှုများကို အကြမ်းမဖက်သည့် နည်းလမ်းဖြင့် ဖြေရှင်းကြခြင်းလည်း ဖြစ်ပါသည်။ ထိုအတွက်ကြောင့်ပိုမိုငြိမ်းချမ်းသော အနာဂတ်ကို တည်ဆောက်နိုင်ရေးအတွက် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိသည်ဟု ယုံကြည်ပါသည်။

www.international-alert.org

## Kaw Lah Foundation (ကော်လားဖောင်ဒေးရှင်း) အကြောင်း

Kaw Lah Foundation ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုအထောက်အပံ့ပြုရန်အတွက် နိုင်ငံတကာ အန်ဂျီအို အဖွဲ့အစည်းများ၊ ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင် ရွက်ပါသည်။ ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုနိုင်ရန်အတွက် Kaw Lah Foundation သည် အကြံပြုတိုက်တွန်းဆွေးနွေးမှုနှင့် မူဝါဒချမှတ်မှုတို့ကို ပံ့ပိုးကူညီပေးပြီး မြန်မာနိုင်ငံရှိပြည်သူများကိုလည်း ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက် လူထုပါဝင်ပြီး ရေရှည်တည်တံ့သော နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်စေရန် စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးပါသည်။

www.kawlah.org

## ငြိမ်းချမ်းရေးသုတေသနပူးပေါင်းဆောင်ရွက်မှု (Peace Research Partnership) အကြောင်း

Saferworld၊ Conciliation Resources နှင့်International Alert တို့ ပူးပေါင်း၍ မူဝါဒချမှတ်သူများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်သူများအတွက်ပဋိပက္ခဒေသများတွင်ငြိမ်းချမ်း၍အားလုံးပါဝင်နိုင်သောအပြောင်းအလဲများကိုပံ့ပိုးပေးနိုင်ရန် သက်သေအထောက်အထားများနှင့် သင်ခန်းစာများကို စုဆောင်းပေးနိုင်ရန် သုံးနှစ်တာ သုတေသနအစီအစဉ်တစ်ခုကို ဆောင်ရွက်လျက် ရှိပါ သည်။ ယူကေအစိုးရ UK aid မှ ရန်ပုံငွေပံ့ပိုးသော ဤသုတေသနအစီအစဉ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ အဖွဲ့အစည်းများနှင့် ပဋိပက္ခကို ဖြစ်စေသောကျားမရေးရာကိစ္စများကို အဓိကဦးတည် လေ့လာပါသည်။ Peace Research Partnership ၏ အမြင်များသည် UK အစိုးရ၏ တရားဝင်မူဝါဒများကို ကိုယ်စားပြုခြင်း မရှိပါ။

**© International Alert 2020**

မူပိုင်ခွင့်များအားလုံး ထိန်းသိမ်းထားပါသည်။ စာရေးသူများအား အပြည့်အစုံ ရည်ညွှန်းဖော်ပြခြင်းမရှိဘဲ ဤစာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမျှ ကူးယူခြင်း၊ သိမ်းဆည်းထားခြင်း သို့မဟုတ် အီလက်ထရောနစ်၊ စက်ကိရိယာ၊ မိတ္တူကူးယူမှု၊ အသံဖမ်းမှု သို့မဟုတ် အခြားမည်သည့်ပုံစံ၊ မည်သည့်နည်းလမ်းနှင့်မျှ လွှဲပြောင်းပေးပို့ခြင်း မပြုရပါ။

ဒီဇိုင်း – Marc Rechdane

မျက်နှာဖုံးဓာတ်ပုံ – © BTWImages/Shutterstock

# တန်းတူညီမျှမရှိမှုများကို အမြစ်ပါမကျန်ဖယ်ရှားခြင်း

## ကရင်ပြည်နယ် ပဋိပက္ခဒဏ်သင့်ဒေသများရှိ
## သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှုတွင်
## အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု

ဇွန်လ ၂၀၂၀

# ကျေးဇူးတင်လွှာ

ဤသုတေသနအတွက် ရန်ပုံငွေပံ့ပိုးပေးသည့် ကျွန်ုပ်တို့၏ အလှူရှင်ဖြစ်သော UKAID ကို ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏ အခြားသော ဗျူဟာကျအလှူရှင်များဖြစ်ကြသည့် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိုင်ယာလန်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဦးစီးဌာန တို့ကိုလည်း International Alert မှ ကျေးဇူးတင်ရှိပါသည်။ ဤအစီရင်ခံစာထဲတွင် ဖော်ပြထားသော အမြင်များသည် International Alert ၏ အမြင်များသာဖြစ်ပြီး ကျွန်ုပ်တို့ အလှူရှင်များ၏အမြင်များ သို့မဟုတ် မူဝါဒများကို ကိုယ်စားပြုခြင်း မရှိပါ။

ဤအစီရင်ခံစာကို International Alert မြန်မာ (Jana Naujoks၊ မြတ်သန္တာကိုနှင့် နန့်မူစေးခလိန် နှင့် Kaw Lah Foundation (စောအယ်ထူးနှင့် စောအယ်ဝါး) တို့က ပူးတွဲဆောင်ရွက်ခဲ့သည့် ကွင်းဆင်းသုတေသနပြုလေ့လာမှုကို အခြေခံ၍ ရေးသားထားခြင်း ဖြစ်ပါသည်။ ဤအစီရင်ခံစာအတွက် အချိန်ပေးကာ အမြင်များကို မျှဝေပေးခဲ့ကြပါသော မြန်မာနိုင်ငံအစိုးရ၊ ကရင်အမျိုးသားအစည်းအရုံး၊ ပြည်တွင်းနှင့် နိုင်ငံတကာ NGO များ၊ ကရင်အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများကို အစီရင်ခံစာရေးသားသူများမှ ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ဤအစီရင်ခံစာကို ဖတ်ရှုသုံးသပ်၍ အကြံပြုချက်များပေးခဲ့ကြသော International Alert မှ ဝန်ထမ်းများ (Jessica Hartog (ဤအပိုင်းကို ဦးဆောင်ပေးသူ)၊ Camille Marquette၊ Markus Mayer၊ Ndeye Sow၊ Elizabeth Laruni၊ Gabriel Nuckhir၊ Lucy Holdaway နှင့် Julian Egan) အပါအဝင် Kaw Lah Foundation၊ စောဒိုဝါး (မြေယာမဏ္ဍိုင်အဖွဲ့)၊ ခင်မိုးကြည် (လူနှင့်သစ်တော ဗဟိုဌာန – Centre for People and Forest) နှင့် ခင်စောဌေး (Forest Trends) တို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# မာတိကာ


**အတိုကောက်ဝေါဟာရစကားလုံးများ** ၄

**အစီရင်ခံစာ၏ အနှစ်ချုပ်** ၅

**၁။ နိဒါန်း** ၁၂

လေ့လာမှုတွင် အသုံးပြုသော နည်းစနစ်များ ၁၇

အစီရင်ခံစာ၏ ဖွဲ့စည်းပုံ ၁၈

**၂။ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုအတွက် အဟန့်အတားများ** ၂၀

ပဋိပက္ခအမွေဆိုးများ ၂၀

လက်တွေ့ဘဝတွင် ရင်ဆိုင်ရသော အဟန့်အတားများ ၂၄

လူမှုရေးစံသတ်မှတ်ချက်များ ၂၅

အမျိုးသမီးများ ထမ်းရွက်ရသည့် အလုပ်ပမာဏ – နှစ်ဆပိုသော ဝန်ထုပ်ဝန်ပိုးများ ထမ်းရွက်ရခြင်း ၂၇

ဆင့်ပွားဆိုးကျိုးသက်ရောက်မှုများ ၂၈

အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုအတွက် အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းပေးရန် လက်တွေ့ကျသော အကြံပြုချက်များ ၃၀

**၃။ သစ်တောအသုံးပြုမှုနှင့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် အမျိုးသမီးများ လက်ရှိမည်သို့ ပါဝင်ဆောင်ရွက်နေသနည်း** ၃၂

သစ်တောအသုံးပြုမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများကြား ကွာခြားမှုများ ၃၃

ကျားမရေးရာနှင့် မြေယာအခွင့်အရေးများ ၃၅

သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများ ၃၇

ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ၃၉

ပြောရေးဆိုခွင့်နှင့် မိမိကိုယ်မိမိ ယုံကြည်မှု ၄၁

**၄။ အမျိုးသမီးဖြစ်မှု၊ အမျိုးသားဖြစ်မှုပေါ် အခြေခံ၍ ပေါ်ပေါက်နိုင်သော ထိခိုက်နိုင်ခြေအန္တရာယ်များ** ၄၂

ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ထိခိုက်နိုင်ခြေအန္တရာယ်များ ၄၃

အမျိုးသမီးဖြစ်နေမှုကြောင့် ကြုံတွေ့နိုင်သည့် ထိခိုက်နိုင်ခြေအန္တရာယ်များ – အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု ၄၆

အမျိုးသားဖြစ်နေမှုကြောင့် ကြုံတွေ့နိုင်သည့် ထိခိုက်နိုင်ခြေအန္တရာယ်များ – အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှု ၄၉

**၅။ နိဂုံးနှင့် အကြံပြုချက်များ** ၅၁

လက်ငင်းဆောင်ရွက်ရန် အကြံပြုချက်များ (တစ်နှစ်အတွင်း) ၅၂

ရေရှည်အတွက် အကြံပြုချက်များ ၅၂

# အတိုကောက်ဝေါဟာရစကားလုံးများ

| | |
|---|---|
| **CEDAW** | Convention for the Elimination of All Forms of Discrimination Against Women<br>အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေး ကုလသမဂ္ဂ သဘောတူစာချုပ် |
| **CSO** | civil society organisation<br>အရပ်ဘက်လူမှုအဖွဲ့အစည်း |
| **DKBA** | Democratic Karen Benevolent Army<br>ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် |
| **EAO** | ethnic armed organisation<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| **GFD** | Government Forest Department<br>အစိုးရသစ်တောဦးစီးဌာန |
| **KESAN** | Karen Environmental and Social Action Network<br>ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ယက် |
| **KFG** | Kawthoolei Forest Department (of the Karen National Union)<br>KNU ၏ ကော်သူးလေးဗဟိုသစ်တောဌာန |
| **KNU/KNLA** | Karen National Union/Karen National Liberation Army<br>ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| **KWO** | Karen Women's Organisation<br>ကရင်အမျိုးသမီးအစည်းအရုံး |
| **NCA** | Nationwide Ceasefire Agreement<br>တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် |
| **NSA** | non-state armed actors<br>အစိုးရမဟုတ်သော လက်နက်ကိုင် လုပ်ဆောင်သူများ |
| **NSPAW** | National Strategic Plan for the Advancement of Women<br>အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း |
| **SGBV** | sexual and gender-based violence<br>လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှု |
| **VT/WA** | Village tract/ward administrators<br>ရပ်ကွက်အုပ်စု/ကျေးရွာအုပ်ချုပ်ရေးမှူးများ |

# အစီရင်ခံစာအနှစ်ချုပ်

သစ်တောများသည် မြန်မာနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် ကရင်လူမျိုးများကဲ့သို့ တိုင်းရင်းသား လူနည်း စုများအတွက် အထူးအရေးပါသော အရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ ပဋိပက္ခဒေသများရှိ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုများကို လျှစ်လျူရှုထားခြင်းသည် ပဋိပက္ခဖြစ်နိုင်ခြေ အန္တရာယ်များကို တိုးပွားစေပြီး လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

ဒေသန္တရအုပ်ချုပ်ရေးအဆင့်သည် ပဋိပက္ခကြောင့် တစ်ကွဲတစ်ပြားစီဖြစ်နေသည့် အောက်ခြေအဆင့်နှင့် ကျေးရွာအုပ်စုအဆင့်များတွင် ယုံကြည်မှုတည်ဆောက်၍ ဦးစားပေးကိစ္စများ အတူတကွ ရွေးချယ်သတ်မှတ် ဆောင်ရွက်ရန် အခွင့်အလမ်းများရှိနေသည့် နယ်ပယ်တစ်ခုအဖြစ် International Alert နှင့် Kaw Lah Foundation တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော သုတေသနတစ်ခုတွင် ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။[1] မြန်မာနိုင်ငံ ရှိ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ရှေ့မဆက်နိုင်ဘဲ တန့်နေချိန်တွင် ဒေသန္တရအဆင့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးနိုင်စွမ်း ရှိသော ဝင်ပေါက်တစ်ခုအဖြစ် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုကို အသုံးပြုနိုင်ပါသည်။ အနာဂတ်တွင် ပေါ်ထွန်းလာမည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးတွင် အသိအမှတ်ပြုခံရမည့် တိုင်းရင်းသားလူနည်းစုများ၏ ရပိုင်ခွင့်များ၊ ကျင့်သုံးမှုအလေ့အထများနှင့် အုပ်ချုပ်ရေးတာဝန်များကို သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် ဝင်ပေါက်တစ်ခုအနေဖြင့် အသိအမှတ်ပြု ပေးနိုင်ပါသည်။

ဤအစီရင်ခံစာသည် ယခင်ကပြုလုပ်ထားသောသုတေသနအပေါ်တွင် အခြေခံ၍ ငြိမ်းချမ်းရေးတည်ဆောက်မှု အခွင့်အလမ်းများတွင် ကျားမရေးရာ၏ အဓိကကျသော အခန်းကဏ္ဍကို စူးစမ်းလေ့လာထားပါသည်။ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုအတွင်းရှိ ကျားမရေးရာနှင့် အခွင့်အာဏာ အပြန်အလှန်ဆက်နွယ်ချိတ်ဆက်နေမှုတို့ကို လေ့လာဆန်းစစ်ထားပြီး အမျိုးသမီးများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍကို မီးမောင်းထိုးပြထားပါသည်။ သစ်တောအသုံးပြုမှု၊ သစ်တောစီမံ ခန့်ခွဲမှု နှင့် အုပ်ချုပ်မှုတို့တွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို ကျားမရေးရာစံများနှင့် ကိုယ်စားပြုမှုများက ပုံဖော်ပေးပါသည်။ ကျားမရေးရာသည် အမျိုးသားများနှင့် အမျိုးသမီးများ အပေါ် လူမှုအဖွဲ့အစည်းမှ သတ်မှတ်ထားရှိသော မျှော်လင့်ချက်များကို ကွဲပြားခြားနားစေပါသည်။ ပဋိပက္ခသည် အကြမ်းဖက်ပဋိပက္ခအသွင်သို့ မည်သို့မည်ပုံ ကူးပြောင်းသွားသည်၊ မည်သည့် အကြောင်းကြောင့် ကူးပြောင်းသွားသည်၊ အကြမ်းဖက်မှုကို မည်သို့ ကျူးလွန်ကြသည် ဆိုသည့် အပေါ်တွင် ကျားမရေးရာသည် ဩဇာသက်ရောက်မှု ရှိပါသည်။ အမျိုးသမီးများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း မရှိသော စီမံချက်များသည် စီမံချက်၏ ထိရောက်မှုအပေါ် သက်ရောက်မှုရှိမည့် အမြင်များနှင့် အတွေ့အကြုံများကို လျှစ်လျူရှုမိနိုင်ပါသည်။ သို့သော် အစည်းအဝေးများနှင့် သင်တန်း များတွင် ပါဝင်တက်ရောက်နေသည့် အမျိုးသမီးများ၏ အရေအတွက်ကိုသာ ကြည့်၍ ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို တိုင်းတာမည်ဆိုပါက လုံလောက်မည်မဟုတ်ပါ။

အမျိုးသမီးများအနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးမှစ၍ လုံခြုံရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအထိ ၎င်းတို့၏ ဘဝအပေါ်သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ခွင့်သည် ၎င်းတို့၏ အခွင့်အရေး ဖြစ်ပါသည်။[2] အမျိုးသမီးများသည် အဆင့်များအားလုံးရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသမီးများ၏ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုသည်

1 S. Gray, Forestry management and peacebuilding in Karen areas of Myanmar (မြန်မာနိုင်ငံ ကရင်ဒေသများတွင် သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း), International Alert: London, 2019

2 ဤအခွင့်အရေးကို နိုင်ငံတကာ သဘောတူညီချက်နှင့် ကွန်ဗင်းရှင်းအမျိုးမျိုးတွင် အာမခံထားပါသည်။ အထူးသဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကုလသမဂ္ဂသဘောတူစာချုပ် (၁၉၇၉ ဒီဇင်ဘာ ၁၈)၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ (၂၀၀၀ အောက်တိုဘာ ၃၁)တို့တွင် ဖြစ်သည်။ United Nations Environment Programme, United Nations Entity for Gender Equality and the Empowerment of Women, Women and Natural Resources, Unlocking the Peacebuilding Potential (ငြိမ်းချမ်းရေး တည်ဆောက်မှု အလား အလာကို ဖွင့်ထုတ်ပေးခြင်း), New York: United Nations Environment Programme, United Nations Entity for Gender Equality and the Empowerment of Women, Women and Natural Resources, 2013 ကို ကြည့်ပါ။ ဤစာအုပ်တွင် အထက်ပါ စာရွက်စာတမ်းများကို ရည်ညွှန်း၍ အမျိုးသမီးများ၏ ဘဝအပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့် အချက်များကို ဖော်ပြထားပါသည်။

ငြိမ်းချမ်းရေး သဘောတူညီချက်များကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခြေ ပို၍များပြားစေကြောင်း သက်သေအထောက်အထားများက ပြသနေပါသည်။ အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝထိရောက်စွာ ပါဝင်ဆောင်ရွက်မှုသည် ငြိမ်းချမ်းရေး သဘောတူညီချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် အလားအလာကိုလည်း တိုးပွားစေ ပါသည်။[3] အပြန်အလှန်အားဖြင့် အမျိုးသမီးများနှင့် ၎င်းတို့အလေးထားသည့် အရေးကိစ္စများကို ဘေးဖယ်ထားခြင်းသည် ပဋိပက္ခဖြစ်ပွားနိုင်ခြေ အန္တရာယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ကို ဘေးဖယ်ထားပြီး ချုပ်ဆိုသည့် သဘောတူညီမှုများသည် ပဋိပက္ခရှိနေသော ကိစ္စရပ်များအားလုံးကို လွှမ်းခြုံနိုင်ခြေနည်းပါးသဖြင့် အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားနိုင်ခြေ ပိုများပါသည်။ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် ကျားမရေးရာဆန်းစစ်မှုကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို အားပေးသော၊ အားလုံးပါဝင်နိုင်သည့် ကျားမရေးရာ တန်းတူညီမျှမှုကို အားပေးသော နည်းလမ်းတစ်ခု ချမှတ်ကျင့်သုံးနိုင်ရေးအတွက် တမူထူးခြားသည့် အခွင့်အလမ်းတစ်ခုကို ရရှိစေမည်ဖြစ်သည်။ ဤသတင်းစကားများသည် အမျိုးသမီးအကျိုးသက်ဆိုင်သူများထံ ရောက်ရှိသလောက် အမျိုးသားအကျိုးသက်ဆိုင်သူများနှင့် အဟန့်အတားပြုလုပ်နိုင်သူများထံသို့လည်း ရောက်ရှိရန် အလွန်အရေးကြီးပါသည်။ သို့မဟုတ်ပါက ရေရှည်တည်တံ့သည့် လူမှုရေးအသွင်ကူးပြောင်းမှုကို ရရှိနိုင်မည် မဟုတ်ပါ။

မြန်မာနိုင်ငံသည် ပြည်တွင်းပဋိပက္ခဒဏ်ကို ဆယ်စုနှစ်နှင့်ချီ၍ ခံစားခဲ့ရသည့်အပြင် စစ်အုပ်ချုပ် ရေးစနစ်အောက်တွင် ကာလရှည်ကြာ တစ်သီးတစ်ခြားနေခဲ့ရပြီးမှ ၂၀၀၈ ခုနှစ်တွင် စစ်အစိုးရက တဖြည်းဖြည်းချင်း တံခါးဖွင့်ကာ ဒီမိုကရေစီစနစ်သို့ တစ်စိတ်တစ်ပိုင်း ကူးပြောင်းခွင့်ပေးခဲ့ခြင်း ဖြစ်သည်။ သို့သော် ဤကူးပြောင်းမှုကို အပြည့်အဝဖော်ဆောင်နိုင်ခြင်း မရှိသေးဘဲ နိုင်ငံ၏ နေရာဒေသအမျိုးမျိုးတွင် အရှိန်အဟုန်အမျိုးမျိုးဖြင့် ပဋိပက္ခများ ဖြစ်ပွားနေဆဲဖြစ်ပါသည်။ ဤသုတေသနတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကရင်ဒေသများကို အဓိကထား လေ့လာခဲ့ပါသည်။ ဆယ်စုနှစ်နှင့်ချီသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နေရာအနှံ့ဖြစ်ပေါ်ခဲ့သည့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အစီရင်ခံတင်ပြမှုများ[4] ရှိခဲ့ပြီးသည့်နောက် ၂၀၁၂ ခုနှစ်အရောက်တွင် အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNU/KNLA) ကြား အပစ်အခတ်ရပ်စဲခဲ့သည့် အချိန်မှစ၍ ကရင်ပြည်နယ်သည် တဖြည်းဖြည်းချင်း တည်ငြိမ်မှု ရရှိလာပါသည်။

## အစီရင်ခံစာ၏ ဖွဲ့စည်းပုံ

ဤအစီရင်ခံစာကို အပိုင်းငါးပိုင်းဖြင့် ဖွဲ့စည်းထားပါသည်။ နိဒါန်းအပိုင်းတွင် နောက်ခံအခြေအနေများနှင့် သုတေသနတွင် အသုံးပြုသည့် နည်းစနစ်များကို ရှင်းလင်းတင်ပြထားပါသည်။ နောက်အပိုင်းနှစ်ပိုင်းတွင် သုတေသနတွေ့ရှိချက်များကို ဆွေးနွေးထားပြီး သစ်တောအသုံးချမှုနှင့် သစ်တောစီမံအုပ်ချုပ်မှုတို့တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နေမှုအခြေအနေကို ဆန်းစစ်လေ့လာထားပြီး အမျိုးသမီးများပါဝင်ဆောင်ရွက်ရာတွင် လက်ရှိကြုံတွေ့နေရသည့် အဟန့်အတားများကို တင်ပြထားပါသည်။ သုတေသနမှ တွေ့ရှိသည့် အသေးစိတ်အချက်များပေါ်တွင် မူတည်၍ စတုတ္ထအပိုင်းတွင် အမျိုးသမီး/အမျိုးသားဖြစ်နေမှုပေါ်တွင် အခြေခံ၍ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် ထိခိုက်နိုင်ခြေအန္တရာယ်များ၊ အမျိုးသမီး၊ အမျိုးသားများနှင့် ဆက်စပ်သော သစ်တောအသုံးချမှုနှင့် သစ်တောစီမံအုပ်ချုပ်မှုတို့နှင့် စပ်လျဉ်းသည့် ထိခိုက်နိုင်ခြေအန္တရာယ်များကို ဆန်းစစ်တင်ပြထားပါသည်။ အစီရင်ခံစာ၏ နိဂုံးဖြစ်သော ပဉ္စမအပိုင်းတွင် အဓိကကျသည့် အကျိုးသက်ဆိုင်သူများအတွက် အကြံပြုချက်များ တင်ပြထားပါသည်။

3 ဤအချက်သည် ၁၉၈၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကြား လက်နက်ကိုင်ပဋိပက္ခ ၄၂ ခုတွင် ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေး သဘောတူညီမှု ၈၂ ခုကို စာရင်းအင်းပညာအရ စိစစ်လေ့လာခဲ့မှုပေါ်တွင် တွေ့ရှိရသည့်အချက် ဖြစ်ပါသည်။ J. Krause et al, Women’s participation in peace negotiations and the durability of peace (ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေးတာရှည်ခံမှု), International Interactions, 44(6), 2018, pp.985–1016 ကို ကြည့်ပါ။

4 Karen Human Rights Group, Foundation of fear: 25 years of villagers’ voices from southeast Myanmar (ကြောက်ရွံ့မှု၏ အခြေခံ – ၂၅ နှစ်ကာလ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ ရွာသူရွာသားများ၏ အသံများ), Karen Human Rights Group, 2017. အချက်အလက်များ ထပ်မံရရှိလိုပါက Karen Women’s Organisation, State of terror: The ongoing rape, murder, torture and forced labour suffered by women living under the Burmese Military Regime in Karen State (ထိတ်လန့်ကြောက်ရွံ့မှုများနှင့်နိုင်ငံ – ဗမာစစ်အစိုးရအုပ်ချုပ်ရေးအောက် ကရင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အမျိုးသမီးများ ခံစားနေရသော အဓမ္မပြုကျင့်မှု၊ လူသတ်မှု၊ နှိပ်စက်ညှင်းပန်းမှုနှင့် အဓမ္မအလုပ်ခိုင်းစေမှု), Mae Sot, Thailand: Karen Women’s Organisation, 2007
https://karenwomen.files.wordpress.com/2011/11/state20of20terror20report.pdf ကိုလည်း လေ့လာပါရန်။

# အဓိကတွေ့ရှိချက်များ

## အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုအတွက် အဟန့်အတားများ

သစ်တောအသုံးချမှုနှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုအတွက် အဟန့်အတားများစွာရှိနေပါသည်။ ထိုအဟန့်အတားများတွင် ပဋိပက္ခသမိုင်းကြောင်းနှင့် အမွေဆိုးများ၊ လက်တွေ့ဘဝတွင် ကြုံတွေ့ရသည့် အဟန့်အတားများ၊ လူမှုအဖွဲ့အစည်းမှ သတ်မှတ်ထားသော ကျားမရေးရာစံများ၊ အမျိုးသမီးများ ထမ်းရွက်ကြရသည့် နှစ်ဆ၊ သုံးဆ များပြားသော ဝန်ထုပ်ဝန်ပိုးများ၊ ရေရှည်တွင် ဆင့်ပွားသက်ရောက်နိုင်သည့် ဆိုးကျိုးများပါဝင်ပါသည်။ အခြားနေရာဒေသအများအပြားမှာကဲ့သို့ပင် ကရင်ပြည်နယ်တွင်လည်း လူမှုရေးနှင့် ယဉ်ကျေးမှုစံများက သစ်တောစီမံအုပ်ချုပ်မှုအတွင်း အမျိုးသမီးများ ခေါင်းဆောင်မှု အခန်းကဏ္ဍတွင်ပါဝင်နိုင်ခြင်း မရှိအောင် ဟန့်တားထားပြီး ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုခံရခြင်း နည်းပါးအောင်လည်း ကန့်သတ်ထားပါသည်။ ဤအခြေအနေကို ဆယ်စုနှစ်နှင့်ချီသည့် ပဋိပက္ခနှင့်ဆက်နွယ်သော အကြမ်းဖက်မှုများနှင့် လုံခြုံမှုကင်းမဲ့ခြင်းများက ပို၍ဆိုးရွားစေခဲ့ပြီး ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်အတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။ တစ်ဖက်တွင် လုံခြုံမှုမရှိခြင်းကြောင့် အမျိုးသမီးများ၏ တစ်နေရာမှ တစ်နေရာ သွားလာနိုင်မှုနှင့် သစ်တောများကို လက်လှမ်းမီနိုင်မှုတို့အပေါ် ကန့်သတ်ချက်များ တိုးပွားစေခဲ့ပြီး အခြားတစ်ဖက်တွင်မူ လက်နက်ကိုင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် နှစ်ကာလများအတွင်း အမျိုးသမီးများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအဖြစ် တာဝန်ယူဆောင်ရွက်မှုများ တိုးပွားလာပါသည်။ အကြောင်းမှာ ၎င်းတို့သည် တပ်မတော်အပါအဝင် လက်နက်ကိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းနိုင်စွမ်းပိုရှိပြီး ရိုက်နှက်ခံရနိုင်ခြေပိုနည်းသည်ဟု ယူဆမှုများကြောင့် ဖြစ်ပါသည်။ သို့သော် အပစ်အခတ်ရပ်စဲပြီးသည့် နောက်တွင် ထိုခေါင်းဆောင်မှုအခန်းကဏ္ဍများကို အမျိုးသားများက ပြန်လည်တောင်းဆိုရယူလာကြပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဟူသည် လက်နက်ကိုင်ပဋိပက္ခမရှိရုံ သက်သက်မျှသာမဟုတ်ဘဲ စနစ်များ၊ ဖွဲ့စည်းပုံများအတွင်း ကျားမခွဲခြားဆက်ဆံခြင်းမရှိသည့်၊ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်သည့် ငြိမ်းချမ်းရေးမျိုး (positive peace) ရရှိရန် ရည်မှန်းပါသည်။ လက်ရှိ ချန်လှပ်ထားသောစနစ်သည် ဆုံးဖြတ်ချက်ချမှတ်မှုများအတွင်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်ပိုင်ခွင့်ကို တားဆီး ပိတ်ပင်ထားပါသည်။

## သစ်တောအသုံးပြုမှုနှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် အမျိုးသမီးများ၏ လက်ရှိ ပါဝင်ဆောင်ရွက်မှု

အမျိုးသမီးများသည် သစ်တောအသုံးချမှုနှင့် စီမံအုပ်ချုပ် လုပ်ကိုင်မှုအတွင်း မည်သို့ မည်ပုံ ပါဝင်ဆောင်ရွက်နေခြင်းနှင့်စပ်လျဉ်း၍ ခေါင်းဆောင်မှုအပိုင်းရှိ ကျားမ ကွဲပြားခြားနားမှုများအား အဓိကထား၍ လေ့လာခဲ့ရာ အောက်ပါတို့ကို တွေ့ရှိခဲ့ပါသည်။ သစ်တောသယံဇာတများကို အမျိုးသမီးများရော အမျိုးသားများပါ မကြာခဏအသုံးပြုကြသော်လည်း အမျိုးသားဖြစ်မှု၊ အမျိုးသမီးဖြစ်မှုပေါ်တွင် မူတည်၍ အသုံးပြုသည့် နည်းလမ်းများ ကွာခြားပြီး သစ်သီးခူးခြင်းနှင့် ထင်းကောက်ခြင်းကဲ့သို့သော အလုပ်များတွင် ဆင်တူမှုအချို့ ရှိပါသည်။ သို့သော် လူမှုအဖွဲ့အစည်းမှ လက်ခံနိုင်ဖွယ်ရှိသည့် အမျိုးသားများ၏ လုပ်ငန်းဆောင်တာများ (သစ်တောစီမံအုပ်ချုပ်မှုအတွင်း ဆုံးဖြတ်ချက်ချမှတ်မှု အခန်းကဏ္ဍများတွင် ပါဝင်ခြင်း၊ သစ်တောဌာနတွင် သစ်တောဆိုင်ရာ တာဝန်များ ထမ်းဆောင်ခြင်း၊ သစ်ပင်တက်ခြင်း၊ သစ်ခုတ်ခြင်း) နှင့် လူမှုအဖွဲ့အစည်းမှ လက်ခံနိုင်ဖွယ်ရှိသည့် အမျိုးသမီးများ၏ လုပ်ငန်းဆောင်တာများ (ပိုမိုပေါ့ပါးသည့် အလုပ်များဖြစ်သော သစ်သီးခူးခြင်း၊ သစ်ကိုင်းခုတ်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ သစ်တောများနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်များ တက်ရောက်ခြင်း) ကြားတွင်မူ သိသာထင်ရှားသည့် ကွဲပြားခြားနားမှုများ ရှိပါသည်။

## အမျိုးသမီး/အမျိုးသားဖြစ်မှုပေါ် အခြေခံသော ထိခိုက်နိုင်ခြေအန္တရာယ်များ

သုတေသနမှ အဓိကတွေ့ရှိချက်များပေါ်တွင် အခြေခံ၍ ပဋိပက္ခဒေသများရှိ သစ်တောလုပ်ငန်း အစီအစဉ်များအတွင်း အမျိုးသားဖြစ်မှု၊ အမျိုးသမီးဖြစ်မှုပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်လာသော ထိခိုက်နိုင်ခြေ အန္တရာယ်များကို ဆန်းစစ်ခဲ့ရာ စိုးရိမ်ပူပန်စရာ အဓိကနယ်ပယ်သုံးရပ်ကို တွေ့ရှိခဲ့ပါသည်။

ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ထိခိုက်နိုင်ခြေအန္တရာယ်များ – ပဋိပက္ခဒါဏ် ခံစားနေရသော ကရင်နယ်မြေတွင် ဆောင်ရွက်သည့် မည်သည့် စီမံချက်မဆိုသည် ပဋိပက္ခများ ဖြစ်ပေါ်ပြောင်းလဲနေမှုအခြေအနေနှင့် ကျားမရေးရာ အခြေအနေများအပေါ် တမင်ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး သက်ရောက်မှုများ ရှိနိုင်ပါသည်။ ထို့ကြောင့် ပဋိပက္ခကို သတိပြုနားလည်မှုရှိသော၊ ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုသော နည်းလမ်းဖြင့် စီမံချက်များ၊ စီမံကိန်းများကို ဆောင်ရွက်သင့်ပါသည်။ လက်ရှိငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွင် ညှိနှိုင်းလျက်ရှိသော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုနှင့်စပ်လျဉ်းသည့် ဆွေးနွေးမှုများတွင် စနစ်အတွင်း အကြမ်းဖက်မှု အမြစ်တွယ်နေသော ငြိမ်းချမ်းရေးမျိုး (negative peace) ကိုသာ ရရှိနိုင်မည့် အန္တရာယ်ကို ရှောင်ရှားရန်အတွက် ကျားမတန်းတူညီမျှမှုရှိသော ငြိမ်းချမ်းရေးမျိုး (positive peace) ကို မျှော်မှန်း၍ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သင့်ပါသည်။ သစ်တောသယံဇာတများကို ဘေးကင်းလုံခြုံစွာ လက်လှမ်းမီအသုံးပြုနိုင်ရေးကဲ့သို့ အမျိုးသမီးများ အလေးထားသည့်ကိစ္စရပ်များကို ဘေးဖယ်ထားခြင်းသည် ပဋိပက္ခကို ဖြစ်စေနိုင်သောအန္တရာယ်များ ရှိပါသည်။ အကျိုးသက်ဆိုင်သူများကို ဘေးဖယ်ထားသော လုပ်ငန်းစဉ်များသည် ပဋိပက္ခရှိနေသည့် ကိစ္စရပ်များအားလုံးကို လွှမ်းခြုံနိုင်မှု နည်းပါးခြင်းကြောင့် အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားနိုင်ခြေ ပိုများပါသည်။ မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ပါက လက်ရှိဖြစ်ပေါ်နေသည့် မတိုးသာမဆုတ်သာဖြစ်နေမှုများကို ပိုမိုအောင်မြင်စွာ ကျော်လွှားနိုင်မည် ဖြစ်သည်။ အကြောင်းမှာ အမျိုးသားများနှင့် ကွဲပြားစွာ အမျိုးသမီးများသည် လူမှုရေးပုံသွင်းချက်များအရ အဖြေရှာခြင်းကို ဇောင်းပေးသော ဆွေးနွေးညှိနှိုင်းမှုနည်းလမ်းများနှင့် ပို၍ ရင်းနှီးကျွမ်းဝင်ကြသောကြောင့် ဖြစ်သည်။

အမျိုးသမီးဖြစ်နေခြင်းကြောင့်၊ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကြောင့် ကြုံတွေ့ရနိုင်သည့် ထိခိုက်နိုင်ခြေအန္တရာယ်များ – သစ်တောလုပ်ငန်းနှင့် သဘာဝအရင်းအမြစ်စီမံအုပ်ချုပ်မှု လုပ်ငန်းများ နှင့် သင်တန်းများတွင် ပါဝင်တက်ရောက်လုပ်ကိုင်ကြသော အမျိုးသမီးများသည် လုံခြုံရေးဆိုင်ရာ အန္တရာယ်များနှင့် ၎င်းတို့၏ မိသားစုများနှင့် ရပ်ရွာများအတွင်း ဆန့်ကျင်တိုက် ခိုက်ခံရနိုင်သည့် အန္တရာယ်များကို ရင်ဆိုင်ရပါသည်။ ခရီးသွားလာစဉ် သို့မဟုတ် ရပ်ရေးရွာရေး နှင့် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်စဉ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုခံရနိုင်သည့် အန္တရာယ်လည်း ရှိပါသည်။ ထို့အပြင် ၎င်းတို့၏ ကျားမရေးရာအခန်းကဏ္ဍ သတ်မှတ်ချက်များအရ ထမ်းရွက်ထားရသည့် အိမ်တွင်းမှုနှင့် အသက်မွေးဝမ်းကျောင်းမှု တာဝန်များအပြင် အခြားလုပ်ငန်းတာဝန်များကိုပါ ထမ်းရွက်ရခြင်းကြောင့် အလုပ်ဝန်ပိနိုင်သည့် အန္တရာယ်လည်း ရှိပါသည်။

အမျိုးသားဖြစ်နေခြင်းကြောင့်၊ အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှုကြောင့် ကြုံတွေ့ရနိုင်သည့် ထိခိုက်နိုင်ခြေအန္တရာယ်များ – သစ်တောအုပ်ချုပ်ရေးတွင် အမျိုးသမီးများ ဆုံးဖြတ်ချက်ချမှတ် သည့် အခန်းကဏ္ဍများမှ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းဆွေးနွေး အကြံပြုပေး ကြသောအမျိုးသားများကို လူမှုအသိုင်းအဝိုင်းများက ဆန့်ကျင်တိုက်ခိုက်ခြင်း ခံရနိုင်ခြေအန္တရာယ် ရှိပါသည်။ ဥပမာ သစ်တောရေးရာ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသားများ ကြီးစိုးနေခြင်းကြောင့် လည်းကောင်း၊ ယောကျ်ားပီသရန် မျှော်လင့်ချက် ထားရှိမှုများ၊ ကျားမရေးရာ အခန်းကဏ္ဍ သတ်မှတ်ချက်များနှင့် ဆက်နွှယ်၍ထားရှိသော မျှော်လင့်ချက်များကြောင့် လည်းကောင်း အသိပညာပေးအစီအစဉ်များတွင် အမျိုးသားများ ပါဝင်မှုမရှိသောကြောင့် ကျားမရေးရာနှင့်ဆက်နွှယ်သော ထိခိုက်နိုင်ခြေအန္တရာယ်များလည်း ရှိပါသည်။

ကျားမရေးရာကိစ္စများကို သတိပြုနားလည်မှုမရှိသော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းကြောင့် အားလုံးပါဝင်နိုင်ခြင်း မရှိပါက ငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ဒေသန္တရအဆင့် ငြိမ်းချမ်းရေးတို့၏ အရည် အသွေးကို ထိခိုက်နိုင်ပြီး ပဋိပက္ခများကို ပိုမိုဆိုးရွားစေနိုင်ပါသည်။ ပိုနေမြဲကျားနေမြဲအခြေအနေအတိုင်း ဆက်ရှိနေ မည်ဆိုပါက အမျိုးသမီးများ၏ ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်သောကြောင့် ပဋိပက္ခကိုပိုမိုဆိုးရွားစေနိုင်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကျားမရေးရာနှင့် အခြားသော ကိုယ်ပိုင်လက္ခဏာများပေါ် မူတည်၍ ခွဲခြားဆက်ဆံခြင်း မရှိသော ကျားမ တန်းတူညီမျှ မှုကို အားပေးသည့် ငြိမ်းချမ်းရေး (positive peace) ကို တည်ဆောက်နိုင်ရန် ရည်မှန်း ဆောင်ရွက်သင့်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းလုပ်ဆောင်မှုများတွင် ကျားမတန်းတူညီမျှရေးကို အားပေးသော လူမှုရေးစံများ၊ တန်ဖိုးများ၊ စိတ်သဘောထားခံယူချက်များကို ပြောင်းလဲနိုင်ရန် ကြိုးပမ်းမှုများ ပါဝင် သင့်ပြီး ကျားမရေးရာ ဆန်းစစ်လေ့လာချက်မှ ရရှိသော အချက်အလက်များပေါ်တွင် အခြေခံသင့်ပါသည်။ နောက်ဆုံး အနေဖြင့် အားလုံးပါဝင်နိုင်သော လုပ်ငန်းစဉ်များသည် အောင်မြင်မှုရရှိနိုင်ခြေ ပိုမိုများပြားခြင်းကြောင့် အကျိုး သက်ဆိုင်သူ အချို့ကို ဖယ်ချန်ထားသော လုပ်ငန်းစဉ်များကြောင့် စီမံချက်၏ ထိရောက်မှုနှင့် လိုလားသော ရလဒ်များ ရရှိနိုင်မှုကို လျော့ပါးထိခိုက်စေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## အကြံပြုချက်များ

### လက်ငင်းဆောင်ရွက်ရန် အကြံပြုချက်များ

အစိုးရ၊ အစိုးရမဟုတ်သော လက်နက်ကိုင်များ (NSA) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည် –

- **ကိုယ်စားပြုမှု၊ ထိရောက်မှုပိုရှိသည့် (ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး) လုပ်ငန်း စဉ်များကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ အမျိုးမျိုးသော လုပ်ဆောင်သူများကြား ပဋိပက္ခဖြစ်ပွားမှုများ လျှော့ချနိုင်ရန်လည်းကောင်းစနစ်အတွင်း အကြမ်းဖက်မှုများ အမြစ်တွယ်နေခြင်းမရှိသည့် ငြိမ်းချမ်းရေး (positive peace) ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ကျားမတန်းတူညီမျှမှု၏ အရေးပါပုံနှင့် သစ်တောစီမံအုပ်ချုပ်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းစဉ်များအတွင်း** အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင် ဆောင်ရွက်နိုင်ခြင်း၏ အရေးပါပုံတို့ကို နားလည်သိရှိမှုများ မြင့်မားလာအောင် အသိပညာဖြန့်ဝေပေးသင့် ပါသည်။ ဤသတင်းအချက်အလက်များကို အောက်ပါတို့ထံ မျှဝေပေးရပါမည် –
  - ရပ်ရွာအဆင့်ရှိ အသက်အရွယ်စုံ အမျိုးသားများနှင့် အမျိုးသမီးများ၊
  - အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများ၊
  - သစ်တောဌာန ဝန်ထမ်းများနှင့် ခေါင်းဆောင်များ၊
  - ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (လက်ရှိတာဝန်ထမ်းဆောင်နေသူများ နှင့် သြဇာအာဏာ ရှိနေဆဲဖြစ်သည့် ယခင်အုပ်ချုပ်ရေးမှူးများ)၊

- **အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်မှုရောထွေးနေသော ဒေသများတွင် ဤသတင်းအချက် အလက်များကို လူမှုအသိုင်းအဝိုင်းများအားလုံးထံ ရောက်ရှိစေရန် ရည်ရွယ်ကြိုးပမ်းလျက် တစ်ဦးနှင့် တစ်ဦး အပြန်အလှန်မျှဝေဖလှယ်၍ ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့်** ပဋိပက္ခကြောင့် တစ်ကွဲတစ်ပြားစီ ဖြစ်နေသူများကြား တူညီသည့် အရေးကိစ္စများကို အတူတကွ ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားရင်း ငြိမ်းချမ်းရေးတည်ဆောက်မှုကို အထောက်အကူပြုနိုင်ကြမည်ဖြစ်သည်။ **ဤသို့ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ တွင် အမျိုးသမီးများသည်လည်း ၎င်းတို့၏ အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်နိုင်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ပါသည်။**

## ရေရှည်အတွက် အကြံပြုချက်များ

အသိပညာမြှင့်တင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသူများ (အရပ်ဘက်လူမှုအဖွဲ့အစည်းများ [CSOs]၊ အစိုးရ၏ သစ်တောဦးစီးဌာနနှင့် KNU ၏ ကော်သူးလေ ဗဟိုသစ်တောဌာန) သည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည် –

- **အောက်ပါတို့အတွက် မိမိတို့၏ အဖွဲ့အစည်းတွင်းရှိ စွမ်းဆောင်ရည်များကို မြှင့်တင်သင့်သည် –**
  - သစ်တောဌာနများတွင် အမျိုးသမီးဝန်ထမ်းများကို ခေါ်ယူခန့်ထားမှုနှင့် ရာထူး တိုးမြှင့်ပေးမှုများ တိုးတက် ပြုလုပ်လာစေမည့် ကျားမရေးရာမူဝါဒနှင့် လက်တွေ့ကျ သော လမ်းညွှန်ချက်များ ချမှတ်ပြဋ္ဌာန်းခြင်း၊
  - ဝန်ထမ်းများကို ကျားမရေးရာနှင့် ပဋိပက္ခကို သတိပြုနားလည်မှုအကြောင်း လေ့ကျင့်သင်တန်းပေးခြင်းနှင့် သင်တန်းပေးထားသော ဝန်ထမ်းများကို အနီးကပ် ညွှန်ကြားပြသမှုများပေးခြင်း၊ အထူးသဖြင့် အသက် အရွယ်ပိုကြီးသော၊ ရာထူး အဆင့်ပိုမြင့်သော အမျိုးသားခေါင်းဆောင်များကို စွမ်းရည်မြှင့်တင်ပေးခြင်း၊
  - မြို့နယ်အဆင့်မှအစပြု၍ ပြည်ထောင်စုအဆင့်အထိနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သစ်တောနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများအတွင်း အမျိုးသမီးများ၏ အရေးကိစ္စများကို ထည့်သွင်းဆွေးနွေးနိုင်စေရန် အမျိုးသမီးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအားကောင်းအောင် လုပ်ဆောင်ခြင်း၊

- **အထွေထွေဗဟုသုတ အသိအမြင်ဖွင့်သင်တန်းများ ကျင်းပပေးခြင်း** – သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းတို့ကို အားပေးရန်အလို့ငှာ ရပ်ရွာအဆင့်တွင် အမျိုးသမီး အများအပြားပါဝင်လျက်ရှိသည့် ကျယ်ပြန့်သော လူထုပရိတ်သတ်များအထိ ရောက်ရှိရန် ဘာသာရေးခေါင်းဆောင်များနှင့် မီဒီယာတို့မှတစ်ဆင့် အသိပညာများ ဖြန့်ဝေပေးသင့်သည်။

- **ဌာနေတိုင်းရင်းသားသို့မဟုတ်မိရိုးဖလာအလေ့အထများကိုအားပေးမြှင့်တင်ခြင်း**–ဤသို့အားပေးမြှင့်တင်ရာတွင် အားလုံးပါဝင်နိုင်မှုနှင့် ကျားမတန်းတူညီမျှမှုတို့ကို အလေးပေးရမည်ဖြစ်ပြီး အမျိုးသမီးများ၏ ဆုံးဖြတ်ချက် ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်ခွင့် အပါအဝင် ၎င်းတို့၏အခွင့်အရေးများနှင့် ကွဲလွဲဆန့်ကျင်မှုများ မဖြစ်စေဖို့ သတိပြုရပါမည်။

မြန်မာနိုင်ငံအစိုးရသည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည် –

- သဘာဝထိန်းသိမ်းနယ်မြေများနှင့် ဦးစားပေးကိစ္စများ သတ်မှတ်သောအခါတွင် **ဒေသခံ ပြည်သူများ၏ လက်လှမ်း မီအသုံးပြုနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို လေးစားစွာဖြင့် ကာကွယ်စောင့် ရှောက်ပေးနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများသည် အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊ နားထောင်ပေးခြင်းတို့ကို ပြုလုပ်စေသင့်ပါသည်။**

နိုင်ငံတကာအလှူရှင်များသည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည် –

- **ကျားမရေးရာအား လုပ်ငန်းတိုင်းတွင် ထည့်သွင်းရေး မူဝါဒများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက် ခြင်းများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများ နှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများကို စွမ်းရည်မြှင့်တင်ပေးနိုင်ရန် ကူညီပံ့ပိုးပေးသင့်သည်။** အထူးသဖြင့် အရင်းအမြစ်နှင့် စွမ်းဆောင်ရည် ကန့်သတ်ချက် များ ရှိနေသော အရွယ်အစားသေးငယ်သည့် အစိုးရမဟုတ်သော လက်နက်ကိုင်လုပ်ဆောင်သူများကို ကူညီပံ့ပိုး သင့်ပါသည်။

- **အလျှုရှင်များ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောသဘာဝအရင်းအမြစ်များနှင့်စပ်လျဉ်းသည့်နိုင်ငံရေးလုပ်ငန်းစဉ်များ** (လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသည့် မြေယာနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု၊ သဘာဝ အရင်းအမြစ်များအတွက် ကောင်းမွန်သည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများအပါအဝင်) တွင် **အနိမ့်ဆုံးအနေဖြင့် ပြည့်မီရမည့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအဆင့်များအတွက် တာဝန်ခံမှုများ ပိုမို အားကောင်းအောင် လုပ်ဆောင်သင့်ပြီး** ဤသည်ကို လက်တွေ့လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် အမျိုးသမီးအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ချိတ်ဆက်ဆောင် ရွက်မှုများကို အားပေးသင့်သည်။

# ၁။ နိဒါန်း

*"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ အဓိပ္ပါယ်ရှိရှိ ထိရောက်စွာ ပါဝင်ဆောင်ရွက်ကြသောအခါ အနည်းဆုံး ၂ နှစ်ကြာ တည်တံ့သည့် သဘောတူညီချက်တစ်ခု ရရှိနိုင်ခြေ ၂၀ ရာခိုင်နှုန်းတိုးလာပြီး အနည်းဆုံး ၁၅ နှစ်ကြာတည်တံ့သည့် သဘောတူညီချက်တစ်ခု ရရှိနိုင်ခြေ ၃၅ ရာခိုင်နှုန်း တိုးလာပါသည်။"*[5]

မြန်မာနိုင်ငံရှိ သစ်တောလုပ်ငန်းကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ကျားမရေးရာသည် အရေးပါပါသည်။ အထူးသဖြင့် ပဋိပက္ခဒါဏ် ခံရသော ဒေသများတွင် ပို၍ပင် အရေးပါပါ သည်။ အမျိုးသမီးများသည် လူဦးရေ၏ ၅၀% ကျော် ရှိနေပါသည်။ သို့သော် ကျားမတန်းတူညီမျှမှု ဟူသည် ကိန်းဂဏန်းအရေအတွက်များဖြင့်သာ တိုင်းတာရမည်မဟုတ်ပါ၊ ကျားမရေးရာဟူသည် အမျိုးသားများနှင့် အမျိုးသမီးများကြားရှိ ဇီဝဗေဒ ကွာခြားချက်များကို ရည်ညွှန်းခြင်း မဟုတ်ဘဲ အမျိုးသား/အမျိုးသမီးဖြစ်နေမှုနှင့် ဆက်နွယ်၍ လူမှုအသိုင်းအဝိုင်း၏ မျှော်လင့်ချက်များ ကွဲပြားခြားနားမှုကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ ပဋိပက္ခသည် အကြမ်းဖက်မှုသို့ မည်သို့၊ မည်သည့်အတွက်အကြောင့် ကူးပြောင်းသွားသည်၊ အကြမ်းဖက်မှုကို မည်သို့မည်ပုံ ကျူးလွန်ကြသည် ဟူသော အချက်များအပေါ် ကျားမရေးရာသည် သြဇာသက်ရောက်မှု ရှိပါသည်။ ငြိမ်းချမ်းရေး အတွက်ဖြစ်စေ၊ ဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်ဖြစ်စေ ဆောင်ရွက်ကြရာတွင် အဆိုပါအခွင့်အာဏာ အပြန်အလှန်ဆက်နွယ် ချိတ်ဆက်နေမှုများကို နားလည်သိရှိပြီး ထည့်သွင်းစဉ်းစားသည့် စီမံချက်များသည် ပို၍ကောင်းမွန်သော၊ ရေရှည်တည်တံ့မှုရှိသော ရလဒ်များကို ဆောင်ကြဉ်းပေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျားမတန်းတူညီမျှရေးအတွက် အမျိုးသမီးများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းပေးထားသော အဓိက မူဘောင်မှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၁၃–၂၀၂၂) ဖြစ်ပါသည်။ NSPAW သည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကုလသမဂ္ဂသဘောတူစာချုပ် (CEDAW၊ မြန်မာနိုင်ငံမှ ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့) နှင့် ကမ္ဘာနှင့်အဝှမ်း အမျိုးသမီးများအတွက် တန်းတူညီမျှရှိမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးကိုရယူရန် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်တစ်ခုဖြစ်သည့် ၁၉၉၅ ဘေဂျင်းလုပ်ငန်းစီမံချက်တို့နှင့် ကိုက်ညီသော မူဘောင်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို အကောင်အထည်ဖော်ရန်အတွက် သီးခြားအမျိုးသားအဆင့် လုပ်ငန်းစီမံချက် တစ်ခု မရှိခြင်းကြောင့် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများအတွက် နိုင်ငံအဆင့် ပေါင်းစပ်ညှိနှိုင်းမှုများကို NSPAW အကောင် အထည်ဖော်မှုပေါင်းစပ်ညှိနှိုင်းရေး နည်းပညာလုပ်ငန်းအဖွဲ့လေးဖွဲ့ (အကျိုးသက်ဆိုင်သူအမျိုးမျိုး/ ပါဝင်ဖွဲ့စည်းထားသော) ထဲမှ တစ်ဖွဲ့က ဦးဆောင်ပါသည်။[6]

အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် အားလုံးပါဝင်နိုင်မှု နှင့် ထိရောက်မှု ပိုရှိမည်ဖြစ်ကာ ငြိမ်းချမ်းရေးသဘောတူညီချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် အလားအလာလည်း ပိုများပါသည်။[7] အစိုးရသည် ကျားမတန်းတူညီမျှမရှိမှုများကို ကိုင်တွယ်ဖြေရှင်းရန် ကတိပြုထားသော်လည်း ထိုကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများမှာ နှေးကွေးလျက်ရှိပါသည်။ ထိုကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရန် အမျိုးသမီးများသည် အဓိပ္ပါယ်ရှိစွာ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရမည်ဖြစ်ပါသည်။ အဆင့်မြင့်နိုင်ငံရေးလုပ်ဆောင်သူများမှ ကျေးရွာအဆင့် လုပ်ဆောင်သူများအထိ

5 ဤသည်မှာ ၁၉၈၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်ကြား လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက် ၁၈၁ ခုနှင့် စပ်လျဉ်းသော အချက်အလက်များပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ L. Stone, Annex II: Quantitative analysis of women's participation in peace processes (ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအား အရေအတွက်စံပြု လေ့လာဆန်းစစ်မှု) in M. O'Reilly et al, Reimagining peacemaking: Women's roles in peace processes (ငြိမ်းချမ်းရေးတည်ဆောက်မှုကို ပြန်လည်စိတ်ကူးပုံဖော်ခြင်း – ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍ), New York: International Peace Institute, 2015, p.34.

6 ဤနည်းပညာအလုပ်ငန်းအဖွဲ့များတွင် အစိုးရဆက်စပ်ပတ်သက်သူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများမှ ဆက်စပ်ပတ်သက်သူများ ပါဝင်ပါသည်။

7 ဤအချက်သည် ၁၉၈၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကြား လက်နက်ကိုင်ပဋိပက္ခ ၄၂ ခုတွင် ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေး သဘောတူညီမှု ၈၂ ခုကို စာရင်းအင်းပညာအရ စိစစ်လေ့လာခဲ့မှုပေါ်တွင် အခြေခံ၍ တွေ့ရှိရသည့်အချက် ဖြစ်ပါသည်။ J. Krause et al, 2018, Op. cit., pp.985–1016 ကိုကြည့်ပါ။

အစိုးရဆက်စပ်ပတ်သက်သူအများအပြားတွင် အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေး၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး၏ အရေးပါပုံကို နားလည်သိရှိခြင်း မရှိ ကြသလို လူမှုအဖွဲ့အစည်းမှ သတ်မှတ်ထားသော ကျားမရေးရာ အခန်းကဏ္ဍများနှင့် အမျိုးသမီး နှင့် အမျိုးသားကြား ဇီဝဗေဒဆိုင်ရာ ကွဲပြားချက်များကို ခွဲခြားနားလည်မှု မရှိကြသဖြင့် ကျားမ ခွဲခြားဆက်ဆံမှုများကို အားပေးထောက်ခံသကဲ့သို့ ဖြစ်နေပါသည်။ အောက်ခြေအဆင့်မှစ၍ အလယ်အလတ်အဆင့် ခေါင်းဆောင်များသာမက အဆင့်မြင့်ခေါင်းဆောင်ပိုင်းအထိ အကျိုးသက် ဆိုင်ဆက်စပ်ပတ်သက်သူများအားလုံးတွင် ဤသည်တို့ကို နားလည်သိရှိမှု တိုးပွားလာရန် အလွန်ပင် အရေးကြီးပါသည်။ အမျိုးသမီးများ၏ လုပ်ဆောင်ချက်များနှင့် ပါဝင်ကူညီမှုများကို အကန့်အသတ်ဖြစ်စေလျက်ရှိသော လူမှုအဖွဲ့အစည်းမှ သတ်မှတ်ပေးထားသည့် ကျားမရေးရာစံများကို ဖော်ထုတ်ခြင်းနှင့် မြင်သာအောင် ချပြပေးရပါမည်။ သို့မှသာ သစ်တောလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ အနေဖြင့် ၎င်းတို့၏ အခန်းကဏ္ဍကို အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ထိုစံသတ်မှတ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

ဤသုတေသနပြုလေ့လာမှု၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်ခံရသော ဒေသများရှိ သစ်တောအသုံးချမှုနှင့် သစ်တောအုပ်ချုပ်မှုတို့တွင် လက်ရှိ ကျင့်သုံးနေသည့် ကျားမရေးရာ အခန်းကဏ္ဍများကို လေ့လာစူးစမ်းရန်နှင့် ထိုနယ်ပယ်များရှိ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုတို့ကို ဆန်းစစ်အကဲဖြတ်ရန် ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် လူမှုရေးစံများသည် ပဋိပက္ခအမွေဆိုးများနှင့် ဆက်နွယ်ချိတ်ဆက်ပြီး သစ်တောအုပ်ချုပ်ရေးလုပ်ငန်းစဉ်အတွင်းရှိ အမျိုးသမီးများ၏ ခေါင်းဆောင်မှုအတွက် အဟန့်အတားများ ဖြစ်ပေါ်စေပုံ၊ ပဋိပက္ခ/ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စများတွင် အဟန့်အတားများ ဖြစ်ပေါ်စေပုံတို့ကို တင်ပြဆွေးနွေးထားပါသည်။ မြန်မာနိုင်ငံအစိုးရ၏ သစ်တောဦးစီးဌာန (GFD)၊[8] ကရင်အမျိုးသားအစည်းအရုံး၏ ကော်သူးလေ ဗဟိုသစ်တောဌာန (KFD) တို့သာမက ပဋိပက္ခဒေသများတွင် သစ်တောအုပ်ချုပ်ရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေး ကိစ္စများအတွက် လုပ်ဆောင်နေကြသည့် ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ လုပ်ဆောင်သူများသည် ပါဝင်ဆောင်ရွက်သည့် အမျိုးသမီးများအပေါ် ကျရောက်နိုင်ခြေရှိသော အန္တရာယ်များ၊ ဒေသန္တရဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသားများကြီး စိုးနေမှုနှင့် ဆန့်ကျင်ကွဲလွဲနေမှုများ (အထူးသဖြင့် ၎င်းတို့၏ အသိပညာပေးလုပ်ငန်းများတွင် ပါဝင်တက်ရောက်ခြင်း မရှိမှု) နှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် သက်ရောက်နိုင်ခြေများကို အစဉ်အမြဲ ထည့်သွင်းစဉ်းစားသင့်ပါသည်။ အစီရင်ခံစာ၏ နိဂုံးပိုင်းတွင် ဒေသန္တရအဆင့် အကျိုးသက်ဆိုင်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခဲ့မှုများ ပေါ်တွင် အခြေခံ၍ ပြည်တွင်းပြည်ပအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ လုပ်ဆောင်သူများ၊ နိုင်ငံတကာ အလှူရှင်များနှင့် မြန်မာနိုင်ငံအစိုးရ၊ GFD၊ KFD သစ်တောဌာနများအတွက် အကြံပြုချက်များကို တင်ပြပေးထားပါသည်။

8 သစ်တောဦးစီးဌာနသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်တွင် ရှိပါသည်။


© Somrerk Witthayanant/Shutterstock

ကရင်ပြည်နယ် မြဝတီခရိုင်တွင် အမျိုးသားနှင့် အမျိုးသမီးတို့သည် မီးသွေးပြုလုပ်ရန်အတွက် သစ်ပင်ခုတ်နေစဉ်

## နိုင်ငံရေးနောက်ခံအခြေအနေများ

အာရှတိုက်ရှိ မတူကွဲပြားသော တိုင်းရင်းသားလူမျိုးများအများဆုံး နေထိုင်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် ပြည်တွင်းပဋိပက္ခများ ဆယ်စုနှစ်နှင့်ချီ၍ ဖြစ်ပွားလာခဲ့ပြီး စစ်ဘက်မှ ဖိနှိပ်အုပ်ချုပ်မှုနှင့် နိုင်ငံတကာနှင့် အဆက်အသွယ်ဖြတ်တောက်၍ သီးခြားနေခဲ့မှုတို့ ကာလရှည်ကြာ ရှိခဲ့ပါသည်။[9] ၂၀၀၈ ခုနှစ်မှစတင်၍ စစ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်းခြင်းနှင့်အတူ ဒီမိုကရေစီစနစ်သို့ တစ်စိတ်တစ်ပိုင်း ကူးပြောင်းနိုင်အောင် တဖြည်းဖြည်းချင်း လမ်းဖွင့်ပေးခဲ့ပါသည်။ သို့သော် စစ်ဘက်မှ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၂၅% ရယူထားပြီး အဓိကကျသည့် ဝန်ကြီးဌာနများ (ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ) ကို တိုက်ရိုက် ထိန်းချုပ်ထားဆဲဖြစ်ရာ ဤအကူးအပြောင်းသည် အပြည့်အဝ ကူးပြောင်းနိုင်မှု မရှိသေးပါသည်။[10] တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၏ အကြောင်းရင်းခံသည် "…၁၉၇၄ ခုနှစ် ပင်လုံညီလာခံတွင် ….. မျှော်မှန်းခဲ့သည့် ဖက်ဒရယ်စနစ်ကို ဖော်ဆောင်နိုင်မှုမရှိခြင်း"[11] ကြောင့်ဟု အချို့က ရှုမြင်ကြပြီး ယင်းသည် လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယနေ့ထက်တိုင် ဖြေရှင်း၍ မရနိုင်သေးသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။

9 M. Smith, State of strife: The dynamics of ethnic conflict in Burma (ပဋိပက္ခနိုင်ငံ – မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပဋိပက္ခ၏ ပြုမူပြောင်းလဲမှုပုံစံများ)၊ Washington: East–West Centre, 2007; A. South, Ethnic politics in Burma: States of conflict (မြန်မာနိုင်ငံရှိ တိုင်းရင်းသားနိုင်ငံရေး – ပဋိပက္ခပြည်နယ်များ), London and New York: Routledge, 2008၊ အချက်အလက်များ ထပ်မံရရှိလိုလျှင် P. Keenan, By force of arms: Armed ethnic groups in Burma (လက်နက်ကိုင်အင်အားဖြင့် – မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ), New Delhi: Vij Books, 2013 ကိုလည်း ကြည့်ပါရန်။

10 M. Gravers and F. Ytzen (eds.), Burma/Myanmar–Where now? (မြန်မာနိုင်ငံ – ယခု ဘယ်သို့ ယွန်းမည်နည်း), Nordic Institute of Asian Studies: Copenhagen, 2014, p.29 and p.74

11 L.H. Sakhong and P. Keenan၊ Ending Ethnic Armed Conflict in Burma – A Complicated Peace Process (မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ခြင်း – ရှုပ်ထွေးနက်နဲသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်)၊ Chiang Mai, Thailand: Burma Centre for Ethnic Studies, 2014, p.i

ဤပဋိပက္ခတွင် အဓိက ရှုထောင့်နှစ်ခု ရှိပါသည်။ ပထမတစ်ခုမှာ "… နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် … ဗဟိုမှ ပြည်နယ်များ (နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူနည်းစု အုပ်စုများရှိရာ) သို့ ဖြန့်ကျက်ပုံ" အပေါ် သဘောထား ကွဲလွဲမှုနှင့် ဒုတိယမှာ ရွေးကောက်ခံ အစိုးရ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များရှိ စစ်ဘက်မှ လွှမ်းမိုးချုပ်ကိုင်ထားသော "…နိုင်ငံကို အုပ်ချုပ်သည့်စနစ်" [12] အပေါ် သဘောထားကွဲလွဲမှု ဖြစ်ပါသည်။

သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူပုံနှင့် ဘဏ္ဍာငွေများ ဖန်တီးပုံတို့ကို မည်သို့ စီမံ အုပ်ချုပ်သနည်းဟူသည့် ကိစ္စသည် အဆိုပါမေးခွန်းများအတွက် အလွန်အရေးပါသော အပိုင်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ အကြောင်းမှာ သဘာဝ သယံဇာတ (သစ်၊ ရေနှင့် ကျောက်မျက်) အများ အပြားသည် ဗမာမဟုတ်သည့် တိုင်းရင်းသားအမျိုးမျိုး မှီတင်းနေထိုင်သည့် နိုင်ငံ၏ နယ်စပ်ဒေသများတွင် တည်ရှိနေသောကြောင့် ဖြစ်သည်။ နိုင်ငံ၏ မတူညီသော နေရာဒေသများတွင် တစ်ခုထက်မကသော ပဋိပက္ခများသည် အရှိန်အဟုန်အမျိုးမျိုးနှင့် ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၊[13] ချင်းပြည်နယ်၏ အချို့အပိုင်းများ[14] နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း[15]ရှိ လက်နက်ကိုင်အကြမ်းဖက်မှု နှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းမှုများ တိုးမြင့်ဖြစ်ပွားနေမှုမှစ၍ ရေရှည်ညှိနှိုင်း၍ သဘောတူညီထားသော အပစ်အခတ်ရပ်စဲမှုများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးအပ်ထားမှု၊[16] နှစ်ဖက်အဖွဲ့အစည်းများ ကြားတွင်လည်းကောင်း၊ ၂၁ ရာစုပင်လုံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ တရားဝင်အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို အဖွဲ့ ၁၀ ဖွဲ့ လက်မှတ်ရေးထိုးထားခြင်းဖြင့်လည်းကောင်း လက်ရှိဆွေးနွေးညှိနှိုင်းနေဆဲ အခြေအနေများ အထိ ပုံစံအမျိုးမျိုး တွေ့ရပါသည်။[17]

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကရင်[18] ပြည်နယ်ကို အဓိကထား လေ့လာခဲ့ပါသည်။ ဆယ်စုနှစ်နှင့်ချီသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နေရာအနှံ့ဖြစ်ပေါ်ခဲ့သည့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုကိစ္စ အစီရင်ခံတင်ပြမှုများ[19] ရှိခဲ့သည့် နောက်ပိုင်း ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNU/ KNLA) ကြား အပစ်အခတ်ရပ်စဲခဲ့သည့်အချိန်မှစ၍ ကရင်ပြည်နယ်သည် တဖြည်းဖြည်းချင်း တည်ငြိမ်မှု ရရှိလာပါသည်။[20] သို့သော် ကရင်ပြည်နယ်တွင် အစိုးရထိန်းချုပ်သော ဒေသများ၊ KNU ၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများ၊ အစိုးရနှင့် KNU၊ အစိုးရမဟုတ်သော လက်နက်ကိုင်လုပ်ဆောင်သူ အမျိုးမျိုး (NSAs) ယှဉ်ပြိုင်အုပ်ချုပ်သော ဒေသများဟူ၍ ရောနှောတွေ့ရှိရပါသည်။ ထိုလုပ်ဆောင်သူများထဲတွင် KNU

12 T Kramer "Neither War Nor Peace – The Future of the Ceasefire Agreements in Burma (စစ်လည်းမဟုတ် ငြိမ်းချမ်းရေးမဟုတ် – မြန်မာနိုင်ငံရှိ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ၏ အနာဂတ်)", Amsterdam: Transnational Institute, 2009, p.5

13 Amnesty International, ""No one can protect us" – War Crimes and Abuses in Myanmar's Rakhine State (ကျွန်တော်/ကျွန်မတို့ကို မည်သူမျှ ကာကွယ်မပေးနိုင်ပါ – မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ စစ်ရာဇဝတ်မှုများနှင့် ချိုးဖောက်မှုများ) London: Amnesty International, 2019.; ထို့ပြင် International Crisis Group, "A New Dimension of Violence in Myanmar's Rakhine State (မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုများ၏ ရှုထောင့်အသစ်)", Crisis Group Asia Briefing N°154, Brussels: International Crisis Group, 2019 ကိုလည်း ကြည့်ပါရန်။

14 K.L. Htoon, "Civilians pay the price of conflict in southern Chin (ချင်းပြည်နယ် တောင်ပိုင်းရှိ ပဋိပက္ခဖြစ်ပွားမှုအတွက် အရပ်သားများ၏ ပေးဆပ်ရမှုများ)", Frontier Magazine, 10 March 2020, https://frontiermyanmar. net/en/civilians-pay-the-price-of-conflict-in-southern-chin

15 International Crisis Group, "Myanmar: A Violent Push to Shake Up Ceasefire Negotiations (မြန်မာ – အပစ် အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများကို လှုပ်ခါလိုက်သည့် အကြမ်းဖက်ထိုးစစ်)", Crisis Group Asia Briefing N°158: Yangon/Brussels: International Crisis Group, 24 September 2019; ထို့ပြင် Institute for Security and Development Policy, "A Return to War: Militarized Conflicts in Northern Shan State (စစ်ပွဲများ ပြန်လည်ဖြစ်ပွားခြင်း – ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လက်နက်ကိုင်ပဋိပက္ခများ), Stockholm: Institute for Security and Development Policy, 2018 ကိုလည်း ကြည့်ပါရန်။

16 B. Lintner, "The United Wa State Army and Burma's Peace Process ("ဝ" ပြည် သွေးစည်းညီညွတ်ရေး တပ်မတော်နှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်)", Washington DC: United States Institute for Peace, 2019

17 လက်ရှိ ဖြစ်ပေါ်တိုးတက်မှုများနှင့် နှစ်စဉ်သုံးသပ်ချက်များကို အောက်ပါဝက်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည် – https:// www.mmpeacemonitor.org/ ။ NCA ဒေသများရှိ အုပ်ချုပ်ရေးလုပ်ငန်းစဉ်အကြောင်း ဆွေးနွေးထားမှုကို A. South et al, Between ceasefires and federalism: exploring interim arrangements in the Myanmar Peace Process (အပစ်အခတ်ရပ်စဲမှုများနှင့် ဖက်ဒရယ်စနစ်တို့အကြား – မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းရှိကြားကာလတွင် ဆောင်ရွက်ရမည့် အစီအစဉ်များကို လေ့လာဆန်းစစ်ခြင်း), Yangon: Covenant Consult, 2018 တွင် ဖတ်ရှုနိုင်ပါသည်။

18 စစ်အစိုးရက ကရင် (Kayin) ပြည်နယ်ဟု တရားဝင်ပြောင်းလဲခေါ်ဝေါ်ခြင်းမပြုမီ ဤဒေသနှင့် တိုင်းရင်းသား လူမျိုးစုကို Karen ဟု အဓိက လူသိများခဲ့ပါသည်။ နောက်ပိုင်းတွင် ဆက်စပ်ပတ်သက်သူများက "Karen" နှင့် "Kayin" နှစ်မျိုးစလုံးကို အလဲဖလှယ်သုံးစွဲကြသော်လည်း ကရင်လူမျိုးအကျိုးဆက်စပ်ပတ်သက်သူအများစုက "Karen" ဟူသည့် အခေါ်အဝေါ်ကို ပိုမို နှစ်သက်ကြသဖြင့် ဤအစီရင်ခံစာတွင် ထိုအခေါ်အဝေါ်ကို သုံးနှုန်းထားပါသည်။

19 Karen Human Rights Group, 2017, Op. cit.; Karen Women's Organisation, 2007, Op. cit.

20 K. Jolliffe, Ceasefires, governance, and development: The Karen National Union in times of change (အပစ်အခတ်ရပ်စဲမှုများ၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု – အပြောင်းအလဲကာလများအတွင်းရှိ ကရင်အမျိုးသား အစည်းအရုံး), Yangon: The Asia Foundation, 2016

ငြိမ်းချမ်းရေး ကောင်စီ၊ ဒီမိုကရက်တစ် ကရင်အကျိုးပြု တပ်မတော် (DKBA)၊ အခြား ပြည်သူ့စစ်များနှင့် (အစိုးရ အုပ်ချုပ်ရေးဖွဲ့စည်းပုံများအတွင်း ထည့်သွင်းမှုအတိုင်းအတာမှာ တစ်နေရာနှင့်တစ်နေရာ မတူညီဘဲ တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် ထားရှိသော) နယ်ခြားစောင့်တပ်များ (BGF) [21] ပါဝင်ပါသည်။[22] ကရင်ပြည်နယ်တွင် ကျန်ရှိသော သစ်တောအများစုသည် NSA သို့မဟုတ် ထိန်းချုပ်မှုရောထွေးသောဒေသများတွင် တည်ရှိနေပြီး အစိုးရထိန်းချုပ်သော ဒေသများရှိ သစ်တောအများစုသည် ခုတ်ထွင်ရှင်းလင်းခံထား ရပြီးဖြစ်ပါသည်။[23]

ယခင်က အပစ်အခတ်ရပ်စဲမှုများတွင် သစ်တောသယံဇာတများအပါအဝင် သဘာဝအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူခြင်း၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း၊ အသက်မွေးမှုလုပ်ငန်းများ ဆုံးရှုံးခြင်း၊ မိရိုးဖလာနှင့် ထိန်းသိမ်းစောင့်ရှောက်မှု အလေ့အထများ ပျက်ယွင်းခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါသည်။[24] ဒေသခံပြည်သူများ ထိခိုက်နစ်နာခြင်း၊ အကြမ်းဖက်မှုကို မီးထိုးပေးသည့် ပဋိပက္ခစီးပွားရေး[25]ကို ဆက်လက်လုပ်ဆောင်နေခြင်းများနှင့်အတူ နောက်ဆုံးတွင် (၂၀၁၁ ခုနှစ်မှစ၍ ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သကဲ့သို့) အကြမ်းဖက်ပဋိပက္ခများ ပြန်လည်ဖြစ်ပွားလာခဲ့ပါသည်။ တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်ပိုင်လက္ခဏာများကို အကြောင်းပြု၍ နစ်နာဆုံးရှုံးရမှုများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းကို လျှစ်လျူရှုထားပြီး သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူမှုကို ဆက်လက်ပြုလုပ်နေခြင်းသည် ပဋိပက္ခဖြစ်နိုင်ခြေ အန္တရာယ်များကို တိုးပွားစေသည်မှာ ထင်ရှားလှပါသည်။ ပဋိပက္ခဒဏ်ခံရသော ကရင်ဒေသများရှိဒေသန္တရအဆင့်သစ်တောအုပ်ချုပ်ရေးလုပ်ငန်းစဉ်တိုးတက်ကောင်းမွန်စေမည့်အလားအလာများကို ဆန်းစစ်ရန်အတွက် ၂၀၁၉ ခုနှစ်တွင် International Alert နှင့် Kaw Lah Foundation တို့ မှ ဆောင်ရွက်ခဲ့သည့် သုတေသနအစီရင်ခံစာတစ်စောင်ဖြစ်သော *မြန်မာနိုင်ငံ ကရင်ဒေသများတွင် သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း*ဟူသည့် အစီရင်ခံစာက ဒေသန္တရ အုပ်ချုပ်ရေးအဆင့်ကို အောက်ခြေအဆင့်နှင့် ကျေးရွာအုပ်စုအဆင့်ရှိ ပဋိပက္ခကြောင့် သွေးကွဲနေကြသူများကြား ယုံကြည်မှုတည်ဆောက်ရန် အခွင့်အလမ်းများရှိနေသည့်နေရာအဖြစ် လည်းကောင်း၊ တူညီသည့် ဦးစားပေးကိစ္စများ (ဥပမာ တရားမဝင်သစ်ခုတ်မှု ရပ်တန့်ရေးနှင့် သစ်တောပြန်လည်ပျိုးထောင်မှုကို ကူညီပံ့ပိုးရေး) အတွက် အတွေ့အကြုံများ ဖလှယ်နိုင်မည့် အခွင့်အလမ်းများ ရှိနေသည့်နေရာအဖြစ်လည်းကောင်း ဖော်ညွှန်းထားပါသည်။ အဆင့်မြင့်ပိုင်းရှိ နိုင်ငံရေးဆွေးနွေးပွဲများ မတိုးသာမဆုတ်သာ အခြေအနေတွင် ဆက်ရှိနေပြီး အခြေအနေများ ခက်ခဲရှုပ် ထွေးနေဦးမည်ဆိုလျှင်ပင် ဤဒေသန္တရအုပ်ချုပ်ရေးအဆင့်တွင်မူ အခွင့်အလမ်းများ ရှိနေဦးမည် ဖြစ်သည်။ ထို ၂၀၁၉ အစီရင်ခံစာတွင် အပစ်ရပ်နယ်မြေများရှိ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးရေးစီမံချက်များတွင် ပဋိပက္ခကို သတိပြုနားလည်မှုဖြင့် ဘက်စုံမှချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းများကို အသုံးပြုကြရန် တိုက်တွန်းထားပြီး သုံးဖွဲ့အထက် သဘောတူညီမှုရယူခြင်း နည်းလမ်း (triple-green light plus approach) ကို အဆိုပြုထားပါသည်။ ဤနည်းလမ်းသည် အကျိုးသက်ဆိုင်သူ/ဆက်စပ်ပတ်သက်သူ “သုံးဦးနှင့်အထက်” အား တိုင်ပင်ဆွေးနွေး၍ ခွင့်ပြုချက် ရယူဆောင်ရွက်သည့် နည်းလမ်းဖြစ်ပါသည်။ ဆိုလိုသည်မှာ (၁) ပြည်ထောင်စု သို့မဟုတ် နိုင်ငံအဆင့် အစိုးရထံမှ တရားဝင်ခွင့်ပြုချက် ရယူရန်သာမက ပဋိပက္ခတင်းမာမှုများ ပိုမိုဆိုးရွားလာနိုင်မှုကို ရှောင်ရှားရန်အတွက် (၂) ထိခိုက်ခံစားရမည့် ဒေသခံပြည်သူများနှင့် (၃) တပ်မဟာအဆင့် နှင့် ခရိုင်အဆင့် (ဒေသန္တရအဆင့်) များမှ အစိုးရမဟုတ်သည့် လက်နက်ကိုင် လုပ်ဆောင်သူများကိုပါ အသိပေး၍ ခွင့်ပြုချက်ရယူရန် ဖြစ်ပါသည်။

21 K. Jolliffe, Ethnic Armed Conflict and Territorial Administration in Myanmar (မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများနှင့် နယ်မြေအုပ်ချုပ်ရေး), Yangon: The Asia Foundation, 2015, p.45

22 J. Buchanan, Militias in Myanmar (မြန်မာနိုင်ငံရှိပြည်သူ့စစ်များ)၊ Yangon: The Asia Foundation, 2016, p.24

23 ဘားအံနှင့် တောင်ငူတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများနှင့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် စက်တင် ဘာလ ၁၇–၁၉ ရက်

24 K. Woods, Forest governance, timber trade legality and ethnic conflict in Myanmar (မြန်မာနိုင်ငံရှိ သစ်တော အုပ်ချုပ်မှု၊ သစ်ရောင်းဝယ်မှုများ၏ တရားဝင်ဖြစ်မှုနှင့်၊ တိုင်းရင်းသားပဋိပက္ခ), Paper presented at Forest Trends, Washington DC, October 2015, https://www.forest-trends.org/wp-content/uploads/imported/kevin-woods_wb-event_10-15-15-pdf.pdf

25 Global Witness, A conflict of interest – The uncertain future of Burma’s forests (အကျိုးစီးပွားစပ်ယှက်မှု – မြန်မာ့သစ်တောများ၏ မရေရာသောအနာဂတ်), 2003, pp.49–52, https://www.globalwitness.org/en/archive/conflict-interest-english/

## လေ့လာမှုတွင် အသုံးပြုသော နည်းစနစ်များ

ဤအစီရင်ခံစာသည် International Alert မှ Kaw Lah Foundation နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ ကရင်ပြည်နယ်ရှိ ပဋိပက္ခဒါဏ်ခံရသော ဒေသများရှိ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသော ပဋိပက္ခကိစ္စများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု အခွင့်အလမ်းများအကြောင်း ၂၀၁၉ ခုနှစ်က ပြုလုပ်ခဲ့သည့် သုတေသနအပေါ်တွင် အားပြုထားပါသည်။[26] အစောပိုင်းက ထုတ်ဝေထားသည့် အဆိုပါအစီရင်ခံစာပေါ်တွင် အခြေခံ၍ အဆိုပါ ပဋိပက္ခဒါဏ်ခံရသော ဒေသများရှိ သစ်တောစီမံ အုပ်ချုပ်လုပ်ကိုင်မှုများအတွင်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို ဖော်ထုတ်တင်ပြနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် ကျားမရေးရာဆန်းစစ်မှုကို အသေးစိတ်ပြုလုပ်၍ ပိုမိုပြည့်စုံသော သုတေသနပြုမှုကို ဆက်လက်လုပ်ဆောင်ရန် International Alert နှင့် Kaw Lah Foundation တို့က ဆုံးဖြတ်ခဲ့ကြပါသည်။ ဤကျားမရေးရာ ဆန်းစစ်မှုကို ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုး သမီးများ၏ လက်ရှိ ထမ်းဆောင်နေသော အခန်းကဏ္ဍများကို လေ့လာမှတ်တမ်းတင်ရန်၊ ၎င်းတို့ ရင်ဆိုင်နေရသည့် အဟန့်အတားများကို ဖော်ထုတ်ရန်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အခြားလုပ်ဆောင်သူများအား ပဋိပက္ခဒဏ်ခံရသောဒေသများရှိ ကရင်ပြည်နယ်ရှိ သစ်တောနှင့် စပ်လျဉ်းသော လုပ်ငန်းတိုင်းတွင် ကျားမရေးရာကို ထည့်သွင်းစဉ်းစားလုပ်ဆောင်နိုင်ရေး အကြံပြုချက်များပေးရန် ဖြစ်ပါသည်။

ရှေ့ယခင်က International Alert ၏ မြန်မာနိုင်ငံရှိ ကျားမရေးရာကိစ္စများကို သုတေသနပြု လေ့လာမှုများမှ ရရှိခဲ့သော သင်ခန်းစာများပေါ်တွင် အခြေခံ၍ ဤသုတေသနတွင် အသုံးပြုရန် နည်းစနစ်များကို ဒီဇိုင်းရေးဆွဲသောအခါ ကျားမရေးရာကိစ္စရပ်များအား ယေဘုယျအားဖြင့် နားလည်သိရှိမှု နည်းပါးနေခြင်းနှင့် စီမံချက်ဒေသများရှိ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု၊ အမျိုးသမီးခေါင်းဆောင်များ၏ သစ်တောအုပ်ချုပ်ရေးကို ရင်းနှီးကျွမ်းဝင်ခြင်း မရှိမှုတို့ကို ထည့်သွင်းစဉ်းစား၍ ရေးဆွဲခဲ့ပါသည်။

သုတေသနနည်းစနစ်တွင် အများပါဝင်ဆွေးနွေးသည့် အကြံပြုအလုပ်ရုံဆွေးနွေးပွဲ နှစ်ခု ပါဝင်ပါသည်။

- တောင်ငူ၌ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ထန်းတပင်၊ သံတောင်၊ ဘောဂလိနှင့် လိပ်သိုမြို့နယ်များတွင် အခြေစိုက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ အမျိုးသမီး ၁၄ ဦးနှင့် အမျိုးသား ၇ ဦး တက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲနှင့်၊
- ဘားအံ၌ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် အရှေ့နှင့် အနောက် သံလွင်၊ ဘားအံအနောက်၊ ကော့ကရိတ်နှင့် မြဝတီမြို့နယ်များရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) မှ အမျိုးသမီး ၂၃ ဦးနှင့် အမျိုးသား ၁၈ ဦး တက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲတို့ ဖြစ်ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအား ကျားမရေးရာ၊ ပဋိပက္ခ/ငြိမ်းချမ်းရေးတည်ဆောက်မှု နှင့် ကျားမရေးရာကို လုပ်ငန်းတိုင်းတွင် ထည့်သွင်းလုပ်ဆောင်ခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်များနှင့်အတူ သုတေသနမေးခွန်းများအတွက် တက်ရောက်သူများထံမှ အဖြေများ တောင်းခံခြင်းတို့ကို အလုပ်ရုံဆွေးနွေးပွဲများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ပါသည်။ သိမ်မွေ့သော ကွဲပြားချက်များကို ပေါ်လွင်အောင် ဆွေးနွေးနိုင်ရန် အားပေးခဲ့ပြီး အဆိုပါကိစ္စရပ်များကို တက်ရောက်လာသူများမှ ယုံကြည်မှုရှိစွာ ပါဝင်ဆွေးနွေးနိုင်စွမ်းကို တည်ဆောက်ပေးခဲ့ပါသည်။

ထို့ပြင် တောင်ငူ (၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၈ ရက်နှင့် ၂၉ ရက်) နှင့် ဘားအံ (၂၀၁၉ ခုနှစ် စက်တင် ဘာလ ၁၈ ရက်နှင့် ၁၉ ရက်) တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် KNU၊ DKBA၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်း

26 S. Gray, Forestry management and peacebuilding in Karen areas of Myanmar (မြန်မာနိုင်ငံ ကရင်ဒေသများတွင် သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း), London: International Alert, 2019

ရေးကောင်စီ အပါအဝင် အစိုးရမဟုတ်သော လက်နက် ကိုင်လုပ်ဆောင်သူများအဖွဲ့ များ၊ အစိုးရသစ်တောဦးစီးဌာနတို့မှ အမျိုးသမီး ၁၅ ဦးနှင့် အမျိုးသား ၁၃ ဦးတို့နှင့် တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု (key informant interviews) ၂၈ ခုကို ပြုလုပ်ခဲ့ပါသည်။ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည့် အခြေအနေဖြစ်သောကြောင့် တွေ့ဆုံမေးမြန်းမှုများတွင် ပါဝင်ဖြေဆိုပေးခဲ့သူများအပေါ် ဆန့်ကျင်တိုက်ခိုက်မှုများ မဖြစ်ပေါ်စေရန်အတွက် ၎င်းတို့အား အမည်ဖော်ပြစေခြင်း မရှိဘဲ (စိုးရိမ်ဖွယ်ရာမရှိလှသည့်) ၎င်းတို့ ကိုယ်စားပြုသော အဖွဲ့အစည်းများကိုသာ မှတ်တမ်းတင်၍ မေးမြန်းခဲ့ပါသည်။ ဆန်းစစ်လေ့လာမှုတွင် ထိုင်းနိုင်ငံ မဲဆောက်ရှိ ကော်သူးလေ ဇဟိုသစ်တောဌာနနှင့် ချင်းမိုင်ရှိ ကရင်သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုကွန်ရက် (KESAN) တို့သို့ ၂၀၁၉ နိုဝင်ဘာလအတွင်း သွားရောက်ခဲ့သည့် ဆွေးနွေးတိုင်ပင် မှုများမှ ရရှိသည့် အချက်အလက်များပေါ်တွင်ပါ အခြေခံ၍ ပြုလုပ်ခဲ့ပါသည်။

တွေ့ရှိချက်များမူကြမ်းနှင့် အကြံပြုချက်များကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ဘားအံ၌ ပြုလုပ်ခဲ့ သည့် အလုပ်ရုံဆွေးနွေး ပွဲတစ်ခုတွင် အတည်ပြုခဲ့ပါသည်။ ထိုအတည်ပြုအလုပ်ရုံဆွေးနွေးပွဲသို့ ဘားအံ၊ လိပ်သို၊ ကော့ကရိတ်၊ မြဝတီ၊ တောင်ငူ နှင့် ဘောဂလိ မြို့နယ်များမှ မူလပါဝင်ဆွေးနွေး ပေးခဲ့ကြသူများထဲမှ စုစုပေါင်း ၂၀ ဦး (အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသား ၁၀ ဦး) တက်ရောက် ခဲ့ပါသည်။

**မှတ်ချက်** – သုတေသနတွင် ပါဝင်ဆွေးနွေးပေးခဲ့ကြသူများသည် KNU၊ အစိုးရနှင့် ထိန်းချုပ်မှုရောထွေးသော နယ်မြေ ဒေသများတွင် နေထိုင်သူများ ဖြစ်ကြပါသည်။ ထို့ကြောင့် ပါဝင်ဆွေးနွေးပေးသူများက မကြာခဏ ဆိုသလို GFD သို့မဟုတ် KFD များကြား ၎င်းတို့၏ ကွာခြားသည့် အတွေ့အကြုံများပေါ်တွင် အခြေခံ၍ သိသာထင်ရှားမှုအရှိဆုံး စနစ်နှစ်ခုကြား နှိုင်းယှဉ်သုံးသပ်ပြခဲ့ကြပါသည်။ ဤသုတေသနတွင် စနစ်နှစ်ခုကြား လက်တွေ့မျက်မြင်ကို အခြေခံ၍ နှိုင်းယှဉ်မှုပြုရန် မရည်ရွယ်ခဲ့သလို ထိုသို့လုပ်ဆောင်ရန် အရင်းအမြစ်များလည်း မရှိပါ (မရှိခဲ့ပါ)။ သို့သော် ပါဝင် ဆွေးနွေးပေးသူများသည် မေးခွန်းအများအပြားကို ကိန်းဂဏန်းများဖြင့် တိုင်းတာဖြေဆိုပေးနိုင်စွမ်း မရှိကြပဟု ယူဆ ရပြီး ရလဒ်အဖြစ် ကွဲပြားမှုများကို ထောက်ပြသည့် နည်းလမ်းတစ်ခုကိုသာ အသုံးပြုစရာရှိတော့သည်ဖြစ်ရာ အစိုးရ စနစ်နှင့် KNU စနစ်ကို နှိုင်းယှဉ်၍ ဖြေကြားပေးခဲ့ကြခြင်း ဖြစ်ပါသည်။ ဤအဖြေများသည် ခိုင်လုံသည့် အချက်အလက် များ သို့မဟုတ် ယုံကြည်ကိုးစားနိုင်သည့် ကိုယ်တွေ့ မျက်မြင်သက်သေအထောက်အထားများ မဟုတ်ကြဘဲ ဖြေဆိုသူ တစ်ဦးချင်းစီ၏ အတွေ့အကြုံများကို အခြေခံသည့် ပုဂ္ဂလဓိဋ္ဌာန်ဆန်သော မှတ်ချက်များသာဖြစ်ကြောင်း International Alert နှင့် Kaw Lah Foundation အဖွဲ့အစည်းနှစ်ရပ်စလုံးက လက်ခံအသိအမှတ်ပြုထားပါသည်။

## အစီရင်ခံစာ၏ ဖွဲ့စည်းပုံ

နောက်ခံအခြေအနေများကို တင်ပြထားသည့် နိဒါန်းအပိုင်းနှင့် အသုံးပြုသော နည်းစနစ်များအကြောင်း အကျဉ်းချုပ် တင်ပြပြီးသည့်နောက် အစီရင်ခံစာ၏ ဒုတိယအခန်းတွင် သစ်တောစီမံ အုပ်ချုပ်လုပ်ကိုင်မှုအတွင်းရှိ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုတို့အတွက် ဖြစ်ပေါ်လျက်ရှိသည့် အဟန့်အတားအမျိုးမျိုးကို ဆန်းစစ်လေ့လာ တင်ပြထားပါသည်။ ထိုသို့ဆန်းစစ်ရာတွင် ပဋိပက္ခအမွေဆိုးများ၊ လက်တွေ့ဘဝတွင် ရင်ဆိုင်ရသည့် အဟန့်အတားများ၊ လူမှုအဖွဲ့အစည်းမှ ကျားမရေးရာစံများ သတ်မှတ်ထားပုံ၊ အမျိုးသမီးများ ထမ်းရွက်နေရသည့် နှစ်ဆ၊ သုံးဆ ပိုများသော ဝန်ထုပ်ဝန်ပိုးများနှင့် ဆင့်ပွားဆိုးကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစား လေ့လာထားပါသည်။ ဤဆန်းစစ် လေ့လာမှုပေါ်တွင် အခြေခံ၍ အဆိုပါအဟန့်အတားများကို ကျော်လွှားရန် လက်တွေ့လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဖော်ပြပေးထားပါသည်။

အစီရင်ခံစာ၏ တတိယအပိုင်းတွင် အမျိုးသမီးများ၏ သစ်တောအသုံးပြုပုံနှင့် စီမံအုပ်ချုပ်လုပ်ကိုင်မှုအတွင်း ပါဝင် ဆောင်ရွက်လျက်ရှိသည့် လက်ရှိအနေအထားကို ခေါင်းဆောင်မှုပိုင်းနှင့် အုပ်ချုပ်မှုပိုင်းရှိ ကျားမကွာဟချက်များအား အဓိကဦးတည်၍ လေ့လာဆန်းစစ်ထားပါသည်။

စတုတ္ထအပိုင်းတွင် ကရင်ဒေသများရှိ ပဋိပက္ခဒဏ်ခံရသည့် နေရာများတွင် ဆောင်ရွက်နေသော သစ်တောလုပ်ငန်းကဏ္ဍ အစီအစဉ်များတွင် အမျိုးသမီးဖြစ်မှု၊ အမျိုးသားဖြစ်မှုပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်လာသည့် ထိခိုက်နိုင်ခြေ အန္တရာယ်များကို စိစစ်လေ့လာထားရာ ထိုအန္တရာယ်များ၏ အမျိုးသမီးများအပေါ်တွင်ရော၊ အမျိုးသားများအပေါ်တွင်ပါ ကွဲပြားစွာ သက်ရောက်နေမှုများကို အထူးအလေးထား လေ့လာခဲ့ပါသည်။

နိဂုံးအပိုင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ GFD၊ KFD နှင့် အစိုးရ မဟုတ်သော လက်နက်ကိုင် လုပ်ဆောင်သောအဖွဲ့များ၊ နိုင်ငံတကာအလှူရှင်များအတွက် အကြံပြုချက်များကို ပေးအပ်ထားပါသည်။

# ၂။ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှု အတွက် အဟန့်အတားများ

မြန်မာနိုင်ငံရှိ အခြားနေရာဒေသအများအပြားနည်းတူ ကရင်ပြည်နယ်ရှိ လူမှုယဉ်ကျေးမှုဆိုင်ရာ စံသတ်မှတ်ချက်များ သည် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအတွက် အဟန့်အတားများကို ဖြစ်ပေါ်စေပြီး သစ်တောစီမံအုပ်ချုပ်မှုတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများအတွက် အသိအမှတ်ပြုခြင်း မခံရအောင် တားဆီးကန့်သတ်ထားပါသည်။ ထိုအဟန့် အတားများနှင့် ကန့်သတ်ချက်များသည် ဆယ်စုနှစ်များနှင့်ချီ၍ ကြာမြင့်နေပြီဖြစ်သော အကြမ်းဖက် ပဋိပက္ခများနှင့် လုံခြုံမှုမရှိသော အခြေအနေများကြောင့် ပို၍ ကြီးမားများပြားလာခဲ့ပါသည်။ ထိုအခြေအနေများသည် အမျိုးသမီးများ အား ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် ရပ်ရွာတွင်းရှိ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်နိုင်ခြင်းမရှိအောင် တားဆီးထားပါသည်။

## ပဋိပက္ခအမွေဆိုးများ

၂၀၁၂ ခုနှစ် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲခဲ့သည့် အချိန်မှစ၍ လုံခြုံရေးအခြေအနေသည် တိုးတက်လာခဲ့ပါသည်။ သို့သော် ဆယ်စုနှစ်များစွာ ကရင်လူထုကြုံတွေ့ခံစားခဲ့ရသည့် အနိုင်အထက်ပြုမှုနှင့် အကြမ်းဖက်မှုအမွေဆိုးသည် ယခုထက်တိုင် အစိုးရမှဖြေရှင်းပေးနိုင်ခြင်း မရှိသလိုယေဘုယျအားဖြင့် အသိအမှတ်ပြုခြင်းလည်း မရှိသဖြင့် ကြောက်ရွံ့မှုနှင့် မလုံခြုံမှုခံစားချက်များကို ဆက်လက်ဖြစ်ပေါ်စေလျက်ပင်ရှိပါသည်။[27] ယင်းအခြေအနေတွင် သစ်တောများသည် အမျိုးသမီးများအတွက် လုံခြုံမှုမရှိသောနေရာအဖြစ် အမျိုးသမီးများရော၊ အမျိုးသားများကပါ ယုံကြည်ယူဆကြသည်ဖြစ်ရာ အမျိုးသမီးများ၏ လွတ်လပ်စွာ သွားလာနိုင်စွမ်းနှင့် သစ်တောဧရိယာများသို့ သွား ရောက်နိုင်စွမ်း သို့မဟုတ် လက်လှမ်းမီအသုံးပြုနိုင်စွမ်းကို ကန့်သတ်ထားပါသည်။ တွေ့ဆုံမေးမြန်းမှုများကို ဖြေဆိုခဲ့ ကြသူများက ဤအခြေအနေကို ပုံစံအမျိုးမျိုးဖြင့် ပြောပြခဲ့ကြပါသည်။

ဥပမာ အမျိုးသား KFD အရာရှိတစ်ဦးက ပဋိပက္ခနှင့်ဆက်နွယ်၍ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရာဇဝင်ရှိခဲ့သည့် ထိန်းချုပ်မှုရောထွေးသောဒေသများသို့ အမျိုးသမီးများ၏ လုံခြုံရေးကို စိုးရိမ်သောကြောင့် အမျိုးသမီး အရာရှိများကို ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ခြင်းမရှိကြောင်း ပြောပြပါသည်။[28] ထိုအရာရှိကပင် အမျိုးသား KFD အရာရှိများသည် သေနတ်များကို ကိုင်ဆောင်ခွင့်ရှိသဖြင့် (ဤသည်မှာ GFD အရာရှိများနှင့် ကွာခြား ပါသည်၊ ၎င်းတို့ သည်လက်နက်ကိုင်ဆောင်ခွင့်မရှိပါ) ၎င်းတို့ကိုယ် ၎င်းတို့ ကာကွယ်နိုင်စွမ်းရှိသည်ဟု ယူဆပါသည်။ အမျိုးသမီး KFD အရာရှိများသည်လည်း မိမိကိုယ်မိမိ ကာကွယ်ရန် သေနတ်ပစ်သင်တန်းများ ရရှိထားကြကြောင်း ၎င်းကပင် ပြောပြခဲ့ပါသည်။ သို့သော်လည်း ထိုအမျိုးသမီးများအတွက် သစ်တောများသည် လုံခြုံမှုမရှိဟု ၎င်းက ယူဆ နေဆဲဖြစ်ပါသည်။ [29]

အမျိုးသား GFD အရာရှိတစ်ဦးကလည်း အမျိုးသမီး GFD အရာရှိများသည် လုံခြုံရေးအတွက် စိုးရိမ်ရသဖြင့် သစ်တော များထဲတွင် ကွင်းဆင်း၍ တာဝန်ထမ်းဆောင်ရန်မသင့်ဟု ဆိုပါသည်။ ဝေးလံသည့် အရပ်ဒေသရှိ သစ်တောများသို့ သွားရောက်လျှင် တောထဲတွင် ညအိပ်ရခြင်းများရှိပြီး လုံခြုံရေးအစောင့်အရှောက်ပေးသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင် အားလုံးနီးပါးမှာလည်း အမျိုးသားများဖြစ်သောကြောင့် အမျိုးသမီးများနှင့် မသင့်တော်ဟုဆိုခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးအဖို့ သူမ၏ မိသားစု သို့မဟုတ် ခင်ပွန်းယောကျ်ား မပါဘဲ အခြားအမျိုးသား လုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် အမျိုးသား လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သစ်တောထဲတွင် ညအိပ်ခြင်းသည် လုံခြုံမှု မရှိသလို

27 Karen Human Rights Group (ကရင်လူ့အခွင့်အရေးအဖွဲ့), 2017, Op. cit.

28 ၂၀၁၉ စက်တင်ဘာလက ဘားအံမြို့တွင် တနသ်ာရီမှ မြို့နယ် KFD ဌာနမှူးအား တွေ့ဆုံမေးမြန်းခြင်း၊

29 Ibid.

သင့်တော်ခြင်းလည်းမရှိဟု ယူဆကြပါသည်။ ထိုကဲ့သို့ အမျိုးသမီးများ၏ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများသည် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် အဟန့်အတားများကို ဖြစ်ပေါ်စေပါသည်။

လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှု (SGBV) များ ဖြစ်ပွားမှု မြင့်မားခြင်းကလည်း စိုးရိမ်ကြောက်ရွံ့မှုနှင့် မလုံခြုံမှု ခံစားချက်များ ရှိနေသည့် ဝန်းကျင်အခြေအနေကို ဖန်တီးပေးပြီး အမျိုးသမီးများ၏ ပါဝင်လုပ်ဆောင်မှုနှင့် ခေါင်းဆောင်မှုကို လျော့ပါးထိခိုက်စေပါသည်။ သမိုင်းအစဉ်အဆက် စစ်ဘက်မှ ကရင်အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ [30] နှင့် ဒုက္ခသည် စခန်းများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ [31] ကျူးလွန်ခဲ့ကြပုံကို ကရင်အမျိုးသမီး အစည်းအရုံး (KWO) က မှတ်တမ်းတင်ထားပါသည်။ ထိုအဖွဲ့အစည်းသည် ကရင်ပြည်နယ်နှင့် ထိုင်း နိုင်ငံ ဒုက္ခသည်အသိုင်းအဝိုင်းအတွင်းမှ အဖွဲ့ဝင် အမျိုးသမီး ၆၀,၀၀၀ ရှိသော ဌာနေတိုင်းရင်းသား အမျိုးသမီးအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဤ SGBV အကြမ်းဖက်မှုများကို လျှော့ချရန် လိုအပ် သည့် တရားမျှတမှုကို လက်လှမ်းမီမှု သို့မဟုတ် ကာကွယ်စောင့်ရှောက်ပေးမှုတို့ မရှိခဲ့ပါ သို့မဟုတ် မလုံလောက်ခဲ့ပါ။ ထိန်းချုပ်မှုရောထွေးနေသောနယ်မြေများနှင့် အစိုးရမဟုတ်သောအဖွဲ့များ အုပ်ချုပ်သည့်နယ်မြေများတွင်လည်း SGBV နှင့်စပ်လျဉ်း၍ တရားမျှတမှုကို လက်လှမ်းမီမှုမရှိသည့် အလားတူအခြေအနေမျိုးရှိကြောင်း ဖြေဆိုသူများက ပြောပြကြပါသည်။ ဥပမာ တောင်ငူရှိ တိုင်ပင်ဆွေးနွေးမှုတစ်ခုတွင် ပါဝင်ဆွေးနွေးသူတစ်ဦးက အောက်ပါအတိုင်း ရှင်းပြပါသည် –

> *“လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုအတွက် သံတောင်ကြီးက အမျိုးသမီးအဖွဲ့တစ်ဖွဲ့ကို အကူအညီပေးဖို့ ဆက်သွယ်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က တိုက်ရိုက်ကူညီမပေးနိုင်ကြဘူး။ KNU နယ်မြေမှာ ဖြစ်တဲ့အတွက် KNU ကို လွှဲပြောင်းညွှန်းပို့ပေးခဲ့ပါတယ်။ အဲဒီလို လွှဲပြောင်းညွှန်းပို့ပြီးတဲ့နောက်ပိုင်းမှာလည်း KNU ဘက်က မြင်သာထင်ရှားတဲ့ အရေးယူ ဆောင်ရွက်မှုကို မတွေ့ခဲ့ရဘူး။”*[32]

KNU တွင် အမျိုးသမီး ရေးရာဌာနတစ်ခုနှင့် ကျားမရေးရာ မူဝါဒတစ်ခု ရှိနေသော်လည်း ဒေသန္တရ အဆင့်တွင် မြင်သာထင်ရှားသည့် လုပ်ဆောင်ချက်များ မရှိခြင်းကြောင့် KNU ၏ မူဝါဒဖော်ဆောင် မှုနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးမှုများတွင် ကွာဟချက်များရှိနေသည်ဟု အမျိုးသမီးအဖွဲ့အစည်းအချို့က ရှုမြင်ကြကြောင်း တွေ့ရပါသည်။ ရိုးရာအစဉ်အလာအရ ဆုပ်ကိုင်ထားသည့် သဘောထားခံယူမှုများကို ကျော်လွှားနိုင်ရန် ဒေသန္တရအဆင့် အရာရှိများအတွက် သင်တန်းများ ပိုမိုပို့ချပေးဖို့ လိုအပ်မည်ဖြစ်သည်။ သို့မှသာ ၎င်းတို့သည် အမျိုးသမီးများ၏ အခွင့်အရေးကို ပိုမိုနားလည်သိရှိလာမည်ဖြစ်ပြီး SGBV အကြောင်း ဆွေးနွေးမှုများသည် လူကြားသူကြားထဲတွင် မဆွေးနွေးအပ်သောအရာအဖြစ် လူမှုအဖွဲ့အစည်းမှ တားမြစ်ပိတ်ပင်ထားမှုများ (taboos) ကို ဖယ်ရှားပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများ၏ အရေးကိစ္စများသည်လည်း အရေးပါကြောင်း၊ ထိုအတွက် သင့်လျော်သည့် အရေးယူ ဆောင်ရွက်ချက်များ လိုအပ်ကြောင်း အသိအမှတ်ပြုလာကြမည်ဖြစ်သည်။

အထက်ဖော်ပြပါ ကွာဟချက်များက အစိုးရမဟုတ်သော လုပ်ဆောင်သူများ၏ အထက်အဆင့်နှင့် အောက်ခြေ အဆင့်များကြား ချဉ်းကပ်ဆောင်ရွက်ပုံနှင့် နားလည်သိရှိပုံများ ကွာခြားနေမှုကို ပြသနေပါသည်။ ဗဟိုအဆင့်တွင် KNU/KNLA သည် ဂျီနီဗာတိုက်တွန်းချက်၏ လက်နက်ကိုင်ပဋိပက္ခ အခြေအနေများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တားမြစ်ပိတ်ပင်ခြင်းနှင့် ကျားမခွဲခြားဆက်ဆံမှု ပပျောက်ရေး ဂျီနီဗာကတိစာချုပ်ကို မြန်မာနိုင်ငံမှ ပထမဆုံး

30 Karen Women's Organisation, 2007, Op. cit.; Karen Women's Organisation, Shattering silences: Karen women speak out about the Burmese Military Regime's use of rape as a strategy of war in Karen state (တိတ်ဆိတ်မှုများကို ဖြိုခွဲခြင်း – ကရင်ပြည်နယ်တွင် ဗမာ့စစ်အုပ်ချုပ်ရေးစနစ်မှ အဓမ္မပြုကျင့်မှုအား စစ်နည်းဗျူဟာအဖြစ် အသုံးပြုဟု ကရင်အမျိုးသမီးများ ထုတ်ဖော်ပြောကြား) Karen Women's Organisation, 2004, https://karenwomen.files.wordpress.com/2018/05/kwo-shattering-silences-report-2004.pdf

31 Karen Women's Organisation, Salt in the Wound (အနာကို ဆားနှင့်ပက်ခြင်း), Mae Sot, Thailand: Karen Women's Organisation, 2013, https://karenwomen.files.wordpress.com/2019/09/final-salt-in-the-wound-english-version.pdf

32 တောင်ငူတွင် အမျိုးသမီး CSO နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ။

လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ ၂၀၁၃ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။[33] ပါဝင်ဆွေးနွေးကြသူများက KNU ၏ တင်းကျပ်သော စည်းကမ်းများကို ပြန်ပြောင်းပြောပြကြပါသည်။ ဥပမာ NCA မတိုင်မီက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုသည် သေဒဏ်ပေးနိုင်သော ပြစ်မှုတစ်ခုဖြစ်ပြီး ရာဇဝတ်ပြစ်မှုများ ဖြစ်ပွားခဲ့လျှင် တရားမျှတမှု ရရှိအောင် လျှင်မြန်စွာ ဆောင်ရွက်ပေးခဲ့ကြောင်း ပြောပြပါ သည်။[34] ထိန်းချုပ်မှုများ ရောထွေးနေသည့် အုပ်ချုပ်ရေးနယ်မြေများတွင် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်းများမှာလည်း ရှင်းလင်းမှုမရှိသောကြောင့် ရာဇဝတ်မှုများ ပိုမိုအဖြစ်များသည်ဟု ပြောပြကြပါသည်။ ထို့ကြောင့် ထိန်းချုပ်မှုရောထွေးနေသောဒေသများတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအတွက် အဟန့်အတားများမှာ ပို၍ ကြီးမားပါသည်။

ထူးခြားသည့်အချက်မှာ အကြမ်းဖက်ပဋိပက္ခများသည် အမျိုးသမီးများအတွက် ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွင် ပိုမို ပါဝင်ဆောင်ရွက်ခွင့်ရရန် အခွင့်အလမ်းများကို ဖန်တီးပေးခဲ့ခြင်းပင်ဖြစ်သည်။ အကြောင်းမှာ အမျိုးသား အိမ်ထောင်ဦးစီးများ သို့မဟုတ် ရပ်ရွာခေါင်းဆောင်များသည် လက်နက်ကိုင်အုပ်စုများ၊ ယင်းနှင့်ဆက်နွှယ်သည့် အကြမ်းဖက်မှုများတွင် ပိုမိုပါဝင်ပတ် သက်ကြရသောကြောင့် ဖြစ်သည်။ အမျိုးသားများသည် တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်နေရသောကြောင့်သော်လည်းကောင်း၊ လက်နက်ကိုင် အကြမ်းဖက်မှုများ၏ သားကောင်ဖြစ်ရသောကြောင့်သော်လည်းကောင်း၊ အကြမ်းဖက်ခံရနိုင်သည့်အန္တရာယ်မှ လွတ်မြောက်အောင် ထွက်ပြေးရခြင်းကြောင့်သော်လည်းကောင်း မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ယင်းအခြေအနေသည် အမျိုးသမီးများအား ရှေ့ထွက်ကာ ဒေသန္တရအဆင့် ခေါင်းဆောင်မှုနှင့် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်သည့် အခွင့်အလမ်းများကို မရည်ရွယ်ဘဲ ဖန်တီးပေးခဲ့ပါသည်။ ထို့ကြောင့်လည်း ကရင်ပြည်နယ်တွင် မြန်မာနိုင်ငံရှိ အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီး ကျေးရွာအုပ်စု/ရပ်ကွက် အုပ်ချုပ်ရေးမှူး (VT/WAs) အရေအတွက် ပိုမိုများပြားနေခြင်း ဖြစ်နိုင်ပါသည်။[35] မြန်မာနိုင်ငံတွင် အဆိုပါ VT/WA များသည် ဗဟိုအစိုးရနှင့် ကျေးလက်နေ ပြည်သူလူထုများကြား အဓိကကျသော ကြားခံပေါင်းကူးတစ်ခုအဖြစ် အရေးပါသော အခန်းကဏ္ဍမှ ဆောင်ရွက်ပေးနေကြပါသည်။

ကရင်ဒေသများတွင် အမျိုးသားများသည် “အသက်နှင့်ရင်း၍ ရွာလူကြီးအဖြစ် ဆောင်ရွက်ရန် တွန့်ဆုတ်လာကြသည့်” ၁၉၈၀ ပြည့်လွန်နှစ်များမှ စတင်၍ အမျိုးသမီးများကို ရွာလူကြီးများ အဖြစ် ရွေးချယ်တင်မြှောက်သည့် အလေ့အထ စတင်ပျံ့နှံ့ခဲ့ပါသည်။”[36] အမျိုးသမီးအများစုသည် ခေါင်းဆောင်မှုအခန်းကဏ္ဍကို ၎င်းတို့၏ ကိုယ်ပိုင်ဆန္ဒအလျောက် ရှေ့ထွက်၍ ရယူခြင်းထက် ၎င်းတို့၏ ရပ်ရွာထဲမှ အများလေးစားသည့် အမျိုးသားခေါင်းဆောင်များမှ တောင်းဆိုလာသောအခါ မှသာ မိမိတို့၏ ရပ်ရွာကို အလုပ်အကျွေးပြုရန် နည်းလမ်းတစ်ခုအဖြစ် ဤစိန်ခေါ်မှုကို လက်ခံခဲ့ ကြခြင်းဖြစ်သည်။[37] ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဆောင်ရွက်စေခဲ့သော သုတေသနတွင် အမျိုး သမီးအုပ်ချုပ်ရေးမှူးများက ၎င်းတို့သည် အုပ်ချုပ်ရေးမှူးများအဖြစ် “အမျိုးသားများနှင့် တန်းတူလုပ်ဆောင်နိုင်သည့်” အစွမ်းရှိကြရုံမျှမက အမျိုးသမီးများ၏ အားသာချက်များကို အသုံးပြု၍ အမျိုးသားများ မစွမ်းဆောင်နိုင်သည်များကိုပါ စွမ်းဆောင်နိုင်သည်ဟု ယုံကြည်ယူဆကြကြောင်း တင်ပြထားပါသည်။ ၎င်းတို့က ပြဿနာဖြေရှင်းသူများနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီများအဖြစ် ၎င်းတို့၏ အခန်းကဏ္ဍကို အလေးပေးပြောကြားကြပါသည်။ အမျိုးသားအုပ်ချုပ်ရေးမှူးများသည် လုံခြုံရေးကိုသာ ဦးစားပေးကြပြီး စိတ်ရှည်မှု နည်းပါး၍ အရက်သေစာသောက်စားနိုင်ခြေ ပိုများသည်ဟု ယူဆကြပါသည်။ ၎င်းတို့ကမူ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းများကို အဓိကထားသည်ဟု

33 Geneva Call, The KNU/KNLA commits to the protection of children and the prohibition of conflict-related sexual and gender-based violence (KNU/KNLA မှ ကလေးများကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ပဋိပက္ခနှင့် ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှုကို တားမြစ်ပိတ်ပင်ရန် ကတိပြုခဲ့သည်), Geneva: Geneva Call, 24 July 2013, https://www.genevacall.org/knuknla-commits-protection-children-prohibition-conflict-related-sexual-gender-based-violence/

34 တောင်ငူတွင် ရပ်ရွာအခြေပြုအဖွဲ့အစည်းတစ်ခုနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၉ ဩဂုတ်လ

35 ကရင်ပြည်နယ်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အရေအတွက် အများဆုံး ဖြစ်ပါသည်။ E. Röell, Women and local leadership: Leadership journeys of Myanmar's female village tract/ward administrators (အမျိုးသမီးများနှင့် ဒေသန္တရအဆင့်ခေါင်းဆောင်မှု မြန်မာနိုင်ငံရှိ အမျိုးသမီးကျေးရွာအုပ်စု/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ခေါင်းဆောင်မှုခရီးစဉ်များကို ပေါင်းစည်းတင်ပြခြင်း), Yangon: United Nations Development Programme Myanmar, 2015 ကို ကြည့်ပါ။

36 Karen Women's Organisation, Walking amongst sharp knives (ချွန်မြသောဓားသွားများကြား လမ်းလျှောက်ခြင်း), Mae Hong Son: Karen Women's Organisation, 2010, p.1

37 E. Röell, 2015, Op. cit., p.2

ဆိုကြပါသည်။[38] ထိုအမျိုးသမီးရွာလူကြီးများသည် သတ္တိရှိရှိဖြင့် ၎င်းတို့ ရပ်ရွာလူထု၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ကြိုးပမ်းကြစဉ်တွင် တပ်မတော်၏ အကြမ်းဖက်မှုများကိုလည်း မကြာခဏ တွေ့ကြုံခံစားခဲ့ရရှာပါသည်။[39]

အမျိုးသမီးများကို VT/WA များအဖြစ် ခန့်အပ်မှုသည် အဆိုပါအဖွဲ့အစည်းစနစ်များ၏ အမျိုးသား ကြီးစိုးမှု သဘာဝကို မည်မျှအတိုင်းအတာအထိ ပြောင်းလဲစေခဲ့သနည်းဆိုသည်မှာ မေးခွန်းထုတ်စရာ ဖြစ်ပါသည်။ အမျိုးသမီးအုပ်ချုပ်ရေးမှူးများသည် ၎င်းတို့ရပ်ရွာအတွင်းရှိ အမျိုးသားများ၏ ဆန့်ကျင်မှုနှင့် ရံဖန်ရံခါ စော်ကားနှောင့်ယှက်မှုတို့ကို တွေ့ကြုံခံစားခဲ့ရပါသည်။[40] ဤသည်ကို ကြည့်လျှင် အခန်းကဏ္ဍများ ပြောင်းလဲခဲ့မှုနှင့်အတူ လူမှုအဖွဲ့အစည်းမှ သတ်မှတ်သောစံများ လိုက်ပါပြောင်းလဲမှု မရှိသေးကြောင်း ပေါ်လွင်နေပါသည်။ NCA လက်မှတ်ရေးထိုးပြီးနောက်တွင် အမျိုးသားများသည် ရပ်ရွာများသို့ ပြန်လာကြပြီး ခေါင်းဆောင်ရာထူးများကို ပြန်လည်ရယူလာကြသောကြောင့် အမျိုးသမီး VT/WA များသည် ရပ်ရွာ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍများမှ တဖြည်းဖြည်း နေရာပြန်ဖယ်ပေးကြရကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။[41] အမျိုးသမီးခေါင်းဆောင်များကို ဒေသန္တရအဆင့်ရှိ ရပ်ရွာလူထုအခြေပြုသော အခန်းကဏ္ဍများမှ ပိုမိုမြင့်မားသော အုပ်ချုပ်ရေးအဆင့်များသို့ တက်လှမ်းနိုင်အောင် ကူညီပံ့ပိုးပေးရန် လိုအပ်ပါသည်။ ထိုအတွက် VT/WA အဆင့်တွင် အမျိုးသမီးများ၏ ခေါင်းဆောင်ခဲ့မှုများမှ ရရှိထားသည့် အောင်မြင်မှုများပေါ်တွင် အခြေပြု၍ ယခင်က အမျိုးသမီးခေါင်းဆောင်များနှင့် လက်ရှိ အမျိုးသား ခေါင်းဆောင်များအတွက် ရည်ရွယ်ပံ့ပိုးပေးမှုများ ပြုလုပ်ခြင်းသည် အရေးပါသော ခြေလှမ်း တစ်ရပ် ဖြစ်နိုင်ပါသည်။ အထက်အဆင့်များသို့ ရောက်လာလျှင် အမျိုးသမီးများသည် ၎င်းတို့၏ အတွေ့အကြုံမရှိမှုများကြောင့် ဘေးရောက်နေတတ်ကြပြန်ရာ ခေါင်းဆောင်မှုနှင့် အုပ်ချုပ်ရေးအတွေ့အကြုံရှိသော အမျိုးသမီးများ၊ အတိအကျဆိုရလျှင် VT/WA များအဖြစ် အတွေ့အကြုံရှိခဲ့သည့် အမျိုးသမီးများကို ပံ့ပိုးပေးရန်မှာ မဟာဗျူဟာအရ အရေးပါလှပါသည်။

ပဋိပက္ခ၏ နောက်ထပ်အမွေဆိုးတစ်ခုမှာ ဒေသခံတိုင်းရင်းသားအများအပြားတွင် တရားဝင် မြေယာမှတ်ပုံတင်များ မရှိကြခြင်းဖြစ်ပြီး အထူးသဖြင့် အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသောဒေသများ၌ နေထိုင်သူများတွင် မည်သည့်အထောက်အထားမျှ မရှိကြပါ။ အခြေခံစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်ကြသော ကျေးလက်ဒေသ တိုင်းရင်းသားပြည်သူများအတွက် မြေယာလုပ်ပိုင်ခွင့် အာမခံချက်သည် အလွန်တရာ အရေးကြီးပြီး သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု (ထိန်းသိမ်းစောင့်ရှောက်ရန် သတ်မှတ်ထားသော နယ်မြေများတွင် လုပ်ကိုင်ရန်နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကဲ့သို့ ဒေသခံပြည်သူများ၏ ဆုံးဖြတ်ချက်ချမှတ်ပိုင် ခွင့် ရရှိရန်) အတွက် မြေယာမှတ်ပုံတင်ခြင်းသည် အဓိက လိုအပ်ချက် ဖြစ်ပါသည်။ KNU ကဲ့သို့ အစိုးရမဟုတ်သော လုပ်ဆောင်သူအချို့သည် မြေယာလက်မှတ်များကို ထုတ်ပေးကြသော်လည်း ကျေးလက်နေပြည်သူအများအပြားသည် ၎င်းတို့ မိရိုးဖလာ ထွန်ယက်စိုက်ပျိုးလာသော မြေယာများအတွက် မည်သည့်အထောက်အထား စာရွက်စာတမ်းမျှ မရှိကြပါ။ အထူးသဖြင့် ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများတွင် မရှိကြပါ။ ဖြေဆိုသူများက အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် ၎င်းတို့၏ မြေများကို အစိုးရ သို့မဟုတ် တပ်မတော်မှ ဖွံ့ဖြိုးရေး သို့မဟုတ် စီးပွားရေးစီမံကိန်းများအတွက် သိမ်းဆည်းခံရမည်ကို စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောကြားကြပါသည်။ လူအများအပြားထံမှ မြေများ သိမ်းယူခံရပြီး လယ်ယာထွန်ယက် စိုက်ပျိုးရေး အသက်မွေးမှုလုပ်ငန်းများ ဆုံးရှုံးကြရသည်ကို မြင်တွေ့နေရမှုများသည် အစိုးရအပေါ် ယုံကြည်မှု မြင့်မားလာရန် အထောက်အကူပြုနိုင်မည်မဟုတ်ပါ။[42]

38 Ibid.

39 တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးရွာလူကြီး သုံးပုံတစ်ပုံသည် ရိုက်နှက်ခြင်း သို့မဟုတ် ညှင်းပန်းနှိပ်စက်ခြင်းတို့ကို ခံခဲ့ရရာ အဓမ္မပြုကျင့်ခြင်း၊ အုပ်စုလိုက် အဓမ္မပြုကျင့်ခြင်း၊ ခေါ်ယူမေးမြန်းစစ်ဆေးခြင်းနှင့် ကိုယ်ဝန်ဆောင် သို့မဟုတ် ကလေးနို့တိုက်နေသော အမျိုးသမီးရွာလူကြီးများကို အဓမ္မအလုပ်ခိုင်းစေခြင်းတို့ ပါဝင်ပါသည်။ Karen Women's Organisation, 2010, Op. cit., p.2 ကို ကြည့်ပါ။

40 Ibid.

41 Karen Human Rights Group, Hidden strengths, hidden struggles: Women's testimonies from southeast Myanmar(တိမ်မြုပ်နေသော ခွန်အားများ၊ လူမသိသူမသိ ရုန်းကန်လှုပ်ရှားရမှုများ – မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသမှ အမျိုးသမီးများ ၏ သက်သေခံချက်များ), Karen Human Rights Group, 2016, p.3

42 တောင်ငူနှင့် ဘားအံရှိ တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၉ ဩဂုတ်လမှ စက်တင်ဘာလ၊

ထိန်းချုပ်မှုရောထွေးနေသော နယ်မြေများတွင် အုပ်ချုပ်ရေးစနစ်များသည် ရှင်းလင်းမှု မရှိသဖြင့် ထိုနယ်မြေများရှိ မြေများကို ကာကွယ်စောင့်ရှောက်ပေးရန်မှာ ပို၍ပင် ခက်ခဲပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် သဘော သဘာဝ အားဖြင့် အလွန်သိမ်မွေ့ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကြောင်းပြု၍ KNU သည် ၎င်းတို့၏ မြေများကို အစိုးရ သို့မဟုတ် အစိုးရနှင့် ပူးပေါင်းလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများမှ သိမ်းယူခြင်းမခံရအောင် အကာအကွယ်ပေး ရန်အတွက် မှတ်ပုံတင်ပေးဖို့ တွန့်ဆုတ်နေခဲ့ကြောင်း ဖြေဆိုသူများက ဆိုကြပါသည်။ အများအားဖြင့် အမျိုးသားများ ကိုသာ အိမ်ထောင်ဦးစီးများအဖြစ် တရားဝင် အသိအမှတ်ပြုသည့်စနစ်[43] နည်းတူ အစိုးရ၏ မြေယာ မှတ်ပုံတင်စနစ်တွင် လည်း အမျိုးသားအိမ်ထောင်ဦးစီးများ၏ အမည်ဖြင့်သာ မှတ်ပုံတင်ပေးလေ့ရှိပါသည်။ ထို့ကြောင့် တရားဝင်မြေ ပိုင်ဆိုင်ခွင့် မှတ်ပုံတင်ပေးသည့်စနစ်တွင် အမျိုးသမီးများသည် အစဉ်အဆက် ခွဲခြားဆက်ဆံခြင်း ခံလာခဲ့ရပါသည်။ ထားဝယ်ဒေသရှိ သုတေသနပြု လေ့လာမှုများတွင် ကျားမတန်းတူညီမျှရေးကို သတိပြုနားလည်မှု၊ အလေးထားမှုမရှိ သည့် တရားဝင်မြေယာမှတ်ပုံတင်ပေးသည့်စနစ်ကြောင့် "အမျိုးသားများမှ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့်တိုင် လက် တွေ့မြေယာပိုင်ဆိုင်လုပ်ကိုင်မှုတွင် ကျားမတန်းတူညီမျှမှုအတန်အသင့်ရှိနေသည့်စနစ်သည် အစားထိုးခံရနိုင်ကြောင်း" ညွှန်ပြနေပါသည်။[44]

## လက်တွေ့ဘဝတွင် ရင်ဆိုင်ရသော အဟန့်အတားများ

အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို လက်တွေ့ကျကျ ဟန့်တားထားသော အရာအချို့ရှိနေပါသည်။ ထိုအရာများ သည် လူမှုအဖွဲ့အစည်းမှ သတ်မှတ်ထားသော ကျားမရေးရာစံများနှင့် များစွာဆက်နွှယ်ချိတ်ဆက်နေပါသည်။

- **လွတ်လပ်စွာသွားလာနိုင်မှု (သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးကိစ္စများ)–** အမျိုးသမီးများသည် မကြာခဏဆိုသလို ၎င်းတို့ နေထိုင်ရာ ရွာများမှ ထွက်ခွာ၍ သွားလာရန်အတွက် မိသားစုနှင့် ရပ်ရွာ၏ ခွင့်ပြုချက်ကို လိုအပ်လေ့ရှိပါသည်။ အထူးသဖြင့် လူနည်းစုအုပ်စုများမှ အမျိုးသမီးများကို ဦးတည်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရာဇဝင်များရှိပြီး လမ်းတွင် လုံခြုံမှုမရှိသည့် အခြေအနေများကို တွေ့ရလေ့ရှိသော ပဋိပက္ခ အခြေအနေများတွင် အမျိုးသမီးများ၏ အသွားအလာကန့်သတ်ချက်များသည် ပို၍တင်းကျပ်ပါသည်။ မကြာသေး မီက မြဝတီအနီးတွင် ယာဉ်မတော်တဆမှုတစ်ခု ဖြစ်ခဲ့ပြီး CSO လုပ်ငန်းများအတွက် ခရီးသွားသော အမျိုးသမီး တစ်ဦး သေဆုံးခဲ့ရကြောင်း ဖြေဆိုသူအချို့က ပြောပြခဲ့ပါသည်။[45] ဤသည်နှင့် ဆက်နွှယ်နေသည်မှာ အမျိုးသမီး တစ်ဦးအဖို့ မော်တော်ဆိုင်ကယ်ဖြင့် ခရီးသွားခြင်းသည် လက်သင့်ခံနိုင်ဖွယ်မရှိ သို့မဟုတ် အန္တရာယ်မကင်းဟု ရှုမြင်ယူဆမှု ဖြစ်ပါသည်။ အမျိုးသမီးများ ဆိုင်ယ်ကယ်မောင်းခြင်းသည် လက်သင့်ခံနိုင်သည့်အချက် ဖြစ်သည်ဟု ယူဆမှုအတိုင်းအတာမှာ လူတစ်ဦးနှင့် တစ်ဦးကြား များစွာကွာခြားကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် လူများ၏ လက်ခံနိုင်မှုနှင့် မိဘများနှင့် ရပ်ရွာ၏ စိုးရိမ်ကြောင့်ကြမှုများကြောင့် CSO များအနေဖြင့် လူငယ်များ နှင့် အမျိုးသမီးများ (အထူးသဖြင့် အမျိုးသမီးငယ်များ) ကို အခြားရွာတစ်ရွာသို့ သင်တန်းတက်ရန် သို့မဟုတ် အစည်းအဝေးတက်ရန် ခေါ်ယူနိုင်ရေးသည် စိန်ခေါ်မှုတစ်ခု ဖြစ်လာပါသည်။[46]

- **ကလေးပြုစု စောင့်ရှောက်ခြင်း နှင့် အိမ်မှုကိစ္စ တာဝန်များ–** မြန်မာနိုင်ငံရှိ အခြားဒေသများမှာကဲ့သို့ပင် ကရင်ဒေသ တွင်လည်း အမျိုးသမီးများ၏ တာဝန်ဟု ထုံးတမ်းစဉ်လာ ရှုမြင်သတ်မှတ်ထားမှုများ ရှိပါသည်။ အိမ်မှုကိစ္စတာဝန်

43 မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်တွင် အိမ်ထောင်စုတိုင်းအတွက် အိမ်ထောင်ဦးစီးတစ်ဦး ရွေးချယ်သတ်မှတ်ရပါသည်။ ထိုအိမ်ထောင်ဦးစီးများသည် အမျိုးသားများသာ ဖြစ်ပါသည်။ အမျိုးသားများသည် အဝေးတွင် သွားရောက်၍ အလုပ်လုပ်ကိုင်နေခြင်း၊ ကွယ်လွန်သွားခြင်း သို့မဟုတ် မိသားစုကို စွန့်ခွာသွားခြင်းရှိမှသာ အမျိုးသမီးများကို အိမ်ထောင်ဦးစီးအဖြစ် အသိအမှတ်ပြုပါသည်။ ၂၀၁၆ အမျိုးသားမြေအသုံးချမှုမူဝါဒတွင် အမျိုးသမီးများသည် တစ်ဦးတည်းသော်လည်းကောင်း၊ ခင်ပွန်းယောကျ်ားနှင့် ပူးတွဲ၍သော်လည်းကောင်း မြေပိုင်ဆိုင်ခွင့်ရှိသည်ဟု ဖော်ပြပါရှိသော်လည်း မြေယာမှတ်ပုံတင်စာရွက်တွင် နာမည်တစ်ခုသာ ရေးသွင်းရန် နေရာရှိပြီး ရေးသွင်းရမည့် အမည်မှာ အိမ်ထောင်ဦးစီး၏ အမည်သာဖြစ်သဖြင့် အိမ်ထောင်စု၏ စီးပွားရေးကို အမျိုးသားများ၏ ကြီးစိုးမှုအား ပိုမိုခိုင်မာစေပါသည်။

44 Tròcaire and Land Core Group and, Briefing paper: Formalising land, marginalising women? Norms and customary practices regarding land rights in Dawei (မြေယာတရားဝင်မှတ်ပုံတင်ခြင်းသည် အမျိုးသမီးများကို ပစ်ပယ်ထားပါသလား – ထားဝယ်ရှိ မြေယာအခွင့်အရေးများဆိုင်ရာ စံသတ်မှတ်ချက်များနှင့် မိရိုးဖလာ ကျင့်သုံးမှု အစဉ်အလာများ), Dublin: Tròcaire, 2018, p.1

45 ဘားအံကျေးလက်ဒေသတွင် အမျိုးသားတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့မှု၊ ၂၀၁၉ စက်တင်ဘာလ

46 Ibid.

များသည် များပြားပြီး နိုင်ငံတစ်ဝှမ်းရှိ အိမ်ထောင်စုများ၏ ၄၀% တွင် ၎င်းတို့၏ နေအိမ်ခြံဝင်းအတွင်း ရေကို လက်လှမ်းမီ ရရှိမှု မရှိကြပါ။[47] ကျေးလက်နေအိမ်ထောင်စုများတွင်လည်း အစိုးရလျှပ်စစ်ဓာတ်အားလိုင်း ကွန်ရက်နှင့် ချိတ်ဆက်နိုင်သည်မှာ ၂၅% သာ ရှိပါသည်။[48]

- **စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ–** အမျိုးသမီးများကို မကြာခဏဆိုသလို အိမ်ထောင်စုဝင်ငွေအား တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးရန် မျှော်လင့်ကြပါသည်။ ဤသည်က အမျိုးသမီးများအတွက် ကျားမရေးရာ၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှု သို့မဟုတ် ဖွံ့ဖြိုးတိုး တက်မှုနှင့်စပ်လျဉ်းသော အသိပညာဗဟုသုတများကို လေ့လာသင်ယူခြင်း နှင့် အချင်းချင်း မျှဝေပေးခြင်းတို့ကို လုပ်ဆောင်နိုင်သည့် အချိန်လျော့နည်းသွားစေပါသည်။ ဥပမာ ပါဝင်ဆွေးနွေးပေးသူအမျိုးသမီးတစ်ဦးက သူမ၏ KNU စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သော ခင်ပွန်းဟောင်းက ရှေးဦး အရွယ်ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်တွင် အခြားသူများကို ဗဟုသုတများ ဖြန့်ဝေပေးသည့်အလုပ်အား ဝင်ရောက်လုပ်ကိုင်ခြင်းကို လစာနည်းလွန်းသည်ဟု ယူဆသဖြင့် အားမပေးခဲ့ဟု ရှင်းပြပါသည်။ [49]

အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှုကို ဟန့်တားထားသော အရာများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်နွယ်ချိတ်ဆက်လျက်ရှိပါသည်။ အမျိုးသားဖြစ်မှု၊ အမျိုးသမီးဖြစ်မှုပေါ်တွင် အခြေခံ၍ လူမှုအဖွဲ့အစည်းမှ သတ်မှတ်သော လူမှုရေးစံများသည် အခြားသော ကိုယ်ပိုင်လက္ခဏာဆိုင်ရာ အကြောင်းအချက်များ ဖြစ်သည့် အသက်အရွယ်၊ တိုင်းရင်းသားလူမျိုးစု၊ ကိုးကွယ်သည့် ဘာသာ၊ ပညာအရည်အချင်း၊ ဝင်ငွေ အဆင့်အတန်းတို့၏ ပုံသွင်းခြင်းကိုလည်း ခံရပါသည်။ ထို့ပြင် အမျိုးသမီးတစ်ဦးသည် မြို့ပြ၊ မြို့ပြဝန်းကျင် သို့မဟုတ် ကျေးလက်တွင် နေထိုင်ခြင်းဟူသည့် အကြောင်းအချက်ကလည်း ၎င်းတို့ ရင်ဆိုင်ရသည့် အဟန့်အတားများအပေါ် သြဇာသက်ရောက်မှု ရှိပါသည်။ မသန်စွမ်းအမျိုးသမီးများ၊ အထူးသဖြင့် လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်ခံထားရ သူများသည် ပါဝင်ဆောင်ရွက်ခွင့်ရရန် အဟန့်အတားများ ထပ်ဆောင်းရင်ဆိုင်ကြရပါသည်။ သုတေသနတွင် ပါဝင်ဆွေးနွေးပေးသူများက အသက်အရွယ်သည်လည်း အရေးပါသည့် အကြောင်းအချက်တစ်ခုဖြစ်ကြောင်း၊ ငယ်ရွယ်သော အမျိုးသမီးများ အလွန်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသောအခါ အမျိုးသမီးကြီးအချို့မှာ စိတ်မသက်မသာ ခံစားကြရလေ့ရှိကြောင်း သုံးသပ်ပြောပြကြပါသည်။[50] ထိုကဲ့သို့ အမျိုးသမီးငယ်များ တက်ကြွစွာ ပါဝင်လာမှု၏ တစ်စိတ်တစ်ဒေသသည် ပညာတတ်မြောက်မှုအခြေအနေများ ပြောင်းလဲလာမှုနှင့် ရပ်ရွာအခြေပြုဖွံ့ဖြိုးမှုဆောင်ရွက်ချက်များ များပြားလာမှုတို့ကြောင့် ဖြစ်ပါသည်။ အလားတူပင် ကျားမရေးရာစံများသည်လည်း တဖြည်းဖြည်းချင်းနှင့်တစ်ဆင့်ချင်း စတင်တိုးတက်ပြောင်းလဲလာနိုင်ပါသည်။

## လူမှုရေးစံသတ်မှတ်ချက်များ

ယေဘုယျအားဖြင့် လူမှုအဖွဲ့အစည်းမှ သတ်မှတ်ထားသော စံများသည် အမျိုးသမီးများ၏ စွမ်းရည် အပေါ် ယုံကြည်မှုနည်းပါးစေသော အရာများဟု မှတ်ယူကြပါသည်။ လူမှုအဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များသည် အမျိုးသမီးများမှ ၎င်းတို့၏ ကိုယ်ပိုင်စွမ်းရည်များနှင့် အခြားအမျိုးသမီးများ၏ စွမ်းရည်များအပေါ် ရှုမြင်ပုံအား ဘောင်ခတ်ကန့်သတ်ထားပါသည်။ ထိုမျှသာမက အမျိုးသားများက အမျိုးသမီးများ (နှင့် ၎င်းတို့ကိုယ်၎င်းတို့) အပေါ် ရှုမြင်ပုံကိုလည်း ပုံသွင်းပေးပါသည်။ ယင်းသည် အမျိုးသမီးများ၏ ကိုယ်ကာယပိုင်းဆိုင်ရာ ခွန်အားနှင့် စွမ်းဆောင်နိုင်မှုများသာမက ရပ်ရွာ သို့မဟုတ် အဖွဲ့အစည်းများတွင် ခေါင်းဆောင်နိုင်သည့် စွမ်းရည်များနှင့်ပါ သက်ဆိုင်ပါသည်။ ထို့ကြောင့်

47 Central Statistical Organization, United Nations Development Programme and World Bank, Myanmar living conditions survey 2017: Key indicators report (မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း၊ ၂၀၁၇ – အဓိကညွှန်ကိန်းများ အစီရင်ခံစာ), Nay Pyi Taw and Yangon: Ministry of Planning and Finance, United Nations Development Programme and World Bank, 2018, p.68. နွေရာသီနှင့် မိုးရာသီကြားတွင် လက်လှမ်းမီမှု ကွာခြားပြီး မြို့ပြဒေသများတွင် လက်လှမ်းမီမှု ပိုများပါသည်။

48 Ibid., p.68. ထိုအိမ်ထောင်စုများထဲမှအချို့သည် ရပ်ရွာဓာတ်အားလိုင်းများကို လက်လှမ်းမီရရှိကြပြီး မီးထွန်းရန် အတွက် အိမ်သုံးဆိုလာစနစ်များ တပ်ဆင်အသုံးပြုကြသည့် အိမ်ထောင်စုအရေအတွက်မှာ တိုးလာပါသည်။

49 လိပ်သိုမှ အမျိုးသမီး အရပ်ဘက်အဖွဲ့အစည်းဝင်တစ်ဦးကို တောင်ငူတွင် တွေ့ဆုံမေးမြန်းခဲ့မှု၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၇–၂၈ ရက်

50 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်–စက်တင်ဘာ၊

“အမျိုးသားများသည် ဆုံးဖြတ်ချက်ချမှတ်သည့်အခန်းကဏ္ဍများမှ အစဉ်အမြဲပါဝင်ဆောင်ရွက်ကြပါသည်။”[51]ယင်းကို အားဖြည့်ပေးနေသည်မှာ သဘာဝပတ်ဝန်းကျင် သို့မဟုတ် ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်သော သမားရိုးကျ လုပ်ငန်းများတွင် တွေ့ရလေ့ရှိသည့် ကျားမရေးရာဆက်နွယ်ပတ်သက်မှုများ ဖြစ်ပါသည်။ ဥပမာ အသိပညာပေး အစီအစဉ်များ၊ သင်တန်းများတွင် အမျိုးသမီးသင်တန်းသားများကို အမျိုးသား သင်တန်းဆရာများက သင်တန်းပို့ချပေးနေပြီး ငွေသား သို့မဟုတ် စိုက်ပျိုးရေးကို အခြေခံသော လုပ်ငန်းများတွင် အမျိုး သားများက ဝင်ရောက်လုပ်ကိုင်နေကြခြင်းတို့ဖြစ်သည်။[52] ဘားအံရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတစ်ခုမှ အမျိုးသမီး ကိုယ်စားလှယ်တစ်ဦးက “သစ်တောလုပ်ငန်းအကြောင်း သင်တန်းပေးတဲ့ အမျိုးသမီးသင်တန်းဆရာကို တစ်ခါမှ မမြင်ဖူးဘူး”ဟု ဆိုပါသည်။[53] ဤအခြေအနေသည် အမျိုးသားများသည် ဦးဆောင်သူများဖြစ်ပြီး အမျိုးသမီးများသည် နောက်လိုက်များ ဖြစ်သည်ဟူသော ယူဆချက်များကို အားဖြည့်ထောက်ကူပေးနေပါသည်။

ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အိမ်ထောင်စုစာရင်းများတွင် အိမ်ထောင်စုအတွင်း မည်သူက မိသားစု ဝင်ငွေကို ရှာဖွေပေးနေသည်ဖြစ်စေ အမျိုးသားများကိုသာ ‘အိမ်ထောင်ဦးစီး’ အဖြစ်နှင့် ကျန်အိမ်ထောင်စုဝင်များအား လုံးကို ‘မှီခိုသူများ’အဖြစ် စာရင်းသွင်းသည့် စနစ်များကလည်း အထက်ပါအယူအဆများကို တရားဝင်ဖြစ်အောင် ကျားကန်ပေးလျက် ရှိပါသည်။ လူမှုယဉ်ကျေးမှုဆိုင်ရာ မျှော်လင့်ချက်များနှင့် မိရိုးဖလာယုံကြည်ချက်များကလည်း လူမှုရေး၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးနယ်ပယ်များတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍများကို ရယူနိုင်မည့် အခွင့်အရေးများအား ထပ်မံကန့်သတ်ထားပြန်ပါသည်။ ခရစ်ယာန်ဘာသာဖြစ်စေ၊ ဗုဒ္ဓဘာသာဖြစ်စေ သို့မဟုတ် နတ်ကိုးကွယ်မှုတွင်ဖြစ်စေ ဘာသာရေးဆိုင်ရာ ကျင့်သုံးမှုအများစုသည် သာမာန်ကိုးကွယ်သူမှစ၍ ဘာသာရေးခေါင်းဆောင်အထိ အမျိုးသားများကိုသာ အမျိုးသမီးများထက်ပို၍ အခွင့်ထူးများ ပေးအပ်ထားပါသည်။



© Kaw Lah Foundation

ကရင်ပြည်နယ် ဘားအံတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် ဒေသပိုင်ဥယျာဉ်ခြံပြုလုပ်ရန်အတွက် ပြင်ဆင်နေကြစဉ်

51 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် သြဂုတ်လ

52 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ သြဂုတ်–စက်တင်ဘာ၊

53 ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ၊

အမျိုးသမီးအဖွဲ့အစည်းများရှိ ခေါင်းဆောင်မှုရာထူးများကို ရယူထားသော အမျိုးသမီးများသည်လည်း များသောအားဖြင့် သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်သော ကိစ္စများထက် အခြားဦးစားပေးနယ်ပယ်များကို အာရုံစိုက်လေ့ရှိပါသည်။[54] မကြာခဏဆိုသလို ၎င်းတို့သည် ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ လူမှုရေးကိစ္စများကို အာရုံစိုက်ကြပြီး နိုင်ငံရေးလုပ်ငန်းစဉ်များ တွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု မြင့်မားလာအောင် အားပေးခြင်းနှင့် SGBV အကြမ်းဖက်မှုခံခဲ့ရသူများကို ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ကြပါသည်။ သစ်တောကဏ္ဍတွင် တက်ကြွစွာဆောင်ရွက်နေသည့် အမျိုးသမီးခေါင်းဆောင် အနည်းငယ်မျှသာရှိသည့်အထဲမှတစ်ဦးမှာ အငြိမ်းစားမူလတန်းကျောင်းအုပ်ဆရာမကြီးဖြစ်ပြီး ယခုအခါ တနင်္သာရီရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတစ်ခုကို ဦးဆောင်နေပါသည်။[55]

အမျိုးသားများရော အမျိုးသမီးများကပါ သစ်တောများကို အမျိုးသားများသာ သွားလာကြီးစိုးသင့်သည့် နေရာအဖြစ်ယူဆကြခြင်းကလည်း အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုခံရေးတွင် အဟန့်အတားဖြစ်စေပါသည်။[56] ဥပမာ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးများက ၎င်းတို့သည် သစ်တောများကို အသုံးပြုခြင်း သို့မဟုတ် စီမံလုပ်ကိုင်ခြင်းများတွင် မည်သည့်အခန်းကဏ္ဍကမျှ ပါဝင်ခြင်းမရှိဟု ဆိုပါသည်။ သို့သော် အသေးစိတ် ထပ်မံမေးမြန်းသောအခါ ၎င်းတို့သည် နေ့စဉ် ထင်းဖြင့်ချက်ပြုတ်နေကြပြီး ထိုထင်းများကို ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏ သမီးများက သစ်တောထဲမှ ကောက်ယူစုဆောင်းလာခြင်းဖြစ်ကြောင်းသိရပါသည်။[57] ထင်းများ ရောင်းချပေးနေသော ဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးသည်လည်း အစပိုင်းတွင် သူမကိုယ်သူမ သစ်တောနှင့်စပ်လျဉ်းသည့် ဆွေးနွေးမှုများတွင် ပါဝင်ဆွေးနွေးသင့်သည့် အကျိုးသက်ဆိုင်သူ တစ်ဦးအဖြစ် ရှုမြင်ခဲ့ခြင်း မရှိပါ။ နောက်ပိုင်းမှသာ သူမသည် သစ်တောမှ ထွက်သောပစ္စည်းများကို တိုက်ရိုက်အသုံးပြုသူနှင့် တစ်ဆင့်ခံရောင်းချပေးသူဖြစ်ကြောင်း သိရှိလာခဲ့ပါသည်။[58] အမျိုးသမီးများ၏ အခန်းကဏ္ဍများနှင့် သစ်တောထွက်ပစ္စည်းများကို နေ့စဉ်သုံးစွဲနေမှုအား ပိုမိုမြင်သာထင်ရှားအောင် လုပ်ဆောင်ပေးခြင်းဖြင့် အမျိုးသမီးများအား သစ်တောစီမံ အုပ်ချုပ်လုပ်ကိုင်မှုတွင် ခေါင်းဆောင်မှုအခန်းကဏ္ဍများကို ရယူရန် ယုံကြည်မှုများ တိုးပွားလာအောင် ကူညီပေးနိုင်ပါသည်။

## အမျိုးသမီးများ ထမ်းရွက်ရသည့် အလုပ်ပမာဏ – နှစ်ဆပိုသော ဝန်ထုပ်ဝန်ပိုးများ ထမ်းရွက်ရခြင်း

အမျိုးသမီးများ ထပ်ဆောင်းရင်ဆိုင်ရသော အဟန့်အတားတစ်ရပ်မှာ အိမ်ထောင်စု အဆင့်ရှိ အမျိုးသားနှင့် အမျိုးသမီးကြား အလုပ်တာဝန်ခွဲဝေသတ်မှတ်ချက် ဖြစ်ပါသည်။ ထိုသတ်မှတ်ချက်အရ အမျိုးသမီးများသည် အိမ်ထောင်စုစားသုံးရန် တစ်နိုင်တစ်ပိုင်ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် သက်မွေးမှုလုပ်ငန်းများနှင့်အတူ အိမ်မှုကိစ္စနှင့် ကလေးပြုစုစောင့်ရှောက်မှု တာဝန်အများစုကို ထမ်းရွက်ကြရပါသည်။ များပြားလေးလံသော ထိုလုပ်ငန်းတာဝန်များကို ထမ်းရွက်နေရသည့် အမျိုးသမီးများအဖို့ ရပ်ရွာထဲရှိ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ရန် အချိန်နည်းပါးသွားသည်မှာ သဘာဝကျပါသည်။ ထို့ပြင် ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များအတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း အကန့်အသတ် ဖြစ်စေပါသည်။

54 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်–စက်တင်ဘာ၊ ယင်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း အစီရင်ခံစာရေးသားသူ၏ ရန်ကုန်နှင့် နေပြည်တော်ရှိ နိုင်ငံအဆင့် အမျိုးသမီးခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ကျားမရေးရာ မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးမှုများတွင် လေ့လာတွေ့ရှိချက်နှင့် ကိုက်ညီမှု ရှိပါသည်။

55 သစ်တောကျွမ်းကျင်သူနှင့် တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ၊

56 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ

57 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ

58 လိပ်သိုမှ အမျိုးသမီးနှင့် တွေ့ဆုံမေးမြန်းမှု၊ တောင်ငူ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ၊

အမျိုးသမီးများအပေါ် ထားရှိသည့် အိမ်မှုကိစ္စနှင့် ကလေးများ မွေးဖွား၍ ပြုစုစောင့်ရှောက်ပေးရန် တာဝန်များအား ထမ်းဆောင်ရန် မျှော်လင့်ချက်သည် မိန်းကလေးငယ်များ၏ ကျောင်းပညာသင်ယူနိုင်မှု အခွင့်အလမ်းအား နည်းပါးသွားစေသည်မှာလည်း အစဉ်အလာဖြစ်နေပါသည်။ ပဋိပက္ခကြောင့် ကျောင်းများ ပျက်စီးခြင်းနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်းကြောင့် ကျောင်းဆက်မတက် နိုင်ခြင်းကဲ့သို့ ပဋိပက္ခကြောင့် ကျောင်းပညာသင်ယူနိုင်မှုအပေါ် သက်ရောက်မှုများက အခြေအနေကို ပိုဆိုးစေပါသည်။ ထိုအခြေအနေများသည် ပဋိပက္ခဒဏ်ခံရသည့် ကျေးလက်နေလူမှု အသိုင်းအဝိုင်းများမှ မိန်းကလေးများအပေါ် ပို၍သက်ရောက်မှု ရှိပါသည်။ မိန်းကလေးဖြစ်နေမှုကြောင့် ပညာရေးအတွက် အတားအဆီးဖြစ်မှုသည် အမျိုးသမီးဖြစ်နေခြင်းကြောင့် ပါဝင်ဆောင်ရွက်နိုင်မှုနှင့် ခေါင်းဆောင်မှုအတွက် အတားအဆီးများ ဖြစ်လာပါသည်။

ပါဝင်ဆွေးနွေးသူများက မြို့ပြဒေသများမှ အမျိုးသမီးများသည် ပါဝင်ဆောင်ရွက်နိုင်ခြေ ပိုများပြီး ကျေးလက်ဒေသများတွင်မူ နှိုးဆော်စည်းရုံးအားပေးမှုများ မရှိသောကြောင့် ကျေးလက်ဒေသမှ အမျိုးသမီးများသည် ပါဝင်ဆောင်ရွက်ခြေ နည်းပါးသည်ဟု ဆိုကြပါသည်။[59] အစည်းအဝေးနှင့် သင်တန်းတိုင်းတွင် များသောအားဖြင့် ပါဝင်တက်ရောက်နေကျ အမျိုးသမီးများသာ တက်ရောက်နေကြပြီး ၎င်းတို့၏ နားလည်သိကျွမ်းမှု၊ စွမ်းဆောင်ရည်နှင့် မိမိကိုယ်မိမိ ယုံကြည်မှုများကို တိုးပွားအောင်လုပ်ဆောင်နိုင်ကြသော်လည်း ၎င်းတို့ကဲ့သို့ ပါဝင်တက်ရောက်နိုင်ခြင်းမရှိကြသူများမှာ 'နောက်တွင် ပို၍ဝေးကွာစွာ ကျန်ရစ်'ကြပါသည်။ ထို့ကြောင့် ပါဝင်တက်ရောက်နိုင်သူများသည် ရပ်ရွာရှိ အခြားသူများ ထံသို့ လေ့လာသင်ယူခဲ့သည့် သတင်းအချက်အလက်များကို 'ဆင့်ပွား လက်ဆင့်ကမ်းပေးနိုင်သည့်' နည်းလမ်းများကို ရှာဖွေပေးရန် လိုအပ်နေပါသည်။ တစ်ဖက်တွင်လည်း အမျိုးသားခေါင်းဆောင်များသည် သင်တန်းတက်ထားသော အမျိုးသမီးများထံမှ သင်ယူလိုခြင်းမရှိကြသဖြင့် အသိပညာဗဟုသုတများ ရယူနိုင်မှု နည်းပါးစေပါသည်။ ဥပမာ အော်ဂဲနစ် မြေသြဇာသင်တန်းဖြစ်သည်။[60] ဤအခြေအနေသည် အိမ်ထောင်စုအဆင့်ရှိ ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု မရှိစေရေး ကြိုးပမ်းမှုများကိုလည်း ဟန့်တားထားပါသည်။ ဥပမာ အသက်မွေးဝမ်းကျောင်းမှုအတွက် သစ်တောများမှ မှိုစ်ချိုးရသော အမျိုးသမီးများသည် ၎င်းတို့၏ ခင်ပွန်းယောကျ်ားများကို မှိုစ်အချို့ကို အပင်ကြီးဖြစ်လာအောင် မချိုးဘဲ ချန်ထားရန် အမြဲသတိပေးကြောင်း၊ သို့မှသာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအတွက် မှိုစ်များ ပြတ်လပ်မသွားစေရန် ဖြစ်ကြောင်း၊[61] သို့သော် အမျိုးသားများက ၎င်းတို့ပြောစကားကို နားမထောင်ကြကြောင်း[62] ပြောပြပါသည်။ ထို့ကြောင့် ၎င်းတို့မိသားစုများ၏ ဝင်ငွေများမှာ ရေရှည်တွင် ထိခိုက်ကြရပါသည်။

## ဆင့်ပွားဆိုးကျိုးသက်ရောက်မှုများ

မိန်းကလေးများနှင့် အမျိုးသမီးများ၏ ပညာသင်ယူနိုင်မှု အကန့်အသတ်ရှိခြင်း (အထူးသဖြင့် ဝေးလံခေါင်ဖျား ကျေးလက်ဒေသများတွင်) သည် အမျိုးသားများနှင့် အမျိုးသမီးများကြား ကျွမ်းကျင်မှုများ ကွာဟသည်ဟု ယူဆမှုနှင့် အမှန်တကယ်ကွာဟနေမှုတို့ကို ပို၍ဆိုးရွားစေပါသည်။ ပါဝင်ဆွေးနွေးသူများက အမျိုးသမီးများ ရင်ဆိုင်ရသည့် ပညာရေးဆိုင်ရာ အဟန့်အတားများနှင့် ၎င်းတို့ ထမ်းရွက်ရသည့် အိမ်မှုကိစ္စတာဝန်များကြောင့် ၎င်းတို့၏ သစ်တောလုပ်ငန်းများ အကောင်အထည်ဖော်မှုသည် အတော်ပင်အားနည်းကြောင်း ပြောပါသည်။[63] ဤသည်မှာ အမျိုးသမီးဖြစ်နေမှုကြောင့် ပါဝင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အဟန့်အတားများကို အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်စွမ်း အားနည်းမှုအဖြစ် လှည့်စားရှုမြင်ခြင်းပင်ဖြစ်ပြီး အမျိုးသမီးများကို ၎င်းတို့ ရင်ဆိုင်ရသည့် အဟန့်အတားများ

59 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ-စက်တင်ဘာလ၊

60 ထန်းတပင်မှ အမျိုးသမီးများက ၎င်းတို့၏ အတွေ့အကြုံကို ဆွေးနွေးတင်ပြကြပါသည်။ ၎င်းတို့သည် (တိရစ္ဆာန်ချေး များမှ) -အော်ဂဲနစ်မြေသြဇာ ထုတ်လုပ်အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများအကြောင်း သင်တန်းရရှိကြပါသည်။ သို့သော် ရပ်ရွာတွင် ဦးဆောင်နေသော အမျိုးသားများ၏ အတိုက်အခံပြုမှုများကြောင့် ၎င်းတို့သည် အော်ဂဲနစ်မြေသြဇာကို ပြောင်းလဲသုံးစွဲနိုင်ခြင်း မရှိကြပါ။ ထိုအမျိုးသားများသည် သင်တန်း တက်ရောက်ခြင်း မရှိကြဘဲ ဓာတုဓာတ်မြေသြဇာများကို အလွယ်တကူ ဝယ်ယူသုံးစွဲမြဲ သုံးစွဲနေကြပါသည်။ အော်ဂဲနစ် မြေသြဇာ ထုတ်လုပ်ရန် ကြိုးပမ်းမှုများတွင် မပါဝင်သလို အချိန်လည်း မပေးကြပါ။ တောင်ငူတွင် တိုင်ပင်ဆွေးနွေးပွဲမှု၊ ၂၀၁၉ ဩဂုတ်လ၊

61 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးပွဲမှုများ၊ ၂၀၁၉ ဩဂုတ်လ၊

62 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးပွဲမှုများ၊ ၂၀၁၉ ဩဂုတ်လ၊

63 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်-စက်တင်ဘာ၊

အတွက် အပြစ်တင်လိုက်ခြင်းပင် ဖြစ်ပါသည်။ ယင်းကတစ်ဖန် အမျိုးသမီးများကိုယ်တိုင် ဝန်ခံပြောပြကြသည့် ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရန် ယုံကြည်ချက်မရှိခြင်းကို ဖြစ်ပေါ်စေပါသည်။

ပဋိပက္ခ၏ သက်ရောက်မှု နောက်တစ်ခုမှာ လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများသည် အစဉ်တည်တံ့ကျန်ရစ်နေခြင်းပင် ဖြစ်သည်။ ထိုစိုးရိမ်ပူပန်မှုများက အမျိုးသမီးများ၏ လွတ်လပ်စွာ သွားလာနိုင်မှုကို ကန့်သတ်ပိတ်ပင်ပြီး အစည်းအဝေးများ၊ သင်တန်းများ သို့မဟုတ် တိုက်တွန်း အကြံပြုဆွေးနွေးမှု (advocacy) ပြုရန် အခွင့်အလမ်းများကို လက်လှမ်းမီခြင်း မရှိအောင် ၎င်းတို့၏ ခရီးသွားနိုင်စွမ်းကို ဟန့်တားထားပါသည်။ သစ်တောများသည် ပဋိပက္ခအကြမ်းဖက်မှုများ ဖြစ်ပွားရာနေရာများ ဖြစ်ပါသည်။ တိုက်ပွဲများ ဖြစ်ပွားနေသည့် နှစ်ကာလများအတွင်းက သစ်တောများကို အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ဘေးကင်းလုံခြုံမှု မရှိသော နေရာ များအဖြစ် သတ်မှတ်ခဲ့ပါသည်။ ထိုအချိန်ကာလများအတွင်းက လက်နက်ကိုင်တပ်ဖွဲ့များ၏ တိုင်းရင်းသားလူနည်းစု အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား စနစ်တကျကျူးလွန်ခဲ့ကြပုံကို အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများက မှတ်တမ်းတင်ထားသည်များ ရှိပါသည်။[64] ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများများမှ SGBV တားဆီးကာကွယ်ရန် နှင့် လျှော့ချရန် ကြိုးပမ်းကြသောအခါတွင်လည်း SGBV ကျူးလွန်သူများကို ဦးတည်၍ သို့မဟုတ် ထိရောက်စွာဆွေးနွေးညှိနှိုင်း၍ ဆောင်ရွက်ခြင်းထက် အကြမ်းဖက်ခံရသူများ၏ အပြုအမူကို ထိန်းချုပ်ခြင်း၊ အထူးသဖြင့် "၎င်းတို့၏ ဘေးကင်းလုံခြုံရေး" ကို အကြောင်းပြ၍ ၎င်းတို့၏ လွတ်လပ်စွာ သွားလာခွင့်ကို လျှော့ချခြင်းတို့ကိုသာ အများဆုံး လုပ်ဆောင်ကြပါသည်။

64 ဥပမာ Shan Women's Action Network and the Shan Human Rights Foundation, License to Rape (အဓမ္မပြုကျင့်ရန် လိုင်စင်ထုတ်ပေးထားခြင်း), Chiang Mai, Thailand, Thailand, Shan Human Rights Foundation, 2002– http://burmacampaign.org.uk/media/License_to_rape.pdf, Women's League of Burma, Same impunity, same patterns: Sexual abuses by the Burma Army will not stop until there is a genuine civilian government (ပြစ်ဒဏ်မခံရဘဲ လွတ်မြောက်သွားသည့် တူညီသောဖြစ်ရပ်များနှင့် တူညီသည့် ပုံစံများ – စစ်မှန်သည့် အရပ်သား အစိုးရမတက်မချင်း ဗမာစစ်တပ်၏ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုများ ရပ်တန့်မည်မဟုတ်), Yangon: Women's League of Burma, January 2014; နှင့် United Nations Human Rights Council, Sexual and gender-based violence in Myanmar and the gendered impact of its ethnic conflicts (မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှုနှင့် တိုင်းရင်းသားပဋိပက္ခများ၏ ကျားမရေးရာသက်ရောက်မှု)၊ Geneva: United Nations Human Rights Council, 2019 တို့ကို ကြည့်ပါ။

## အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု၊ ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်မှုအတွက် အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းပေးရန် လက်တွေ့ကျသော အကြံပြုချက်များ

မြန်မာနိုင်ငံတွင် အမျိုးသမီးများ အဓိကရင်ဆိုင်နေရသည့် အဟန့်အတားများအား စိစစ်လေ့လာမှုပေါ်တွင် အခြေခံ၍ ပဋိပက္ခဒဏ်ခံရသော ဒေသများရှိ သစ်တောစီမံလုပ်ကိုင်မှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုကို မြှင့်တင်ပေးနိုင်ရန် လက်တွေ့လုပ်ဆောင်နိုင်သည့် အရာအချို့ ရှိပါသည်။

**သင်တန်းများနှင့် အကောင်အထည်ဖော်မှုများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု မြှင့်တင်ပေးနိုင်ရန် လက်တွေ့ကျကျထည့်သွင်းစဉ်းစားရမည့် အချက်များ**

✔ **ကျင်းပသည့် နေရာ** – ကျင်းပသည့် နေရာသည် ရွာများရှိ အမျိုးသမီးများ လက်လှမ်းမီမှု ရှိရမည်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် သယ်ယူပို့ဆောင်ရေးအတွက် စီစဉ်ပေးခြင်း သို့မဟုတ် စရိတ်ပြန်ထုတ်ပေးခြင်းများ ပြုလုပ်ပေးရပါမည်။

✔ **ညအိပ်ညနေ သွားရခြင်း** – အမျိုးသမီးများကို နေအိမ်မှ ညအိပ်ညနေသွားရန် လိုအပ်ခြင်း မရှိရအောင် စီစဉ်ရပါမည်။ အခြားတစ်နေရာတွင် ညအိပ်ရန် လိုအပ်မည်ဆိုပါက ထိုသို့လုပ်ဆောင်ရသည့် အကြောင်းရင်းများနှင့် ဘေးကင်းလုံခြုံရေးအတွက် အစီအစဉ်များကို မိသားစုဝင်များ ရှင်းလင်းစွာ သိရှိအောင် လုပ်ပေးရပါမည်။ အထူးသဖြင့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို တားဆီးပိတ်ပင်နိုင်သည့် အလားအလာရှိသူများ (ဥပမာ မိဘများ၊ ခင်ပွန်းများ သို့မဟုတ် ယောက္ခမများ) ရှင်းရှင်းလင်းလင်း နားလည်သိရှိအောင် ဆောင်ရွက်ရပါမည်။

✔ **ကျင်းပသည့် အချိန်** – စုဝေးရန် အချိန်ကို သတ်မှတ်သောအခါ အမျိုးသမီးများ၏ ကလေးပြုစု စောင့်ရှောက်ခြင်း၊ အိမ်မှုကိစ္စနှင့် စီးပွားရေးဆိုင်ရာ နေ့စဉ်လုပ်ငန်းတာဝန်များကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။

✔ **ကလေးပျော်သည့်နေရာ** – အစည်းအဝေးကျင်းပသည့် နေရာများနှင့် အစည်းအဝေးများသည် ကလေးများအတွက်ပါ အဆင်ပြေသည့်နေရာများ ဖြစ်အောင် စီစဉ်ပေးထားခြင်းဖြင့် မိခင်များသည် သားသမီးများကို ခေါ်လာဖို့ ဝန်မလေးအောင် ဆောင်ရွက်သင့်သည်။ သို့မဟုတ် ကလေးထိန်းပေးသူများ သို့မဟုတ် ကလေးများကို ပြုစုစောင့်ရှောက်ရန် လွယ်ကူအောင် စီစဉ်ပေးခြင်းတို့ ပြုလုပ်သင့်သည်။

✔ **သတင်းစကားပါးခြင်း** – ဆက်သွယ်ရေးနှင့် သင်တန်းအထောက်အကူပစ္စည်းများ (လက်စွဲစာစောင်များအပါအဝင်) တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို အကြမ်းဖက်မှုခံရနိုင်သူများ (သို့) မိခင်များအဖြစ်သာမက တက်ကြွသောခေါင်းဆောင်များအဖြစ်ပါ ဖော်ပြသင့်သည်။

✔ **စံနမူနာပြသူများ** – သင်တန်းပေးသည့် သို့မဟုတ် ကူညီပံ့ပိုးသည့် အဖွဲ့တွင် ကျားမမျှတစွာ ပါဝင်ရေးစဉ်းစားသင့်သည်။ အမျိုးသမီးသင်တန်းဆရာများသည် အမျိုးသမီးများ၏ ဦးဆောင်မှုနှင့် အကျိုးဆောင်ပေးနိုင်မှုအတွက် အလွန်စွမ်းအား ကြီးမားသော စံနမူနာများ ဖြစ်သည်။

- ✔ **ဖိတ်ကြားမှုများ** – လူထုထဲမှဖြစ်စေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှဖြစ်စေ ပါဝင်တက် ရောက်သူများကို ဖိတ်ကြားသော အခါ အမျိုးသားများရော အမျိုးသမီးများကိုပါ စေလွှတ်ပေး ရန် အုပ်ချုပ်ရေးမှူး သို့မဟုတ် အဆင့်မြင့် CSO အရာထမ်းထံ တောင်းဆိုသင့်သည်။ အစည်းအဝေးများနှင့် သင်တန်းများအားလုံးကို တက်နေကျလူများကို လွှတ်ပေးခြင်းထက် လူမှုအသိုင်းအဝိုင်း၏ အစိတ်အပိုင်းအမျိုးမျိုး ပါဝင်လာစေရန် အတွက် အသက်အရွယ်စုံ၊ လူမှုယဉ်ကျေးမှု နောက်ခံအမျိုးမျိုး ရှိသူများကို မျှတစွာရွေးချယ်စေလွှတ်ပေးဖို့ စည်းကမ်းပြဋ္ဌာန်းသင့်သည်။

- ✔ **ဆန့်ကျင်တိုက်ခိုက်မှုများကို တားဆီးကာကွယ်ပေးခြင်း** – ကျားမတန်းတူညီမျှရေး သင်တန်းများသို့ အမျိုးသမီးများကို ဖိတ်ကြားသောအခါ ဆန့်ကျင်ကန့်ကွက်မှုများမခံရအောင် တားဆီးကာကွယ်ပေးရန် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ရပါမည်။ ဥပမာ အမျိုးသမီးများ ရရှိထားသည့် သတင်းအချက် အလက်များကို လက်ခံရရှိထားခြင်းမရှိသော ခင်ပွန်းယောကျ်ားများ (သို့) ဖခင်များမှ ဆန့်ကျင်ကန့်ကွက်မှု များ ဖြစ်ပါသည်။ ထိုအတွက် ခင်ပွန်းယောကျ်ားများနှင့် ဖခင်များကိုလည်း ကျားမတန်းတူညီမျှရေး သင်တန်းများသို့ ဖိတ်ကြားခြင်း သို့မဟုတ် အမျိုးသားများအတွက် ကျားမတန်းတူညီမျှရေးသင်တန်းများ သီးသန့် ပြုလုပ်ပေးရန် စဉ်းစားနိုင်ပါသည်။ ကျားမတန်းတူ ညီမျှမှုဆိုင်ရာ ဆွေးနွေးမှုများတွင် ဆက်စပ် ပတ်သက်သူ အမျိုးသားများကို မည်သို့ဆွေးနွေးညှိနှိုင်းရမည်ဆိုသည်ကို အမျိုးသမီး သင်တန်း တက်ရောက် သူများအား ကြိုတင်ပြင်ဆင်ပေးခြင်းတို့ ပြုလုပ်နိုင်ပါသည်။ ကျားမတန်းတူညီမျှမှုကို အားပေး မြှင့်တင်ခြင်း သည် ထုံးတမ်းစဉ်လာ တန်းတူညီမျှ မရှိမှုများကို စိန်ခေါ်ခြင်းဖြစ်သဖြင့် (အမျိုးသမီးများ အချင်းချင်းကြား အပါအဝင်) အိမ်ထောင်စုများအတွင်း သို့မဟုတ် ရပ်ရွာများအတွင်း ပွတ်တိုက်မှုများ ဖြစ်နိုင်ပါသည်။ ကျားမ တန်းတူညီမျှ မရှိမှုများကို အသွင်ပြောင်းလဲရန် ကျားမတန်းတူညီမျှရေးကိုအားပေးရန် လိုအပ်သည် မှန်သော်လည်း အမျိုးသမီးများ၏ အခွင့်အရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေး (positive peace) ရရှိရန် ဦး တည်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ကျားမတန်းတူညီမျှရေး လုပ်ဆောင်ချက်များကြောင့် အမျိုးသမီး များ၏ ပုဂ္ဂိုလ်ရေးဘဝတွင် ဆန့်ကျင်တိုက်ခိုက်မှုများ ခံရခြင်းမျိုး မဖြစ်သင့်ပါ။ ထိုသို့ မဖြစ်အောင် ကာကွယ်ပေးရန်အတွက် ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းဗျူဟာများကို ဆွေးနွေးပေးဖို့ လိုအပ်ပါသည်။

- ✔ **လက်ဆင့်ကမ်းခြင်း** – ပါဝင်တက်ရောက်သည့် အမျိုးသမီးများအတွက် ဆွေးနွေးသည့် သတင်းအချက် အလက်များကို ၎င်းတို့၏ အိမ်ထောင်စုနှင့် ရပ်ရွာရှိ အခြားသူများထံ မျှဝေပေးနိုင်သည့် လုပ်ငန်းစဉ်များကို ကြိုတင်ထည့်သွင်းချမှတ်ပေးထားခြင်းဖြင့် ပိုမိုကြီးမားသည့် အကျိုးသက်ရောက်မှုများ ရရှိရန်နှင့် အမျိုးသမီးများကို (အမျိုးသားများထံသို့ အပါအဝင်) သတင်းအချက်အလက်များ မျှဝေနိုင်သူများ ဖြစ်လာ အောင်ကူညီရန် ဖြစ်ပါသည်။

- ✔ **နောက်ဆက်တွဲ လုပ်ဆောင်ချက်များ** – သင်တန်းမှ ပို့ချလိုက်သည်များကို လက်တွေ့ကျင့်သုံးရန် နောက်ဆက်တွဲလုပ်ဆောင်မှုများတွင် အမျိုးသမီးများရော အမျိုးသားများပါ ပါဝင်လာအောင် လုပ်ဆောင် သင့်သည်။

# ၃။ သစ်တောအသုံးပြုမှုနှင့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် အမျိုးသမီးများ လက်ရှိ မည်သို့ ပါဝင်ဆောင်ရွက်နေသနည်း

သစ်တောအသုံးပြုမှုနှင့်စပ်လျဉ်း၍ ကျားမခွဲခြား ကောက်ယူထားသော တရားဝင် စာရင်းအင်း အချက်အလက်များကို မရရှိနိုင်ပါ။ သို့သော် ဘားအံရှိ သစ်တောကျွမ်းကျင်ပညာရှင်တစ်ဦး၏ ခန့်မှန်းချက်အရ ဒေသန္တရအဆင့် သစ်တောအသုံးပြုမှုများ၏ ၃၀ မှ ၅၀% သည် အမျိုးသမီးများက အသုံးပြုခြင်းဖြစ်ကြောင်း သိရပါသည်။[65] ကချင်ပြည်နယ်ရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအသုံးပြုသူများအဖွဲ့များ၏ ၅၀% သည် အမျိုးသမီးများဖြစ်ပြီး အမျိုးသားအဖွဲ့ဝင်များက စီးပွားရေးကိစ္စများကို ပို၍ဦးစားပေးရသဖြင့် သစ်တောလုပ်ငန်းများ၏ ၇၅% ကို အမျိုးသမီးများက လုပ်ကိုင်နေသည်ဟု ခန့်မှန်းပါသည်။[66] သို့သော် သစ်တောသယံဇာတများ စီမံခန့်ခွဲနေမှုတွင် သစ်တောများအတွင်း အမျိုးသမီးများ၏ သစ်တောအသုံးပြုမှုပုံစံများနှင့် နေ့စဉ်လုပ်ဆောင်နေသည့် လုပ်ငန်းများကို ထည့်သွင်းစဉ်းစားပေးသင့်သည်ကို ရပ်ရွာလူမှုအသိုင်းအဝိုင်းများ (အမျိုးသမီးများကိုယ်တိုင်အပါအဝင်) နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ အသိအမှတ်ပြုရန် ပျက်ကွက်နေကြပါသည်။

ထိုသို့ အမျိုးသမီးများ၏ သစ်တောအသုံးချမှု သို့မဟုတ် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုများကို မျက်ကွယ်ပြုထားမှုအတိုင်းအတာအား အောက်ပါ တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း အပြန်အလှန် ပြောဆိုဆွေးနွေးမှုများတွင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည် –

- တွေ့ဆုံမေးမြန်းသူ – *သစ်တောအသုံးချမှုတွေ ဒါမှမဟုတ် စီမံလုပ်ကိုင်မှုတွေမှာ အမျိုးသမီးတွေက ဘယ်လို ပါဝင် ဆောင်ရွက်နေပါသလဲ။*
- ဖြေကြားသူ – *သိပ်မရှိပါဘူး။ အမျိုးသားတွေကပဲ တောထဲသွားပြီး စီမံခန့်ခွဲ လုပ်ကိုင်တာပါ။ အမျိုးသမီးတွေက ဘာမှ သိပ်ပြီး ပါဝင်ပတ်သက်မှု မရှိပါဘူး။*
- တွေ့ဆုံမေးမြန်းသူ – *အိမ်မှာ ဘယ်လိုချက်ပြုတ်တာလဲ – ထင်းနဲ့ချက်တာလား။*
- ဖြေကြားသူ – *ဟုတ်ပါတယ်၊ ကျွန်မ ထင်းနဲ့ချက်တာပါ။*
- တွေ့ဆုံမေးမြန်းသူ –*အဲဒီထင်းကို ဘယ်လိုရပါသလဲ။*
- ဖြေကြားသူ – *ကျွန်မ ကောက်တယ် ဒါမှမဟုတ် ကျွန်မသမီး သွားကောက်တယ်။*
- တွေ့ဆုံမေးမြန်းသူ – *သစ်တောထဲမှာ သွားကောက်တာလား၊ ဘယ်နှရက်တစ်ခါလောက် သွားသလဲ။*
- ဖြေကြားသူ – *သစ်တောထဲမှာ ကောက်တာပါ၊ နေ့တိုင်းနီးပါးပါပဲ။*
- တွေ့ဆုံမေးမြန်းသူ – *ဒါဆို အစ်မက နေ့တိုင်း သစ်တောကို အသုံးပြုနေတာပေါ့။*
- ဖြေကြားသူ – *အင်း၊ ဟုတ်တာပေါ့။*[67]

အသေးစိတ် စူးစမ်းမေးမြန်းကြည့်မှသာ အမျိုးသမီးများ၏ သစ်တောများကို မကြာခဏ အသုံးပြုနေမှုကို ဖော်ထုတ်တွေ့ရှိရပါသည်။ သို့သော် သစ်တောအသုံးပြုမှုနှင့်စပ်လျဉ်း၍ အမျိုးသမီးများ၏ အခန်းကဏ္ဍများနှင့် အမျိုးသားများ၏ အခန်းကဏ္ဍများကြားတွင် ဆင်တူမှုများနှင့် ကွဲပြားမှုများ ရှိနေပါသည်။

65 ဘားအံတွင် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၉ စက်တင်ဘာလ။ ၂၀၁၄ လူဦးရေသန်းခေါင်စာရင်းအရ စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်းနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများတွင် ၆၄% သည် အမျိုးသားများဖြစ်ပြီး အမျိုးသမီးများက ၃၆% သာ ရှိကြောင်း တွေ့ရှိရပါသည်။ ဤသည်မှာ ပျမ်းမျှကိန်းဂဏန်းများ ဖြစ်ပြီး ငါးလုပ်ငန်းတွင် အမျိုးသားများ ကြီးစိုးနေသော်လည်း ငါးပြုပြင်စီမံထုပ်ပိုးမှုတွင်မူ အမျိုးသမီးများ လုပ်ကိုင်မှု ပိုများပါသည်။ သစ်ခုတ်ခြင်းနှင့် သစ်လုပ်ငန်းကဏ္ဍများတွင် အမျိုးသားအဓိကလုပ်ကိုင်ပါသည်။ အသေးစိတ်ကို The Republic of the Union of Myanmar (2017) 2014 Myanmar Population and Housing Census: Policy Brief on Gender Dimensions (၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း – ကျားမရေးရာရှုထောင့်များအကြောင်း မူဝါဒစာတမ်းတို). Department of Population Ministry of Labour, Immigration and Population, 2017, p.82 တွင် ကြည့်ပါ။

66 ကချင် NGO တစ်ခုမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းစီမံချက်ဝန်ထမ်းတစ်ဦးကို တွေ့ဆုံမေးမြန်းခြင်း၊ မြစ်ကြီးနား၊ ၂၀၁၇ ဇန်နဝါရီလ၊

67 ဤသည်မှာ တောင်ငူအလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှုများအား အကျဉ်းချုပ်တင်ပြထားခြင်းဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ။

## သစ်တောအသုံးပြုမှုတွင် အမျိုးသားများနှင့် အမျိုးသမီးများကြား ကွာခြားမှုများ[68]

| အမျိုးသမီး | နှစ်ဦးစလုံး | အမျိုးသား |
|---|---|---|
| • ထင်းကောက်ခြင်း၊ အနီးအနား သစ်တောမှ နေ့စဉ် ထင်းကောက် ရပါက အမျိုးသမီးမှ ဆောင်ရွက်၊<br>• ကိုယ်ကာယခွန်အားများစွာ မလိုသည့် အလုပ်များ – သစ် မဟုတ်သည့် သစ်တောထွက် ပစ္စည်းများ ရယူစုဆောင်းခြင်း – မျှစ်ချိုးခြင်း၊ သစ်သီးခူးခြင်း၊ ဆေးရွက်ခူးခြင်း၊ အိမ်မိုးရန် အရွက်ခူးခြင်း(ထန်းတပင်တွင်)<br>• ဈေးတွင် မျှစ်၊ တိရစ္ဆာန်ဦးချို/ သားမွေး ရောင်းချခြင်း၊<br>• ပန်း၊ သစ်သီး၊ အပင်၊ ဝါးစိုက်ခြင်း၊<br>• သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စေတနာ့ ဝန်ထမ်း အလုပ်များ၊<br>• သစ်တောဌာန (KNU နှင့် အစိုးရဌာနနှစ်ခုစလုံး) တွင် ရုံးထိုင်လုပ်ရသည့် အလုပ်များ၊<br>• ရပ်ရွာအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အခြားကိစ္စ များဆိုင်ရာ သင်တန်းများ သို့မဟုတ် အသိပညာပေး အစီအစဉ်များ တက်ရောက်ခြင်း၊ | • ထင်းကောက်ခြင်း<br>• အိမ်ဆောက်ရန် သစ်ပင်ခုတ်ခြင်း၊<br>• လယ်များနှင့် ဥယျာဉ်ခြံများတွင် သီးနှံသစ်တောရောနှောစိုက်ပျိုး ခြင်း (ဖာလာ၊ ဒူးရင်း၊ မင်းဂွတ်)၊ တောမီးကာကွယ်ရန် ခုတ်ထွင် ရှင်းလင်းထိန်းသိမ်းခြင်း၊<br>• သစ်ပင်ပြန်စိုက်ခြင်း အပါအဝင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ၊<br>• သစ်တောစီမံခန့်ခွဲမှု ကော်မတီ တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၊<br>• တရားမဝင်သစ်ခုတ်မှုကို စောင့် ကြည့်ခြင်းနှင့် သတင်းပို့ခြင်း၊<br>• မျိုးဆက်သစ်များကို ထုံးတမ်း စဉ်လာအလေ့အထများ မျှဝေခြင်း၊<br>• အလှည့်ကျတောင်ယာ စိုက်ပျိုး ခြင်း (မိရိုးဖလာ ရွှေပြောင်း တောင်ယာစိုက်ပျိုးမှု အလေ့ အထများနှင့်အညီ)<br>• ရေဝေရေလဲဒေသနှင့် ဇီဝမျိုးစုံ မျိုးကွဲများကို ကာကွယ်စောင့် ရှောက်ခြင်း၊<br>• ယဉ်ကျေးမှုဆိုင်ရာ အခန်းကဏ္ဍ များ – နတ်များကို ပူဇော်ပသခြင်း၊ အထူးသဖြင့် သစ်ပင် မခုတ်မီ၊ | • အိမ်ထောင်စုတိုင်းအား KNU မှ တစ်နှစ်စာအတွက် ချပေးသည့် ခွဲတမ်းအတိုင်း ပိုမိုဝေးလံသော သစ်တောထဲသို့ သွား၍ ထင်းခွေ ရခြင်း၊<br>• ခွန်အားသုံးရသည့် အလုပ်များ၊ ဥပမာ အပင်ကြီးများ ခုတ်ခြင်း၊ သစ်ပင်တက်၍ သစ်သီးခူးခြင်း၊ တောထဲတွင် အမဲလိုက်ခြင်း နှင့် လယ်ထွန်စက် မောင်းနှင်ခြင်း၊<br>• သစ်တောထဲရှိ လုပ်ခလစာ ရသော အလုပ်များ၊<br>• သစ်တောဌာန (KNU နှင့် အစိုးရ ဌာနနှစ်ခုစလုံး) တွင် သစ်တော တွင်း လုပ်ကိုင်ရသော အလုပ်များ၊ စီမံခန့်ခွဲသည့် အလုပ်များ လုပ်ကိုင်ခြင်း၊<br>• ရပ်ရွာအဆင့်၊ ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ကော်မတီများ၊ သစ်တောဌာနများတွင် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်မှု အခန်းကဏ္ဍများ၊ |

ပါဝင်ဆွေးနွေးပေးသူများသည် အချို့သောအခန်းကဏ္ဍများကို အမျိုးသားဖြစ်မှု၊ အမျိုးသမီးဖြစ်မှု ပေါ်မူတည်၍ သီးသန့်ခွဲခြားထားကြပြီး ကွဲပြားချက်များကို ထောက်ပြပြောဆိုကြပါသည်။ အဆိုပါ အခန်းကဏ္ဍများနှင့် ၎င်းတို့ကြားရှိ ကွဲပြားချက်များကို အမျိုးသားနှင့် အမျိုးသမီး ဖြေဆိုသူများက ယေဘုယျအားဖြင့် သဘောတူကြပြီး အမျိုးသားများ၏ ဖြေကြားမှုများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီး များ၏ ဖြေကြားမှုများမှာ သိသာစွာ ကွာခြားခြင်း မရှိပါ။ ခြွင်းချက်အနေဖြင့် ဒေသရင်း တောရိုင်းတိရစ္ဆာန်အပင်များ အနည်းငယ်စီကွဲပြားသွားခြင်းကြောင့် အချို့သောအခန်းကဏ္ဍများ ကွာခြားသွားခြင်းမျှသာ ရှိပါသည်။ ငယ်ရွယ်သည့် အမျိုးသား NSA ကိုယ်စားလှယ်တစ်ဦးက မြဝတီရှိ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍသည် အနောက်သံလွင်မှ ပါဝင်ဆွေးနွေးကြသည့် အမျိုးသမီးများ ပြောပြသည်ထက် များစွာ ပို၍ နည်းပါးသည်ဟု ဆိုပါသည်။[69]

68 ဤဇယားတွင် ၂၀၁၉ ဩဂုတ်နှင့်စက်တင်ဘာလများအတွင်း တောင်ငူနှင့်ဘားအံမှ ဆွေးနွေးပွဲများတွင် ဖြေကြားသည့် အဖြေများကို စုပေါင်းတင်ပြထားပါသည်။

69 ဘားအံတွင် ပြုလုပ်ခဲ့သော အကြံပြုအလုပ်ဆွေးနွေးပွဲနှင့် အတည်ပြုအလုပ်ဆွေးနွေးပွဲ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလ၊

ယေဘုယျအားဖြင့် သစ်တောထဲတွင် အမျိုးသားရော၊ အမျိုးသမီးပါ သစ်သီးခူးကြသော်လည်း အမျိုးသမီးများက ကြွေကျနေသည့် အသီးများကို ကောက်ရန် အားသန်ပြီး အမျိုးသားများက အပင်ပေါ် တက်ခူးရန်လိုသည့် အသီးများကို ခူးခြင်းဖြစ်သည်။ သစ်ပင်တက်ခြင်းသည် အမျိုးသမီးများ မလုပ်သင့်ဟု ယူဆသည့်အရာတစ်ခု ဖြစ်သည်။ ဤသည်မှာ ပြုတ်ကျနိုင်သည့် အန္တရာယ်ရှိသည်ဟူသည့် ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ပူပန်ခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ယုံကြည် ယူဆချက်များကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ မြင့်မြတ်သည် ဟူသည့် ယဉ်ကျေးမှုဆိုင်ရာ ယုံကြည်ယူဆချက်သည် ယောကျ်ားတို့၏ တန်ခိုးစွမ်းအား၊ ခွန်အား သို့မဟုတ် ဂုဏ်တစ်မျိုး ဖြစ်သည့် 'ဘုန်း' ဟူသော သဘောတရားတစ်ခုပေါ်တွင် အခြေခံပါသည်။ ထိုဘုန်းတန်ခိုးမျိုးသည် အမျိုးသမီးများတွင် မရှိနိုင်ဟု ယူဆကြပါသည်။ ထို့ပြင် အမျိုးသမီးများ၏ အဝတ်အစားများ (အထူးသဖြင့် လုံချည် သို့မဟုတ် အတွင်းခံ) နှင့် ထိမိလျှင် သို့မဟုတ် ထိုအဝတ်အစားများ အောက်သို့ ရောက်သွားလျှင် ထိုဘုန်းတန်ခိုးသည် လျော့ပါးသွားနိုင်သည်၊ ဘုန်းနိမ့်သည်ဟု ယူဆကြပါသည်။70 အမျိုးသမီးများနှင့် မိန်းကလေးများသည် သစ်ပင်ပေါ်သို့ မတက်သင့်၊ အကြောင်းမှာ သစ်ပေါ်တက်ခြင်းဖြင့် ၎င်းတို့သည် တောထဲတွင်ရှိနေသည့် အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ်သို့ ရောက်သွားပြီး ဘုန်းနိမ့်သွားစေမည်ဖြစ်သဖြင့် မသင့်တော်၊ ဟု ဖြေဆိုသူများက ယုံကြည်ကြပါသည်။ ယောကျ်ားဖြစ်သူက ထင်းမခွေပေးသဖြင့် မဖြစ်မနေ သစ်ပင်ပေါ်တက်ရသော အမျိုးသမီးတစ်ဦးကို မိသားစုက နားလည်သော်လည်း အများက ဝိုင်းဝန်းဝေဖန်ကဲ့ရဲ့ကြကြောင်း ပြောပြကြပါသည်။[71]

ထို့ပြင် "တောများ၊ တောင်များ၊ ရေကန်၊ ကျေးရွာနှင့် လူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးသူများ" ဟု ယူဆကြသည့် နတ်များနှင့် သက်ဆိုင်သည့် ယုံကြည်ချက်များလည်း ရှိပါသည်။[72] ဖြေဆိုသူများက သစ်တောတွင်းရှိ သစ်ပင်အချို့တွင် နေထိုင်သော သို့မဟုတ် စောင့်ကြပ်နေသော နတ်များအကြောင်းကို ဖြေဆိုသူများက ပြောပြကြပြီး သစ်ပင်များကို မခုတ်လှဲမီ နတ်များကို ပူဇော်ပသခြင်းများ ပြုလုပ်ရသည်ဟု တညီတညာတည်း ဆိုကြပါသည်။ တိုင်ပင်ဆွေးနွေးမှုများတွင် ထိုပူဇော်ပသမှုများကို အမျိုးသမီးများ ပြုလုပ်သင့်သည်၊ အမျိုးသားများ ပြုလုပ်သင့်သည် ဟူသည်နှင့် စပ်လျဉ်း၍ အမျိုးသမီးအချို့နှင့် အမျိုးသားအချို့ကြားအမြင်များ ကွာခြားမှုကို ထင်ရှားစွာ တွေ့ရပါသည်။ ရိုးရာအစဉ်အလာကျင့်သုံးမှုများသည် နေရာဒေသကိုလိုက်၍ ကွာခြားကြသော်လည်းများစွာ တန်ဖိုးထားလိုက်နာကြသည်ကို တွေ့ရပါသည်။[73] ထိုသို့ အမြင်များ သိသာစွာ ကွာခြားမှုရှိသော်လည်း ပါဝင်ဆွေးနွေးသူများတွင် တူညီသည့် အယူသီးမှုတစ်ခုမှာ အမျိုးသမီးများ သို့မဟုတ် မိန်းကလေးများ သစ်ပင်တက်ခြင်းသည် နတ်များကို စိတ်ဆိုးစေပြီး နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်နိုင်သည်ဟု ယုံကြည်ကြခြင်း ဖြစ်သည်။ နတ်များသည် အမျိုးသားများ သို့မဟုတ် ယောကျ်ားလေးများ သစ်ပင်ပေါ်တက်သည်ကို စိတ်မဆိုးသော်လည်း "နတ်တွေက အမျိုးသမီးတွေ သစ်ပင်ပေါ်တက်တာကို မကြိုက်ကြဘူး" ဟု ဆိုပါသည်။[74]

အမျိုးသမီးများရော အမျိုးသားများပါ ကိုယ်ကာယအား စိုက်ထုတ်ရသည့် အလုပ်ပေါင်းများစွာကို လုပ်ကိုင်ရသော်လည်း အမျိုးသားများ၏ အခန်းကဏ္ဍကိုသာ 'ခက်ခဲကြမ်းတမ်းသော' အလုပ်များ ကို လုပ်ရသည်ဟု သတ်မှတ်လေ့ရှိပါသည်။ ဥပမာ အိမ်ဆောက်ရန်အတွက် သစ်ပင်ခုတ်ခြင်းကို အမျိုးသားရော၊ အမျိုးသမီးပါ ပြုလုပ်ကြသော်လည်း ကြီးမားသည့် သစ်ပင်များ ခုတ်ရန်မှာ အမျိုး သားများ၏ တာဝန်ဟု ရှုမြင်ကြပါသည်။ ထိုသို့ ကျား/မခွဲခြား ရှုမြင်မှုသည် အပင်ကြီးများကို ခုတ်လှဲရန် လိုအပ်သည့် ခွန်အား၊ ခုတ်လှဲစဉ် ထိခိုက်ဒဏ်ရာရနိုင်ခြေတို့နှင့် ဆက်စပ်နေပါသည်။ ထို့ပြင် ခုတ်လှဲထားသော အပင်ကြီးကို ရောင်းချခြင်းဖြင့် ရရှိနိုင်မည့် ဝင်ငွေ၊ ဝင်ငွေ ရရှိခြင်းနှင့်ဒွန်တွဲပါ လာမည့် အဆင့်အတန်းတို့နှင့်လည်း ဆက်နွယ်မှု ရှိနိုင်ပါသည်။ ပါဝင်ဆွေးနွေးသူများက သစ်တောကဏ္ဍတွင် အမျိုးသားများသည် လုပ်ခလစာရသော

70 A. Löfving et al, Raising the curtain. Cultural norms, social practices and gender equality in Myanmar, (ကန့်လန့်ကာကို မတင်ခြင်း – မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုစံများ၊ လူမှုရေးအစဉ်အလာများနှင့် ကျားမတန်းတူ ညီမျှမှု), Yangon: Gender Equality Network, 2015, p.34

71 Ibid., p.74

72 P. Ravangban, Nat and Nat Kadaw: The existence of the local cult in Myanmar transition (နတ်နှင့် နတ်ကတော် – မြန်မာနိုင်ငံ၏ အကူးအပြောင်းအတွင်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အစွဲအလမ်းများရှိနေမှု), Paper presented at the International Conference on Burma/Myanmar Studies, Burma/Myanmar In Transition: Connectivity, Changes and Challenges (အသွင်ကူးပြောင်းနေသော မြန်မာနိုင်ငံ – ချိတ်ဆက်မှု၊ အပြောင်းအလဲများ နှင့် စိန်ခေါ်မှုများ), University Academic Service Centre, Chiang Mai University, Thailand, 24–25 July 2015, p.2

73 ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊

74 ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊

အလုပ်များကို လုပ်ကိုင်လေ့ရှိကြပြီး အမျိုးသမီးများမှာမူ ပျိုးပင်များပြုစုခြင်းနှင့် သစ်ပင်များ ပြန်စိုက်ခြင်းကဲ့သို့ လုပ်ခလစာမရသည့် စေတနာ့ဝန်ထမ်းအလုပ်များကို ပိုမိုလုပ်ကိုင်လေ့ရှိသည်ဟု ရှင်းပြကြပါသည်။[75] အမျိုးသားနှင့် အမျိုးသမီး လုပ်ခလစာ ရရှိမှုကွာခြားချက်ကိုလည်း ပါဝင်ဆွေးနွေးသူများက ထောက်ပြကြပါသည်။ တူညီသော အလုပ်များကို လုပ်ကိုင်ရလျှင်ပင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုများပြားသော လုပ်ခလစာများကို ရရှိပါသည် (ဖာလာစေ့ ရိတ်သိမ်းခြင်း)။[76] ဤသည်မှာ မြန်မာနိုင်ငံတစ်ဝှမ်းရှိ စိုက်ပျိုးရေးကဏ္ဍများတွင် ကျား/မ အခြေပြု၍ လုပ်ခလစာများတွင် ခွဲခြားဆက်ဆံရမှု သာဓကတစ်ခုမျှသာဖြစ်ပြီး အမျိုးသမီးများသည် အမျိုးသားများ ထက် ၂၀% ပိုနည်းသော လုပ်ခလစာများကိုသာ ရရှိကြပါသည်။[77] အခြားကဏ္ဍများတွင်လည်း အမျိုးသားလုပ်ရမည့် အလုပ် နှင့် အမျိုးသမီးလုပ်ရမည့် အလုပ်ဟူ၍ ခွဲခြားထားမှုများ ရှိပါသည်။

## ကျားမရေးရာနှင့် မြေယာအခွင့်အရေးများ

> ***"KNU က ကျွန်မတို့ကို တန်းတူညီမျှအခွင့်အရေးပေးပါတယ်.... အမျိုးသားရော၊ အမျိုးသမီးရော [မြေယာ] ပိုင်ဆိုင်ဖို့ တန်းတူအခွင့်အရေး ရှိပါတယ်။"* လိပ်သိုမှ တွေ့ဆုံ မေးမြန်းမှုတွင် ပါဝင်ဖြေဆိုပေးသူ (အမျိုးသမီး)**

အမျိုးသမီးများသည် အမျိုးသမီးဖြစ်နေမှုကို အကြောင်းပြု၍ မြေယာလက်လှမ်းမီအသုံးပြုနိုင်မှုတွင် အမျိုးသားများနှင့် ကွာခြားလျက်ရှိပြီး ထိုကွာခြားမှုများနှင့် ၎င်းတို့ ရင်ဆိုင်ရသည့် အဟန့်အတားများကို ပေါင်းစပ်ကာ အမျိုးသမီးများ၏ ဒုတိယတန်းစားအဆင့်တွင်သာ ထားရှိခံရမှုအနေအထားအား ပိုမိုခိုင်မြဲရှည်ကြာစေပါသည်။[78] မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်သည် အတိအလင်း ဘက်လိုက်ထားခြင်း မရှိသော်လည်း အမျိုးသားကြီးစိုးသည့် အုပ်ချုပ်ရေး အဖွဲ့အစည်းများ နှင့် မိရိုးဖလာအစဉ်အလာများ ပေါင်းစပ်ကာ အမျိုးသမီးများကို တရားဝင်မြေယာပိုင်ဆိုင်နိုင်ခြင်း မရှိအောင် ထိရောက်စွာ ဘေးဖယ်ထားပါသည်။[79] ပါဝင်ဆွေးနွေးကြသော အမျိုးသား၊ အမျိုးသမီး အများစုက အစိုးရ၏ မြေယာစနစ်တွင် အမျိုးသမီးတစ်ဦး၏အမည်ဖြင့် မြေယာမှတ်ပုံတင်ရန် ဖြစ်နိုင်ခြေရှိသည်ဟု မကြားဖူးဟု ဆိုပါသည်။ ထိုစနစ်တွင် မြေယာမှတ်ပုံတင် စာရွက်စာတမ်းများကို အိမ်ထောင်ဦးစီး (အမျိုးသားများသာ ဖြစ်လေ့ရှိ) ၏ အမည်ဖြင့်သာ မှတ်ပုံတင်ပေးပါသည်။[80] တက်ရောက်လာသူများထဲတွင် အမျိုးသမီးခေါင်းဆောင်နှစ်ဦးကသာ မြေယာပိုင်ဆိုင်ခွင့်သည် အမျိုးသမီးများ ၏ တရားဝင်အခွင့်အရေးဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိကြပါသည်။ ထိုသို့ သိရှိကြခြင်းသည် ၎င်းတို့၏ နိုင်ငံအဆင့်ရှိ ကွန်ရက်များ၊ အဆက်အသွယ်များကြောင့်ဖြစ် ဖွယ်ရှိပါသည်။ ပါဝင်ဆွေးနွေးပေးသူ လိပ်သိုမှ အမျိုးသမီးတစ်ဦးက အမျိုးသားကြီးစိုးသည့် မြေယာအုပ်ချုပ်ရေးနှင့် မြေပိုင်ဆိုင်မှုစနစ်တွင် အမျိုးသမီးများကို ဘေးဖယ်ထားပုံအား အောက်ပါအတိုင်း အကျဉ်းချုပ်ပြောပြပါသည် –

> ***"ပုံစံ (၇) က အများအားဖြင့် အိမ်ထောင်ဦးစီး [အမျိုးသားသာဖြစ်လေ့ရှိ] ရဲ့ နာမည်နဲ့ပဲ ထုတ်ပေးပါတယ်။ ကျွန်မတို့က မြေယာကိစ္စတွေ [ဥပမာ တရားဝင်မြေယာမှတ်ပုံတင် တာကနေ မြေသိမ်းဆည်းခံရမှုတွေကနေ ကာကွယ်စောင့်ရှောက်ဖို့ အထိ] ကို ဆွေးနွေးချင်ပေမဲ့ အမျိုးသားတွေကပဲ အစိုးရအရာရှိတွေဆီသွားပြီး***

75 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ၊

76 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊

77 Oxfam Briefing Paper, Delivering Prosperity in Myanmar's Dryzone. Lessons from Mandalay and Magway on realizing the economic potential of small–scale farmers (မြန်မာနိုင်ငံ အပူပိုင်းဇုန် သာယာဝပြောရေး – လုပ်ကွက်ငယ်တောင်သူများ၏ စီးပွားရေးအလားအလာ အပြည့်အဝဖြစ်ထွန်းရေး မန္တလေးနှင့် မကွေးမှ ရရှိသော သင်ခန်းစာများ), Oxford: Oxfam GB, 2014, p.19

78 E. Louis et al, An assessment of land tenure regimes and women's land rights in two regions of Myanmar (မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှစ်ခုမှ မြေယာလုပ်ပိုင်ခွင့်စနစ်များနှင့် အမျိုးသမီးများ၏ မြေယာအခွင့်အရေးများ ဆန်းစစ်ချက်)၊ ၂၀၁၈ ကမ္ဘာ့ဘဏ်၏ မြေယာနှင့် ဆင်းရဲ နွမ်းပါးမှုဆိုင်ရာ ညီလာခံ" တွင် တင်ပြရန် ပြုစုသော စာတမ်း၊ Washington DC, 19–23 March 2018, https://cdn.landesa.org/wp-content/uploads/Landesa-World-Bank-Gender-Assessment-Myanmar-2018-EN.pdf

79 C.J. Pierce and N.T.T. Oo, Gendered aspects of land rights in Myanmar: Evidence from paralegal casework (မြန်မာနိုင်ငံရှိ မြေယာအခွင့်အရေးများ၏ ကျားမရေးရာအပိုင်းကဏ္ဍများ – ရှေ့နေအကူလုပ်ငန်းဝန်ထမ်းလုပ်ငန်းများမှ အထောက်အထားများ), Yangon: Namati, 2016. အချက်အလက်များ ထပ်မံရရှိလိုပါက J. Naujoks and M.T. Ko, Pulling the strings: Masculinities, gender and social conflict in Myanmar(ကကြိုးဆွဲမှုများ – မြန်မာနိုင်ငံရှိ ယောကျ်ားပီသမှုလက္ခဏာ၊ ဂျန်ဒါနှင့် လူမှုရေးပဋိပက္ခ), Yangon: International Alert, 2018a ကိုလည်း ဖတ်ရှုလေ့လာပါရန်။

80 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

*ဆွေးနွေးကြတယ်။ အမျိုးသမီးတွေကျ တော့ မသွားရဘူး။ ဘာကြောင့်လဲဆိုတာ ကျွန်မတော့ နားမလည်ဘူး။ ကျွန်မအနေနဲ့ ပြောရရင်သင်တန်းတွေတက်ထားလို့ကျွန်မမှာအသိပညာ၊ဗဟုသုတတွေတိုးလာတာပဲလေ။*”[81]

ထိန်းချုပ်မှုရောထွေးနေသောယ်မြေများမှလာသော ပါဝင်ဆွေးနွေးသူများက မြေယာမှတ်ပုံတင်ခြင်း နည်းလမ်းအမျိုးမျိုးကို ဖော်ထုတ်ဆွေးနွေးပေးကြပါသည်။ အချို့က ၎င်းတို့၏ မြေများကို အစိုးရ မြေယာစနစ်တွင် မှတ်ပုံတင်ထားပြီး အချို့က အစိုးရမဟုတ်သော အာဏာပိုင်အဖွဲ့အစည်းများထံ တွင် မှတ်ပုံတင်ထားကြပါသည်။[82] ပါဝင်ဆွေးနွေးသူများက KNU စနစ်မှ အမျိုးသားနှင့်အမျိုးသမီးများအား တန်းတူညီမျှ မြေယာအခွင့်အရေး ပေးအပ်မှုသည် ပို၍ တိကျခိုင်မာမှု ရှိသည်ဟု ယူဆကြပြီး KNU စနစ်ကို ပိုမိုနှစ်သက်ကြောင်း အတိအလင်းထုတ်ဖော်ပြောကြား ကြပါသည်။[83] KNU ၏ မြေယာမူဝါဒတွင် “အမျိုးသမီးများသည် တောင်သူများ၊ ကျေးလက်လုပ်သားများ၊ သစ်တောတွင်းနေထိုင်သူများ သို့မဟုတ် မွေးမြူရေးလုပ်ကိုင်သူများနှင့် အမျိုးသမီးများအဖြစ် မြေယာကို ထိရောက်စွာ လက်လှမ်းမီအသုံးပြုနိုင်ရန် တောင်းဆိုပိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုထားပါသည်။”[84] “ကျေးလက်နေ ဆင်းရဲနွမ်းပါးသော အမျိုးသမီးများသည် အိမ်ထောင်စုအတွင်းရှိ အမျိုး သားများနှင့် သီးခြားလွတ်လပ်စွာဖြင့် မြေယာအရင်းအမြစ်များနှင့် ကိုယ်ပိုင်ဆက်နွယ်ချိတ်ဆက်မှုများရှိကြသဖြင့်၎င်းတို့သည်ကိုယ်ပိုင်မြေယာအသုံးချခွင့်များသီးခြားပိုင်ဆိုင်ခွင့်ရှိသည်” ဟု ထိုမြေယာမူဝါဒတွင် အတိအလင်း ဖော်ပြထားပါသည်။[85] အမျိုးသမီးများသည် အိမ်ထောင်ဦးစီးအဖြစ် ခင်ပွန်း သို့မဟုတ် ဖခင်ရှိနေလျှင်ပင် ၎င်းတို့၏အမည်ဖြင့် မြေယာလက်မှတ်များ ရရှိပိုင်ခွင့်ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ကရင်ရိုးရာဓလေ့ နယ်မြေစီမံအုပ်ချုပ်ခြင်းစနစ်ကို ‘ကော်’ စနစ်ဟု ခေါ်ပါသည်။ ထိုစကားလုံး အသုံးအနှုန်းသည် ကရင်လူမျိုးများမှ ၎င်းတို့၏ မြေယာများ၊ ရပ်ရွာလူထုအခြေပြု အုပ်ချုပ်ရေး စနစ်များ၊ ယင်းတို့နှင့် ဆက်နွယ်ပတ်သက်နေပုံများကို ဖော်ပြရန် အစဉ်အဆက် အသုံးပြုခဲ့သော အသုံးအနှုန်းဖြစ်ပါသည်။[86] ‘ကော်’ သည် အောက်ပါလုပ်ငန်းဆောင်တာအမျိုးမျိုး ပြည့်စုံစွာ ပါဝင်သည့် နယ်မြေယူနစ်တစ်ခုကို ရည်ညွှန်းပါသည် – ဓလေ့ထုံးတမ်းကိုးကွယ်ယုံကြည်ခြင်း၊ နယ်မြေ စီမံအုပ်ချုပ်မှုစနစ်၊ လူမှုဂေဟ အုပ်ချုပ်မှုစနစ်အတွင်းရှိ အခမ်းအနားများ၊ ရှောင်ကြဉ်ရန် တားမြစ်ထားသော အရာများမှတစ်ဆင့် သစ်တော၊ မြေ၊ ရေနှင့် မြေပေါ်ရှိ သက်ရှိများကို ထိန်းသိမ်းစောင့်ရှောက်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်တို့ ဖြစ်ပါသည်။[87] ‘ကော်’စနစ်တွင် အမျိုးသမီးနှင့် အမျိုးသားလူငယ်များ ပါဝင်ဆောင်ရွက်ရန် သီးခြားဖွဲ့စည်းပုံများ ပါရှိပါသည်။ ‘ကော်’ စနစ်တိုင်း၏ စီမံခန့်ခွဲမှုအဖွဲ့ (ဘလော) တွင် အဆိုပြုခံရသော အမျိုးသမီးနှင့် အမျိုးသား လူငယ်ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းပါသည်။[88] ကရင်အမျိုးသမီးအစည်းအရုံး (KWO) နှင့် KESAN ကဲ့သို့သော CSO များက KFD နှင့် ‘ကော်’ စနစ်တို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် တိုက်တွန်းအကြံပြု ဆွေးနွေးမှုများ ပြုလုပ်နေကြပါသည်။[89] လေ့လာမှုတွင် ပါဝင်ဆွေးနွေးပေးသူ များကလည်း အလားတူ သဘောထားများရှိသည်ကို တွေ့ရပါသည်။[90]

81 တောင်ငူတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ

82 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ-စက်တင်ဘာလ၊

83 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ-စက်တင်ဘာလ၊

84 KNU မြေယာမူဝါဒ (၂၀၁၅ ဒီဇင်ဘာလ) အပိုဒ် ၂.၁.၃ နှင့် ၂.၂.၅၊ KNU. https://www.tni.org/files/article-down loads/knu_land_policy_eng.pdf. မြေယာအငြင်းပွားမှုဖြေရှင်းရေးကော်မတီများတွင်လည်း အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်များ ပါဝင်ကြပါသည် (အပိုဒ် ၁.၁.၉)။

85 Ibid.

86 J. Lubanski, Kaw policy briefer: The recognition, registration and governance structures of Karen customary lands (Kaw) under KNU policy (KNU မူဝါဒအောက်ရှိ ကရင်ရိုးရာဓလေ့ မြေများ (ကော်) အား အသိအမှတ်ပြုခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အုပ်ချုပ်ရေးဖွဲ့စည်းပုံများ), Chiang Mai, Thailand: Karen Environmental and Social Action Network and Sone Sie Programme, p.1, http://kesan.asia/wp-content/uploads/2019/05/FINAL-Kaw-Briefer-KESAN-Eng.pdf

87 A. Paul, Kaw: The indigenous Karen customary lands (ကော် – ဌာနေတိုင်းရင်းသားကရင်လူမျိုးများ၏ ရိုးရာ ဓလေ့ မြေယာများ), Chiang Mai, Thailand: Karen Environmental and Social Action Network, http://kesan.asia/wp-content/uploads/2019/08/Final-Briefer_KAW-English_2.pdf

88 J. Lubanski, no date, Op. cit., p.2

89 တောင်ငူတွင် ကရင်အမျိုးသမီးအစည်းအရုံးနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၉ ဩဂုတ်နှင့် ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက်နှင့် ပြုလုပ်သော အစည်းအဝေး၊ ၂၀၁၉ နိုဝင်ဘာ၊

90 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ-စက်တင်ဘာလ၊

## သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာဗဟုသုတများ

သစ်တောလုပ်ငန်းကဏ္ဍအတွင်းရှိ ကျားမကွာခြားချက်များကို ပိုမိုနားလည်သိရှိနိုင်စေရန်အလို့ငှာ သုတေသနအဖွဲ့သည် ပါဝင်ဆွေးနွေးပေးသူများ၏ သစ်တောလုပ်ငန်းနှင့်စပ်လျဉ်းသော အထွေထွေ ဗဟုသုတများကိုလည်း ဆန်းစစ်အကဲဖြတ်ခဲ့ပါသည်။ အမျိုးသားနှင့် အမျိုးသမီးများ၏ အသိပညာဗဟုသုတ ဆည်းပူးစုဆောင်းနိုင်မှုအတွက် အဟန့်အတားများသည် ၎င်းတို့၏ သစ်တောသယံဇာတများ သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်မှုများကို လက်လှမ်းမီမှုအား ကွဲပြားစေသလားဟူသည်ကို စူးစမ်းလေ့လာနိုင်ရန် ရည်ရွယ်၍ ဤဆန်းစစ်အကဲဖြတ်မှုကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

> ***"(အစိုးရထိန်းချုပ်တဲ့ဒေသက တောထဲတောင်ထဲမှာ ကြီးပြင်းလာခဲ့တဲ့) ကျွန်တော့်အနေနဲ့ ကျွန်တော့်မိဘတွေ၊ အထူးသဖြင့် ကျွန်တော့်အဖေဆီက သင်ယူခဲ့ပါတယ်။ အဖေက ကျွန်တော်တို့ မိသားစုနဲ့ ရပ်ရွာရဲ့ ရှင်သန်ရပ်တည်ရေး အတွက် သစ်တောရဲ့ တန်ဖိုးကို ကောင်းကောင်းသိတယ် .... ကရင်အမျိုးသမီးတွေရော၊ အမျိုးသားတွေပါ [လူမှု အသိုင်းအဝိုင်းရဲ့ ရေရှည်တည်တံ့နိုင်မှုကို ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့အတွက်] ရေဝေရေလဲဒေသတွေနဲ့ ဇီဝမျိုးစုံ မျိုးကွဲတွေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။" ဘားအံရှိ သစ်တောကျွမ်းကျင်ပညာရှင် (အမျိုးသား)***

ပါဝင်ဆွေးနွေးပေးသူအများစုသည် သစ်တောများအကြောင်းနှင့် သစ်တောများမှ အရင်းအမြစ်များ (မျှစ်မှစ၍ ထင်းအထိ) ကို ရယူအသုံးပြုမှုများအကြောင်းကို မိဘများထံမှ သင်ယူခဲ့ကြခြင်းဖြစ်ပြီး ထိုအဖြေနှင့်စပ်လျဉ်း၍ အမျိုးသမီးများနှင့်အမျိုးသားများကြား ကြီးမားသည့်ကွာခြားချက် မရှိပါ။[91] ပဋိပက္ခကြောင့် နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည့် ဖြေဆိုသူများက ၎င်းတို့၏ ရွှေ့ပြောင်းနေထိုင်ရမှုကြောင့် မိရိုးဖလာအစဉ်အလာ၊ အလေ့အထများကို ဆက်လက်



© Kaw Lah Foundation

ကရင်ပြည်နယ် ဘားအံတွင် အမျိုးသမီးများနှင့် အမျိုးသားများသည် ဒေသပိုင်ဥယျာဉ်ခြံပြုလုပ်ရန်အတွက် သစ်တောတွင်းမှ ဝါးများကို ခုတ်ယူနေစဉ်

91 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ–စက်တင်ဘာလ၊

ကျင့်သုံးနိုင်ခြင်း မရှိတော့သဖြင့် သစ်တောများ၊ သစ်တောသယံဇာတများနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိတော့ကြောင်း ပြောပြပါသည်။[92] လူလတ်ပိုင်းနှင့် အသက်အရွယ်ကြီးသော အမျိုးသမီးနှင့် အမျိုးသားဖြေဆိုသူများက လက်ရှိကာလတွင် လျှင်မြန်စွာ ဖြစ်ပေါ်နေသည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ကြောင်း ပြောကြပါသည်။ လျှင်မြန်စွာ ပြောင်းလဲတိုးတက်မှုလာမှုများကြောင့် များများထုတ်၊ များများသုံး ဝါဒနှင့် မိုဘိုင်းဖုန်းသုံးစွဲမှု များပြားလာသည့် ဘဝနေထိုင်မှုပုံစံအသစ်ကြောင့် သဘာဝတောများကို တန်ဖိုးထားမှု လျော့နည်းလာသဖြင့် မိရိုးဖလာ အသိပညာဗဟုသုတများ ကွယ်ပျောက်သွားပြီး သစ်တောကို ထိန်းသိမ်းစောင့်ရှောက်မှု အစဉ်အလာအလေ့အထများလည်း အားနည်းလာမည်ကို စိုးရိမ်နေကြပါသည်။[93]

ကျေးလက်ဒေသများရှိ ရပ်ရွာအဆင့်တွင် သစ်တောဥပဒေ၊ သဘာဝပတ်ဝန်းကျင်နှင့် ကျားမရေးရာဆိုင်ရာ ကိစ္စရပ်များကို လေ့လာသိရှိနိုင်သည့် အခွင့်အရေး အနည်းငယ် ရှိပါသည်။ သို့သော် ထို အခွင့်အရေးများကို စဉ်ဆက်မပြတ် ရရှိနိုင်သည်တော့ မဟုတ်ပါ။ အဓိကအားဖြင့် KESAN (KNU ထိန်းချုပ်သော နယ်မြေများတွင်) အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှတစ်ဆင့် ရရှိခြင်းဖြစ်ပါသည်။ GFD နှင့် KNU သစ်တောဌာနနှစ်ခုစလုံးသည် တရားမဝင် သစ်ခုတ်ခြင်းကို တားဆီးကာကွယ်ရန်နှင့် သစ်တောများထိန်းသိမ်းစောင့်ရှောက်မှုကို အားပေးမြှင့်တင်ရန်အတွက် ကျေးရွာများတွင် အသိပညာပေးအစီအစဉ်အချို့ကို ပြုလုပ်ပေးကြပါသည်။ သို့သော် ထိုအစီအစဉ်များသည် ဘောဂလိကဲ့သို့ ဝေးလံခေါင်ဖျား ကျေးရွာများရှိ အပစ်အခတ်ရပ်စဲပြီးနောက် နေရပ်ပြန်လာကြသူများအထိ ရောက်ရှိခြင်းမရှိပါ။[94] KNU ဒေသများနှင့် ထိန်းချုပ်မှုရောထွေးနေသော နယ်မြေဒေသများမှ ဖြေဆိုသူများက ၎င်းတို့သည် သစ်တောဥပဒေ အပါအဝင် သစ်တောနှင့် သက်ဆိုင်သော သင်တန်းများကို အစိုးရထံမှ မဟုတ်ဘဲ KNU ထံမှ ရရှိခဲ့ခြင်း သို့မဟုတ် ကြားသိခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။[95]

GFD သည် သစ်တောပြန်လည်ထူထောင်ရေး အမျိုးသားအဆင့် ပန်းတိုင်များ (သစ်တောများ ပြန်လည်ထူထောင်ရေး ၁၀ နှစ်စီမံကိန်း၊ ၂၀၁၅–၂၀၂၅)၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ပင်မစီမံကိန်းတို့နှင့်အညီ အသိပညာဖြန့်ဝေခြင်း၊ သစ်တောပြန်လည် ပျိုးထောင်ခြင်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အစီအစဉ်များကို ဆောင်ရွက်ပါသည်။ ထိုပင်မစီမံကိန်းများအရ ကရင်ပြည်နယ်တွင် သစ်ပင်ပေါင်း ၄၀၀,၀၀၀ ပြန်လည်စိုက်ပျိုးရန်နှင့် လက်ရှိမှတ်ပုံတင်ထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကေကိုလည်း ၈,၅၁၄ဧက မှ ၁၆,၂၉၉ဧက အထိ တိုးချဲ့ရန် လျာထားရည်မှန်းချက်များ ထားရှိပါသည်။[96] သို့သော် အစိုးရသစ်တောဦးစီးဌာနသည် ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းမြစ် ကန့်သတ်ချက်များ ကြုံတွေ့နေရပါသည်။[97] တိုင်ပင်ဆွေးနွေးမှုများအတွင်း ပါဝင်ဆွေးနွေးသူများကလည်း[98] ထိုအချက်ကို စိုးရိမ်ပူပန်ကြောင်း ပြောပါသည်။[99]

ဘားအံမြို့ရှိ GFD ကိုယ်စားလှယ်တစ်ဦးက "လက်ရှိ ကရင်ပြည်နယ်မှာ သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှုမှာပဲဖြစ်ဖြစ်၊ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးမှာပဲဖြစ်ဖြစ် အမျိုးသမီးတွေအနေနဲ့ များများစားစား ပါဝင်နိုင်တာ မရှိပါဘူး။ ဒါပေမဲ့ ဒီကဏ္ဍမှာ အမျိုးသမီးတွေကို လျှစ်လျူရှုထားလို့ မရပါဘူး"ဟု ရှင်းပြပါသည်။[100] ရပ်ရွာအဆင့်ရှိ အမျိုးသမီးများတွင်လည်း အရပ်ဘက်လူမှုအဖွဲ့အစည်း၏ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် သစ်တောစီမံအုပ်ချုပ်မှုအကြောင်း အသိပညာဗဟုသုတများ စုဆောင်းရန် အခွင့်အရေးရရှိကြပါသည်။[101] ပြည်တွင်းပြည်ပ

92 ထန်းတပင်မှ ပါဝင်ဆွေးနွေးပေးသူနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု၊ တောင်ငူ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ၊

93 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ–စက်တင်ဘာလ၊

94 တောင်ငူတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ၊

95 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

96 သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ ဆွေးနွေးဖလှယ်ပွဲတစ်ခု၌ ကရင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၏ တင်ပြဆွေးနွေးချက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ ၂၀၁၉ ခုနှစ် ဖွန်လ ၃ ရက်

97 ၂၀၁၆–၂၀၁၉ အတွင်း ဒေသအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း၊ အစိုးရ သစ်တောဦးစီးဌာန https://www.forestdepartment.gov.mm/cf-data-detail

98 Ibid.

99 တောင်ငူနှင့် ဘားအံမှ တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

100 GFD နှင့် တွေ့ဆုံမေးမြန်းမှု၊ ဘားအံ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ၊

101 တောင်ငူနှင့် ဘားအံမှ တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုပေါင်းအဖွဲ့မှ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဆောင်ရွက်သည့် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအစီအစဉ်သည် ပါဝင်ဆောင်ရွက်သော အမျိုးသမီးများအတွက် သစ်တောလုပ်ငန်းနှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲမှုအကြောင်း လေ့လာသင်ယူနိုင်သည့် သာဓကတစ်ခု ဖြစ်ပါသည်။ ထိုသို့သော လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများကို အမျိုးသမီးများကလည်း နှစ်သက်မက်မောကြပြီး အထူးသဖြင့် ပိုမိုတက်ကြွသည့် အမျိုးသမီးငယ်များက အမျိုးသမီးကြီးများထက် လေ့လာသင်ယူလိုသောဆန္ဒ ပို၍ပြင်းပြကြပါသည်။[102] အမျိုးသမီးများကို သစ်တောထိန်းသိမ်းစောင့်ရှောက်မှုသင်တန်းများ တိုးမြှင့်ပို့ချပေးရန်နှင့် ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေး လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့် မူဝါဒများတွင် ကျားမရေးရာကို ပိုမိုထည့်သွင်းပံ့ပိုးနိုင်အောင် ပံ့ပိုးကူညီပေးရန် ဖြေဆိုသူများက တောင်းဆိုကြ ပါသည်။[103] သို့သော် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် လူမှုရေး အတားအဆီးများကို ပြုပြင်ပြောင်းလဲပေးခြင်းမရှိပါက ကျားမရေးရာနှင့် အသက်အရွယ်ဆိုင်ရာ လူမှုယဉ်ကျေးမှု စံသတ်မှတ်ချက်များသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်ချိတ်ဆက်နေမှုကြောင့် ထိုကြိုးပမ်းဆောင်ရွက်မှုများသည် အကန့်အသတ်ရှိနေမည်သာ ဖြစ်ပါသည်။

## ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

ဒေသန္တရအုပ်ချုပ်ရေးတွင် အဓိကကျသော မေးခွန်းတစ်ခုမှာ ဆုံးဖြတ်ချက်များကို မည်သို့ ချမှတ်သနည်းဟူသည့် မေးခွန်း ဖြစ်ပါသည်။ စစ်မှန်သော ငြိမ်းချမ်းရေး (positive peace) ရှိသည့် လူမှု အဖွဲ့အစည်းတစ်ခုတွင် လူတစ်ဦး၏ ကိုယ်ပိုင်လက္ခဏာ သို့မဟုတ် ဂျန်ဒါ သို့မဟုတ် မည်သည့်အကြောင်းကြောင့်မျှ မည်သူ့ကိုမျှ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ခွင့်မရှိအောင် ဘေးဖယ်မထားသင့်ပါ။ အမျိုးသမီးများသည် ၎င်းတို့၏ဘဝအပေါ် သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်ပိုင်ခွင့် ရှိပါသည်။ သို့သော် သင်တန်းများနှင့် အစည်းအဝေးများတွင် အမျိုးသမီးများ ပါဝင်တက်ရောက်မှု အချိုးအစားများပြားခြင်းဖြင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှုအခန်းကဏ္ဍများ အလိုအလျောက် မြင့်မားလာမည်မဟုတ်ပါ။ မြန်မာနိုင်ငံရှိ ဒေသန္တရ အုပ်ချုပ်ရေး လုပ်ငန်းစဉ်နှင့် ခေါင်းဆောင်မှုတို့တွင် အမျိုးသားများသာ ကြီးစိုးနေဆဲ ဖြစ်ပါသည်။ ပုံသေကားကျ ယူဆကြသည့် စိတ်နေသဘောထားများကြောင့် "လူအများက အမျိုးသမီးများ၏ ခေါင်းဆောင်မှု နောက်မှ လိုက်ပါလိုခြင်း မရှိကြသည့်" အခြေအနေများကို ဖြစ်ပေါ်စေပါသည်။[104]

ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထဲတွင် အမျိုးသမီးအုပ်ချုပ်ရေးမှူးမှာ ၁% အောက်တွင်သာ ရှိပါသည်။[105] အမျိုးသမီးအုပ်ချုပ်ရေးမှူးတစ်ဦးရှိခြင်းကြောင့် ရရှိသည့်ကောင်းကျိုးသက်ရောက်မှုများ၏ သာဓကအဖြစ် လိပ်သိုမှ အမျိုးသမီးအုပ်ချုပ်ရေးမှူးကို ညွှန်ပြကြပါသည်။ အမျိုးသမီးအုပ်ချုပ်ရေးမှူးများသည် ရပ်ရွာလူထုအား သတင်းအချက်အလက်များ (ဥပမာ ပြည်နယ်နည်းပညာ သင်တန်းကျောင်းမှ ပို့ချပေးသော သက်မွေးမှုသင်တန်းများအကြောင်း) ကို ပိုမိုမျှဝေပေးကြပြီး အမျိုးသားအုပ်ချုပ်ရေးမှူးများသည် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုး သမီးအုပ်ချုပ်ရေးမှူးများလောက် စိတ်ပါဝင်စားခြင်းမရှိဟု ပါဝင်ဆွေးနွေးသူများက ရှုမြင်ကြပါသည်။[106]

ထိုသို့သော ခေါင်းဆောင်မှုနှင့်စပ်လျဉ်းသည့် ကျားမရေးရာ အခြေအနေများသည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကဏ္ဍတွင်လည်း တွေ့ရပါသည်။ ထိုကဏ္ဍတွင် အစိုးရနှင့် KNU စနစ် နှစ်ခုစလုံးရှိ ဆုံးဖြတ်ချက်ချမှတ်သော အဖွဲ့အစည်းများတွင် အမျိုးသားများသာ အများစုပါဝင်ကြောင်း ပါဝင်ဆွေးနွေးသူများက ပြောပြကြပါသည်။ ခြွင်းချက်တစ်ခုအဖြစ် အဆင့်မြင့်နေရာ တစ်နေရာမှ ပါဝင်ဆောင်ရွက်နေသည့် အမျိုးသမီးတစ်ဦးသည်လည်း အစုအဖွဲ့ပိုင်

102 တောင်ငူနှင့် ဘားအံမှ တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

103 တောင်ငူနှင့် ဘားအံမှ တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

104 တောင်ငူနှင့် ဘားအံမှ တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

105 K. Ryan, She leads in Myanmar: Inspiring women leaders (မြန်မာနိုင်ငံတွင် သူမ ဦးဆောင်သည် – အမျိုးသမီး ခေါင်းဆောင်များအတွက် စိတ်ဓာတ်ခွန်အား), Yangon: International Foundation for Electoral Systems and Yaung Chi Thit, 2019, p.8

106 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊

သစ်တောလုပ်ငန်းကော်မတီ၏ ဘဏ္ဍာထိန်းအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ရာ ဤသည်ကလည်း အမျိုးသမီးများ၏ အိမ်ထောင်စုတွင် ငွေကြေးစီမံထိန်းသိမ်းရသူများအဖြစ် ထမ်းရွက်ရသည့် သမားရိုးကျ အခန်းကဏ္ဍမျိုးကိုသာ ထမ်းဆောင်နေရခြင်း ဖြစ်ပါသည်။ (GFD က အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု ၃၀% ရရှိရေး ရည်မှန်းထားသော်လည်း) အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် အစိုးရထိန်းချုပ်သည့် ဒေသများတွင် ထူထောင်ထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှာထက် KNU ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင် ပိုမိုမြင့်မားသည်ဟု ဆိုပါသည်။ [107] ဤသို့ကွာခြားရခြင်း၏ အကြောင်းရင်းများကို တိုင်ပင်ဆွေးနွေးမှုများတွင် ဖော်ထုတ်နိုင်ခဲ့ခြင်းမရှိသော်လည်း ကရင်စနစ်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှုကို ပိုမို အလေးထားခြင်း သို့မဟုတ် အမျိုးသားများသည် သက်မွေးမှုလုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သည့် ဖိအားများကြောင့် လုပ်ခလစာမရသည့် စေတနာ့ဝန်ထမ်းအလုပ်များတွင် ပါဝင်ဆောင်ရွက်နိုင်မှုမရှိခြင်းတို့နှင့် ဆက်နွှယ်နေနိုင်ပါသည်။

ထို့ပြင် GFD နှင့် KNU သစ်တောဌာနနှစ်ခုစလုံးသည် အမျိုးသမီးများကို ခေါ်ယူခန့်ထားရေး အလေးပေးလာမှုနှင့်အတူ ထိုသစ်တောဌာနများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပါဝင် ဆောင်ရွက်လာကြသည်ဟု တက်ရောက်ဆွေးနွေးပေးသူများက ဆိုပါသည်။ NCA လက်မှတ်ရေး ထိုးပြီးနောက် လုံခြုံရေးအတွက် စိုးရိမ်ပူပန်ရမှုများ လျော့နည်းလာသောအခါ KNU သည် အမျိုးသမီးများကို တိုးမြှင့်ခန့်အပ်လာပါသည်။ ဤသည်မှာ အပြုသဘောဆောင်သော ပြောင်းလဲမှုတစ်ခု ဖြစ်သော်လည်း သစ်တောဌာနနှစ်ခုစလုံးတွင် အမျိုးသမီးဝန်ထမ်းများကို ကွင်းဆင်းရသည့်၊ သစ်တောကို အခြေခံသည့် ရာထူးနေရာများထက် ရုံးထိုင်ရသည့်၊ ဗျူရိုကရေစီအုပ်ချုပ်ရေးဆိုင်ရာ ရာထူးများတွင်သာ ခန့်အပ်ရန် အားသန်ကြပါသည်။ ရလဒ်အနေဖြင့် အဆင့်မြင့် သို့မဟုတ် စီမံခန့်ခွဲမှုရာထူးများတွင် အမျိုးသမီးများ နည်းပါးနေပါသည်။ အစိုးရနှင့် နှိုင်းယှဉ်လျှင် KNU အုပ်ချုပ်ရေးအဖွဲ့တွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု ပိုမိုမြင့်မားသည်ဟု တက်ရောက်ဆွေးနွေး သူများကဆိုသော်လည်း အများပြည်သူဆိုင်ရာကဏ္ဍများအတွင်း အမျိုးသမီးများ၏ ခေါင်းဆောင်မှုကို စနစ်နှစ်ခုစလုံးတွင် မြင်သာထင်ရှားစွာ မတွေ့ရှိရပါ။[108] ဒေါ်အောင်ဆန်းစုကြည်သည် အစိုးရကို ဦးဆောင်နေသည့် အမျိုးသမီးခေါင်းဆောင်တစ်ဦးဖြစ်သည် မှန်သော်လည်း သူမ၏ အခန်းကဏ္ဍ သည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဖြစ်နေမှုနှင့် ခွဲခြား မရအောင် ဆက်စပ်လျက်ရှိပါသည်။

KFD တွင် အမျိုးသမီးဝန်ထမ်း အချိုးအစားမည်မျှ ပါဝင်ရမည်ဟူသည့် သတ်မှတ် ချက် တိတိကျကျ မရှိပါ။ သို့သော် ကျားမရေးရာတာဝန်ခံအဖြစ် အဆိုပြုခံရသူများသည် CEDAW နှင့် အမျိုးသမီး အခွင့်အရေးများဆိုင်ရာ သင်တန်းများ ရရှိကြပါသည်။[109] KFD မြို့နယ်ဌာနမှူးက ၎င်း၏ ဌာနတွင် အမျိုးသမီးများ အလုပ်လျှောက်ထားမှု နည်းပါးသောကြောင့် အမျိုးသမီးဝန်ထမ်းများ ရွေးချယ် ခန့်အပ်ရန်ဟူသည့် ရည်မှန်းချက်ကို ပြည့်မီဖို့ ခဲယဉ်းကြောင်း ပြောပြပါသည်။110 ထိုသို့ နည်းပါးရခြင်း၏ အကြောင်းရင်းတစ်ခုမှာ အမျိုးသမီးများရော၊ အမျိုးသားများပါ ကိုယ်တိုင်ခံယူနှလုံးသွင်းထားသည့် လူမှုအဖွဲ့အစည်း၏ အမျိုးသမီးနှင့် အမျိုးသားများအပေါ် ကွဲပြားစွာ ထားရှိသော မျှော်လင့်ချက်များကြောင့် ဖြစ်နိုင်ပါသည်။ အမျိုးသမီးများသည် တောထဲတွင် သို့မဟုတ် ဝေးလံ ခေါင်ဖျားအရပ်များသို့ တစ်ဦးတည်း ခရီးသွားရန် လိုအပ်သော အလုပ်မျိုးကို လုပ်ကိုင်ရန် 'စိတ်မဝင်စား' သို့မဟုတ် 'စိတ်သက်တောင့်သက်သာမရှိ' ကြပါ။111 အမျိုးသမီးများသည် နေအိမ်မှခွာ၍ ညအိပ်ညနေခရီးသွားခြင်း မပြုအပ်ဟူသည့် လူမှုယဉ်ကျေးမှုဆိုင်ရာ တားမြစ်ချက်များအပြင် လက် နက်ကိုင်များ၊ အမျိုးသားသစ်တောအသုံးပြုသူများ သို့မဟုတ် တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်ရှိသည်ဟု ယူဆမှုများကြောင့် ထိုလုပ်ငန်းများကို အမျိုးသား စီမံခန့်ခွဲသူများကလည်း အမျိုးသမီးများကို တာဝန်ပေးအပ်ခြင်း သို့မဟုတ် အားပေးခြင်း ပြုနိုင်ခြေ နည်းပါးပါသည်။[112]

107 သစ်တောကျွမ်းကျင်ပညာရှင်နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ဘားအံ၊ ၂၀၁၉ စက်တင်ဘာလ၊

108 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးခဲ့မှု၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ၊

109 တနသ်ာရီမှ KFD မြို့နယ်ဌာနမှူးကို ဘားအံတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း တွေ့ဆုံမေးမြန်းခဲ့မှု

110 Ibid.

111 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ–စက်တင်ဘာလ၊

112 ဘားအံတွင် KFD နှင့် GFD တို့နှင့် တိုင်ပင်ဆွေးနွေးခဲ့မှုများ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

## ပြောရေးဆိုခွင့်နှင့် မိမိကိုယ်မိမိ ယုံကြည်မှု

*“သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ ကျွန်မရဲ့ အမြင်တွေကို တင်ပြခွင့်ရပါတယ်။ ကျွန်မအနေနဲ့ ပြောဆိုခွင့်ရပြီး လူတွေက ကျွန်မပြောတာကို နားထောင်ကြတယ်။ ဒါပေမဲ့ ကျွန်မရွာကို ပြန်သွားတဲ့အခါ ကျွန်မ ဘာမှပြောဆိုခွင့် မရှိဘူး။ လူတွေက အမျိုးသမီးတစ်ယောက် ပြောတာကို နားမထောင်ချင်ကြဘူး။”*
*ဒေသခံအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းမှ အမျိုးသမီးကိုယ်စားလှယ်၊ ဘားအံ*

ထုံးတမ်းစဉ်လာစံသတ်မှတ်ချက်များကို အမျိုးသမီးများ ကိုယ်တိုင် လက်ခံနှလုံးသွင်းထားသောကြောင့် (အမျိုးသားများ၏ နယ်ပယ်ဟု မှတ်ယူထားကြသည့်) နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် “ယုံကြည်ချက်” ကင်းမဲ့နေဆဲ ဖြစ်သော်လည်း ကျားမတန်းတူညီမျှရေးအကြောင်း အသိအမြင်ဖွင့်ပေးသည့် ဆောင်ရွက်ချက်အမျိုးမျိုးကြောင့် အကျိုးသက်ရောက်မှုများမှာ နှေးကွေးသော်လည်း တဖြည်းဖြည်းချင်း ကြီးမားလာပါသည်။ ရှေ့ထွက်ကာ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင် ရွက်ရန်၊ ၎င်းတို့၏ ရပ်ရွာများကို ကိုယ်စားပြုရန် ယုံကြည်မှု ပိုရှိလာသော အမျိုးသမီးများ ပိုမို များပြားလာပါသည်။ ယင်းနှင့်အတူ ဘာသာရေးပွဲများအတွက် အပါအဝင် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုများကို ဆက်စပ်ပတ်သက်သူအမျိုးသားများထံမှ ပံ့ပိုးအားပေးမှုများ တိုးပွားလာကြောင်း ပါဝင်ဆွေးနွေးသူများက ပြောပြပါသည်။ [113]

အမျိုးသမီးအခွင့်အရေးများအကြောင်း အသိအမြင်ဖွင့်ပေးခြင်းနှင့် SGBV အကြမ်းဖက်မှုများ ကိုင်တွယ်ဖြေရှင်းခြင်းတို့တွင် အလွန်အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်နေသည့် KWO နှင့် ကရင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကဲ့သို့ ခိုင်မာအားကောင်းသော ဒေသန္တရအဆင့်နှင့် ပြည်နယ်အဆင့် အမျိုးသမီးအဖွဲ့အစည်းများနှင့် ကွန်ရက်များ ရှိကြပါသည်။ သို့သော် ၎င်းတို့သည် သစ်တောလုပ်ငန်းကဲ့သို့ သဘာဝသယံဇာတ စီမံခန့်ခွဲမှုကိစ္စရပ်များအပေါ် ဦးတည်ဆောင်ရွက်မှု နည်းပါးသောကြောင့် ဤနယ်ပယ်တွင် ၎င်းတို့၏ အမြင်များကို တင်ပြခွင့်မရကြပါ။ KNU မှ အမျိုးသမီးခေါင်းဆောင်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစည်းအဝေးများ တက်ရောက်ရန် စေလွှတ်သည်ဟု ဆိုပါသည်။ သို့သော် ထိုဆွေးနွေးညှိနှိုင်းမှုများတွင် ထိုအမျိုးသမီးများ ကောင်းစွာ ပါဝင်ဆွေးနွေးနိုင်ပါသလားဆိုသည်ကို သုတေသနတွင် ဖြေကြားပေးသူများက သေသေချာချာ မသိရှိကြပါ။[114] ဤသည်မှာ တစ်နိုင်ငံလုံးရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ (NSAs) တွင် အမျိုးသမီးများသည် လက်အောက်ခံအဖြစ်သာ ပါဝင်ဆောင်ရွက်နေသည့် အခြေအနေနှင့် ကိုက်ညီမှုရှိပါသည်။ ယေဘုယျအားဖြင့် အမျိုးသားခေါင်းဆောင်များသည် အမျိုးသမီးများ၏ စွမ်းရည်နှင့် အတွေးအကြံများကို အသိအမှတ်ပြုရန် ပျက်ကွက်ကြပါသည်။ သို့သော်လည်း တပ်မတော်နှင့်နှိုင်းစာလျှင်မူ NSA များရှိ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုသည် အဆင့်များအားလုံးတွင် များစွာပိုမို မြင့်မားပါသည်။[115]

113 တောင်ငူရှိ ရပ်ရွာအခြေပြုအဖွဲ့အစည်းနှင့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊

114 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးမှု ၂၀၁၉ ဩဂုတ်လ

115 Å. Kolås and L.U. Meitei, Women in ethnic armed organizations in Myanmar (မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများမှ အမျိုးသမီးများ), Oslo: Peace Research Institute Oslo, 2019, p.1

# ၄။ အမျိုးသမီးဖြစ်မှု၊ အမျိုးသားဖြစ်မှုပေါ် အခြေခံ၍ ပေါ်ပေါက် နိုင်သော ထိခိုက်နိုင်ခြေအန္တရာယ်များ

ပဋိပက္ခဒဏ်ခံရသော အခြေအနေတစ်ခုတွင် ဆောင်ရွက်သည့် မည်သည့်စီမံချက်မဆိုတွင် "ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ပတ်ဝန်းကျင်ပေါ်တွင် ကောင်းကျိုးဖြစ်စေ၊ ဆိုးကျိုးဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တမင်ရည်ရွယ်ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ အကျိုးသက်ရောက်မှု မလွဲမသွေရှိမည်သာဖြစ်သည်။" [116] ထိုသက်ရောက်မှုများကို အပိုင်းကဏ္ဍ သုံးခု ပါဝင်သည့် ပဋိပက္ခကို သတိပြုနားလည်မှုရှိသော နည်းလမ်းတစ်ခုဖြင့် လုပ်ဆောင်သူများအားလုံးအတွက် ကိုင်တွယ်ဖြေရှင်းပေးနိုင်ပါသည်။ ထိုအပိုင်းကဏ္ဍသုံးခုမှာ – (၁) မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းများ၏ နောက်ခံ အခြေအနေအကြောင်းအချက်များကို ကောင်းစွာနားလည်သိရှိခြင်း၊ (၂) မိမိတို့၏ ဆောင်ရွက်ချက်များနှင့် ပဋိပက္ခ ဆိုင်ရာ အခြေအနေအကြောင်းအချက်များကြား အပြန်အလှန်ဆက်နွှယ် သက်ရောက်ပုံကို ကောင်းစွာနားလည် သိရှိမှု နှင့် (၂) ထိုနားလည်သိရှိမှုပေါ်တွင် အခြေခံ၍ ဆိုးကျိုးသက်ရောက်မှုများ အနည်းဆုံးဖြစ်ရန်နှင့် ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုမည့် ကောင်းကျိုးသက်ရောက်မှုများကို များနိုင်သမျှများများရရှိအောင် လုပ်ဆောင်မှုတို့ ဖြစ်ပါ သည်။[117]

အထူးသဖြင့် သစ်တောအသုံးပြုမှု၊ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပါဝင်ဆောင်ရွက် နေသော အမျိုးသမီးများ အပေါ် ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်အချို့ ရှိပါသည်။ ထိုအန္တရာယ် ကျရောက်နိုင်ခြေများကို အရပ်ဘက်လူမှု အဖွဲ့အစည်းဖြစ်စေ၊ အစိုးရသို့မဟုတ်အစိုးရမဟုတ်သောလုပ်ဆောင်သူများဖြစ်စေ လုပ်ငန်းအကောင်အထည်ဖော်သည့် အဖွဲ့အစည်းများအားလုံး သိရှိထားသင့်ပါသည်။ စီမံချက်ဒီဇိုင်းနှင့် စောင့်ကြည့်စစ်ဆေးမှုများတွင် ထိုအန္တရာယ်ကျ ရောက်နိုင်ခြေများကို ထည့်သွင်းစဉ်းစား၍ ကိုင်တွယ်ဖြေရှင်းရန် သို့မဟုတ် တားဆီးကာကွယ်ရန် နည်းလမ်းများကို တတ်နိုင်သမျှ ထည့်သွင်းလုပ်ဆောင်သင့်ပါသည်။ စီမံချက်အကောင်အထည်ဖော်စဉ်အတွင်း မရည်ရွယ်သော ဆိုးကျိုး သက်ရောက်မှုများ မြင်သာထင်ရှားလာသောအခါ လိုက်လျောညီထွေ တုံ့ပြန်နိုင်ရန် စီမံချက်သည် ပြောင်းလွယ်ပြင်လွယ် ရှိသင့်ပါသည်။ လုပ်ဆောင်သူများသည် ကျားမ တန်းတူညီမျှ မရှိမှုများကို အသွင်ပြောင်းလဲနိုင်အောင် ပံ့ပိုးကူညီပေးရင်း ပဋိပက္ခများကြား ငြိမ်းချမ်းရေး၊ ယုံကြည်မှုနှင့် ဆွေးနွေးဖလှယ်မှုများကို အထောက်အကူပြုမည့် အခွင့်အလမ်းများကို မြှင့်တင်ပေးခြင်း မပြုနိုင်လျှင်ပင် အနိမ့်ဆုံးအနေဖြင့် ဆိုးကျိုးဖြစ်ပေါ်ခြင်း မရှိစေရန် ဂရုပြုဆောင်ရွက်သည့် (Do No Harm) နည်းလမ်းဖြင့်[118] မရည်ရွယ်ဘဲ ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းသင့်သည်။ ထို့ပြင် လုပ်ဆောင်သူများအနေဖြင့် ပဋိပက္ခကြောင့် သွေးကွဲနေသူများကြား ငြိမ်းချမ်းရေး၊ ယုံကြည်မှုနှင့် အပြန်အလှန် ဆွေးနွေးဖလှယ်မှုများကိုမြှင့်တင်အားပေးနိုင်မည့် အခွင့်အလမ်းများ များနိုင်သမျှများများ ရရှိအောင် ဆောင်ရွက်ပေးပြီး တစ်ဖက်တွင်လည်း ကျားမတန်းတူညီမျှ မရှိမှုများကို အသွင်ကူးပြောင်းခြင်းအား တစ်ပြိုင်နက်တည်း အားပေးပံ့ပိုးဖို့ လိုအပ်ပါသည်။

116 K. Bush, A measure of peace: Peace and Conflict Impact Assessment (PCIA) of development projects in conflict zones (ငြိမ်းချမ်းရေး၏ အတိုင်းအတာတစ်ခု – ပဋိပက္ခဇုန်များမှ ဖွံ့ဖြိုးမှုစီမံချက်များ၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း), Ottawa: International Development Research Centre, 1998, cited in Conflict Sensitivity Consortium, How to guide to conflict sensitivity, no place: Conflict Sensitivity Consortium, 2012, p.3, https://conflictsensitivity.org/wp-content/uploads/2015/04/6602_HowToGuide_CSF_WEB_3.pdf

117 Conflict Sensitivity Consortium, 2012, Op. cit., p.2

118 ပဋိပက္ခဒဏ်ခံရသော ဒေသများတွင် နိုင်ငံတကာမှ ကူညီပံ့ပိုးသည့် လုပ်ဆောင်ချက်များသည် သွေးကွဲမှုများ၊ တစ်ကွဲတစ်ပြားစီ ဖြစ်နေမှုများကို အားဖြည့်ပေးသကဲ့သို့ ဖြစ်နိုင်သော အန္တရာယ်ရှိပါသည်။ သို့သော် အစီအစဉ်များကို ကောင်းစွာဒီဇိုင်းရေးဆွဲထားလျှင် အကူအညီပေးရေးလုပ်သားများအနေဖြင့် လူမှုအသိုင်းအဝိုင်းများကို စစ်ပွဲများမှ ဖယ်ခွာစေမည့် လုပ်ငန်းစဉ်များကို ပံ့ပိုးပေးနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။ ထို့ပြင် M.B. Anderson, Do No Harm: How aid can support peace–or war (ဆိုးကျိုးဖြစ်ပေါ်ခြင်း ရှိစေရ – အကူအညီများသည် ငြိမ်းချမ်းရေး သို့မဟုတ် စစ်ပွဲကို မည်သို့ အထောက်အပံ့ပြုနိုင်သနည်း), Boulder CO: Lynne Rienner Publishers, 1999 ကိုလည်း ကြည့်ပါ။

## ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ထိခိုက်နိုင်ခြေအန္တရာယ်များ

> *"ကရင်ပြည်နယ်မှာ သစ်တောရေးရာကိစ္စတွေနဲ့ပတ်သက်လို့ လုပ်ဆောင်နေတဲ့ အစိုးရ အဖွဲ့အစည်းတွေရော၊ EAO အဖွဲ့အစည်းတွေရော အများကြီးရှိပါတယ်။ ကဏ္ဍစုံက အဖွဲ့အစည်းတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ဒါမှ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ရန်ဖြစ်ဖို့ မတွေးတော့မှာ။"*
> *ဘားအံရှိ အတည်ပြု အလုပ်ဆွေးနွေးပွဲ တက်ရောက်သူ (သက်ကြီးပိုင်း အမျိုးသားတစ်ဦး)*

ပဋိပက္ခဖြစ်ပြီးသည့်နောက် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းစဉ် ဖြစ်ပါသည်။ ကမ္ဘာနှင့်အဝှမ်းတွင် ဆွေးနွေးညှိနှိုင်းနေသည့် ငြိမ်းချမ်းရေးသဘောတူညီချက်များ အားလုံး၏ ထက်ဝက်ခန့်သည် ငါးနှစ်တာ ကာလအတွင်း ပျက်ပြားခဲ့ပြီး နိုင်ငံများတွင် ပြည်တွင်း စစ်များ ပြန်လည်ဖြစ်ပွားခဲ့ပါသည်။[119] ပဋိပက္ခများသည် သဘာဝသယံဇာတများနှင့် ဆက်နွယ်နေပါက ထိုအချိန်ကာလအတွင်း ငြိမ်းချမ်းရေးသဘောတူညီမှုပျက်ပြားနိုင်ခြေသည် နှစ်ဆဖြစ်ပါသည်။[120] ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များသည် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေးကို ရရှိစေမည့် အခွင့်အလမ်းများ တိုးပွားလာစေရန်အတွက် တတ်နိုင်သမျှ ခိုင်မာအားကောင်းပြီး အားလုံးပါဝင်နိုင်မှုရှိရန် အလွန်ပင် အရေးကြီးပါသည်။

ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုရရှိရေး ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်များအတွက် အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုသည် အလွန်ပင် အရေးကြီးပါ သည်။ အမျိုးသမီးများသည် ဒေသန္တရအုပ်ချုပ်ရေးမှ လုံခြုံရေးဆိုင်ရာကိစ္စများအထိ ၎င်းတို့၏ဘဝ အပေါ် သက်ရောက်မှု ရှိသည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ဆောင်ရွက်ခွင့်သည် အမျိုးသမီးများ၏ အခွင့်အရေး ဖြစ်ပါသည်။ သက်သေအထောက်အထားများအရ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသမီးများ အဓိပ္ပါယ်ရှိစွာ ပါဝင်ဆောင်ရွက်မှုသည် "ငြိမ်းချမ်းရေးသဘောတူစာချုပ်ပါ အချက်များ ပိုမို ကောင်းမွန်ခြင်း၊ သဘောတူစာချုပ် အကောင်အထည်ဖော်မှုနှုန်း ပိုမိုမြင့်မား ခြင်းနှင့် ငြိမ်းချမ်းရေး ပိုမိုရေရှည် တည်တံ့ခြင်း" တို့ကို ဖြစ်စေကြောင်း တွေ့ရှိရပါသည်။[121] အမျိုး သမီးအဖွဲ့များသည် ဆွေးနွေးညှိနှိုင်းမှုနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အပေါ် ကြီးမားစွာ ဩဇာသက်ရောက်နိုင်ပါက ယင်းသည် ငြိမ်းချမ်းရေးသဘောတူညီချက် တစ်ခုကို အပြီးသတ်ချုပ်ဆိုနိုင်ပြီး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် အခွင့်လမ်းများကို တိုးပွားစေပါ သည်။[122] အပြန်အလှန်အားဖြင့် အမျိုးသမီးများနှင့် ၎င်းတို့ အလေးထားသည့် ကိစ္စများ (ဥပမာ ရေ၊ မြေနှင့် သစ်တော သယံဇာတများကို ဘေးကင်းစွာ လက်လှမ်းမီရရှိနိုင်မှု၊ မြေမြှုပ်မိုင်းအန္တရာယ် ကင်းဝေးရေး၊ လူမှုရေးဝန်ဆောင်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှု၊ စသဖြင့်) ကို ဘေးဖယ်ထားခြင်းသည် ပဋိပက္ခဖြစ်စေနိုင်သည့် အန္တရာယ်များ ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အကျိုးသက်ဆိုင်သူများကို ဘေးဖယ်ထားသော ငြိမ်းချမ်းရေးသ ဘောတူညီမှုများသည် ပဋိပက္ခရှိနေသည့် ကိစ္စများအားလုံးကို လွှမ်းခြုံနိုင်ခြေ နည်းပါးသောကြောင့် အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားနိုင်ခြေ ပိုများပါသည်။

အစိုးရဒေသများနှင့် တိုင်းရင်းသားဒေသများတွင် ရှိနေသော ဆုံးဖြတ်ချက်ချမှတ်မှု ဖွဲ့စည်းပုံများ တွင် အမျိုးသားများ ကြီးစိုးလျက် ရှိပါသည်။ ကရင်အမျိုးသားညီလာခံ၏ ခေါင်းဆောင်ပိုင်းတွင် လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့တွင်လည်းကောင်း၊ ငြိမ်းချမ်းလုပ်ငန်းစဉ်ကြီးတစ်ခုလုံး (ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ

119 C. King, Ending Civil Wars (ပြည်တွင်းစစ်များ အဆုံးသတ်ခြင်း), Oxford: Oxford University Press for the International Institute for Strategic Studies, 1997, p.25

120 S. A. Rustad and H.M. Binningsbø, A Price Worth Fighting for? Natural Resources and Conflict Recurrence (တိုက်ခိုက်ရန် ထိုက်တန်ပါရဲ့လား ၊ သဘာဝသယံဇာတများနှင့် ပဋိပက္ခများ ထပ်တလဲလဲ ဖြစ်ပွားမှု). Journal of Peace Research 49:4, 2012, pp.531–546

121 ဤသည်မှာ ၁၉၈၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကြား လက်နက်ကိုင်ပဋိပက္ခ ၄၂ တွင် ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေး သဘောတူညီချက် ၈၂ ခုအား လေ့လာဆန်းစစ်ထားသည့် စာရင်းအင်းအချက်အလက်များပေါ်တွင် အခြေခံထားပါသည်။ အချက်အလက်များ ထပ်မံရရှိလိုလျှင် J. Krause, Women's participation in peace negotiations and the durability of peace (ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေး တာရှည်ခံမှု). Policy Brief, London: Conflict, Security and Development Research Group, King's College London, 2018, p.4 ကို ကြည့်ပါ။

122 T. Paffenholz et al, Making Women Count – Not Just Counting Women: Assessing Women's Inclusion and Influence on Peace Negotiations (အမျိုးသမီးများကို ပါဝင်ဆောင်ရွက်စေခြင်း – အရေအတွက် သက်သက်မျှသာမဟုတ် – ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများတွင် အမျိုးသမီးများ၏ ပါဝင်နိုင်မှုနှင့် ဩဇာသက်ရောက်နိုင်မှုကို ဆန်းစစ်ခြင်း) , Geneva: The Graduate Institute of International and Development Studies and UN Women, 2016, p.6

ကော်မတီ နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ) တွင်လည်းကောင်း အမျိုးသမီးများ၏ ပါဝင် ဆောင်ရွက်မှုသည် ၃၀% အထိ ပြည့်မီခြင်း မရှိပါ။ ဥပမာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ မြေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် ၁၅ ဦးအနက် အမျိုးသမီးတစ်ဦးသာ ပါရှိပြီး နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီတွင်မူ တစ်ဦးမျှ မပါရှိပါ။[123] ထို့ကြောင့် အမျိုးသမီးများ၏ အလေးထားသည့်ကိစ္စများနှင့် ပါဝင်ကူညီပေးနိုင်မှုများသည် ဘေးဖယ်ခံရနိုင်ခြေရှိပြီး ပိုမို ကျယ်ပြန့်သည့် ဖြေရှင်းနည်းများကို ရှာဖွေနိုင်သည့် အခွင့်အလမ်းများကို နည်းပါးစေပါသည်။

လူဦးရေ၏ ၅၀% ထံမှ အသံများကို နားမထောင်ခြင်းကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မြင့်မား သော ရည်မှန်းချက်ပန်းတိုင် ပြည့်မြောက်စေမည့် အခွင့်အလမ်းများကို များစွာလျော့နည်းသွားစေပါသည်။ အမျိုးသမီးများ သို့မဟုတ် လူနည်းစုများကို ဖယ်ကြဉ်ထားခြင်းမရှိဘဲ နိုင်ငံသားများ အားလုံးအတွက် စစ်မှန်သော ငြိမ်းချမ်းရေး (positive peace) ကို ထိရောက်စွာ ဆောင်ကြဉ်းပေးနိုင်မည့် ဖက်ဒရယ်စနစ်ကို သဘောတူချုပ်ဆိုထားသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီမှုတစ်ခု ရရှိရေးဟူသည့် ပန်းတိုင် ပြည့်မြောက်စေရေးတွင် အားလုံးပါဝင်နိုင်သော လုပ်ငန်းစဉ်တစ်ခု ရှိရန် လိုအပ်ပါသည်။

NCA လက်မှတ်ရေးထိုးထားသည့်ကြားမှ အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားလျက်ရှိစေသည့် ကိစ္စရပ်များကို ထိုယန္တရားများမှ အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း မရှိရခြင်း၏ ဖြစ်နိုင်ခြေ ရှိသော အကြောင်းတစ်ခုမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများတွင် အမျိုးသမီးခေါင်းဆောင်များ မပါရှိသောကြောင့် ဖြစ်နိုင်ပါသည်။ အထူးသဖြင့် အကြမ်း ဖက်မှုများ သို့မဟုတ် တိုက်ခိုက်မှုများ လျော့နည်းသွားစေရန် လက်နက်ကိုင်အဖွဲ့များကြား ညှိနှိုင်း ဆွေးနွေးရာတွင် အမျိုးသမီးများ၏ အားသာချက်များကို အသုံးပြုမှုမရှိခြင်း[124] ကြောင့် ဖြစ်ပါသည်။ အလားတူပင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများသည် ကရင်ဒေသများတွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများကို ယနေ့အချိန်အထိ အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိခြင်းမှာလည်း ထိုကော်မတီများရှိ အမျိုးသားကော်မတီဝင်များ၏ ခွန်အားနှင့် အနိုင်နှင့်အရှုံးသာ ရှိရမည် (zero–sum perspectives) ဟူသည့် "အခြားသူများအပေါ် အနိုင်ယူလိုမှု" တို့ကို အလေးထားသည့် အမြင်များ လွှမ်းမိုးနေခြင်းကြောင့် ဖြစ်နိုင်ပါသည်။ သို့ပါသောကြောင့် ထိုအမြင်များသည် လက်နက်ကိုင်သူများ၏ ရပ်တည်ချက်များကို ဆွေးနွေးညှိနှိုင်းရန် ထက် ပြည်သူများ လိုလားတောင့်တနေသည့်ကိစ္စများကို ဦးစားပေးကာ သဘောထားပျော့ပျောင်းစွာ အားလုံးကျေနပ်လက်ခံနိုင်မည့် နည်းလမ်းများ (win–win solutions) ကို အပေးအယူညှိနှိုင်း၍ အဖြေရှာနိုင်ရေးတွင် အတားအဆီးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

International Alert မှ ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရှိ ယောကျ်ားပီသမှုလက္ခဏာများနှင့် ပဋိပက္ခအကြောင်း သုတေသနတွင် အမျိုးသားများသည် ပဋိပက္ခကို ဖြေရှင်းရာ၌ အခွင့်အာဏာ သို့မဟုတ် အဆင့်အတန်းကို အခြေခံသည့် ဆုံးဖြတ်ချက်ချမှတ်မှုကို အများဆုံးအသုံးပြုကြကြောင်း တွေ့ရှိခဲ့ပါ သည်။[125] ယင်းသည် အားလုံး၏ သဘောတူညီမှုကို ရယူရန် သို့မဟုတ် အားလုံးကျေနပ်လက်ခံ နိုင်မည့် အဖြေများ (win–win solutions) ကို ရှာဖွေရန် ရည်ရွယ်သည့် နည်းလမ်းများနှင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။[126] အမျိုးသမီးများကမူ ဆွေးနွေးညှိနှိုင်းသည့်၊ အပေးအယူအလျှော့အတင်း ပြုလုပ်သည့် နည်းဗျူဟာများကို ပိုမိုအသုံးပြုကြသည်ဟု ယူဆရပါသည်။ ဤသည်မှာ အမျိုးသမီးများ၏ သဟဇာတဖြစ်မှုကို တန်ဖိုးထားပြီး ပြောဆိုဆက်ဆံရ ခက်ခဲသည် သို့မဟုတ် ဗီလာဆန့် ကျင်သည်ဟု ထင်မြင်ခြင်း မခံရအောင် ရှောင်ရှားရမည်ဟူသည့် ၎င်းတို့၏ (အမျိုးသမီးဖြစ်နေခြင်းကို အကြောင်းပြု၍) လူမှုပုံသွင်းခံရမှုများမှ

123 R. Warren et al, Women's Peace Building Strategies Amidst Conflict: lessons from Myanmar and Ukraine (အမျိုးသမီးများ၏ ပဋိပက္ခများကြားမှ ငြိမ်းချမ်းရေးတည်ဆောက်မှု နည်းဗျူဟာများ – မြန်မာနိုင်ငံနှင့် ယူကရိန်းနိုင်ငံ များမှ သင်ခန်းစာများ), Georgetown Institute for Women, Peace and Security, p.20

124 Karen Women's Organisation, "Kill Me Instead of Them" – A Report on the Resilience of Karen Women Village Chiefs ("သူတို့အစား ကျွန်မကို သတ်ပါ" – ကရင်အမျိုးသမီးရွာလူကြီးများ၏ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းဆိုင်ရာ အစီရင်ခံစာ), no location: Karen Women's Organisation, 2020, p.7

125 J. Naujoks and M.T. Ko, Behind the masks–Masculinities, gender, peace and security in Myanmar (မျက်နှာ ဖုံးများ၏ နောက်ကွယ် – မြန်မာနိုင်ငံရှိ ယောကျ်ားပီသမှုလက္ခဏာများ၊ ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး), Yangon: International Alert, 2018b

126 အငြင်းပွားမှုဖြေရှင်းခြင်းကို အဓိကထား လုပ်ဆောင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ရန်ကုန်တွင် တွေ့ဆုံမေး မြန်းမှု၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ၊

အခြေပြုလာသည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။[127] ဥပမာ KWO မှ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြားတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ကရင်အမျိုးသမီး ရွာလူကြီး ၁၀၉ ဦး၏ ပြဿနာများကို ရင်ဆိုင်ကျော်လွှားရန် အသုံးပြုခဲ့သော အဓိကနည်းလမ်းများမှာ ဆွေးနွေးညှိနှိုင်းနိုင်သည့် စွမ်းရည်မြင့်မားမှု၊ လျှင်မြန်စွာ တွေးခေါ်နိုင်မှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်မြင့်မားမှုတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများထက် အခွင့်အာဏာနှင့် အဆင့်အတန်း ပိုမိုနည်းပါးနိမ့်ကျလေ့ရှိသောကြောင့် ၎င်းတို့အဖို့ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်းနှင့် မိမိတို့၏ ဆုံးဖြတ်ချက်များကို လိုက်နာအောင် လုပ်ဆောင်ခြင်းထက် အခြားသူများ နားလည်လက်ခံလာအောင် လုပ်ဆောင်ဖို့ ပို၍လိုအပ်ပါသည်။ ဤသည်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သို့မဟုတ် အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်လေ့လာရေးတို့တွင် အသုံးချမည်ဆိုလျှင် လက်ရှိ မတိုးသာမဆုတ် သာ ဖြစ်နေသည့် အခြေအနေကို ကွဲပြားသော ရှုထောင့်တစ်ခုမှ ရှုမြင်နိုင်ဖွယ် ရှိပါသည်။ ဆိုလိုသည်မှာ (ယှဉ်ပြိုင်တိုက်ခိုက်နေသည့် လက်နက်ကိုင်တပ်ဖွဲ့များမှ အမျိုးသားကိုယ်စားလှယ်များသာ အများစု ပါဝင်နေသည့်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေးညှိနှိုင်းနိုင်မှု၊ အပေးအယူ အလျှော့အတင်းလုပ်နိုင်မှု စွမ်းရည်များကို ပိုင်ဆိုင်သော အမျိုးသမီးအရေအတွက်ကို တိုးမြှင့်ပေးခြင်းသည် ဆန်းသစ်တီထွင်သော အဖြေများ၊ နည်းလမ်းများကို ပိုမိုရှာဖွေတွေ့ရှိပြီး အကျိုးများစေနိုင်ပါသည်။ ဤအချက်သည် အရပ်သားများအတွက် သက်ဆိုင်သည့်ကိစ္စ အမျိုးမျိုး ကို ဆွေးနွေးရန် လိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဆွေးနွေးပွဲများအတွက် အထူးပင် အရေးကြီးပါသည်။ ဆွေးနွေးရမည့်ကိစ္စများတွင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးစနစ်များနှင့်အတူ အားလုံးပါဝင်နိုင်သော သဘာဝသယံဇာတ စီမံအုပ်ချုပ်မှုတို့သည် အဓိက ကိုင်တွယ်ဖြေရှင်းရမည့်ကိစ္စများ ဖြစ်ပါသည်။

ယနေ့ ဖွဲ့စည်းတည်ဆောက်နေသော အဖွဲ့အစည်းစနစ်များနှင့် ခေါင်းဆောင်မှုပုံစံများသည် လက်ရှိ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူနှစ်မျိုးစလုံး၏ စနစ်များ ပါဝင်လာဖွယ်ရှိသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော အနာဂတ်ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံ၏ အခြေခံအုတ်မြစ်များ ဖြစ်လာပေလိမ့်မည်။ မည်သို့မည်ပုံ ပါဝင်လာမည်ဆိုသည်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အ ပိုင်းတစ်ခုဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးညှိနှိုင်းသွားရမည်ဖြစ်သည်။ လက်ရှိစနစ်များတွင် အမြစ်တွယ်နေသည့် အကြမ်းဖက်မှု (structural violence) ပုံစံတစ်မျိုးအဖြစ် အမျိုးသမီးများကို ဘေးဖယ်ထားမှု ရှိနေသော်လည်း အထက်ဖော်ပြပါဖွဲ့စည်းပုံများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေးသည့် အမျိုးသမီးများ၏ အခွင့်အရေး ဖြစ်သည်သာမက[128] အမျိုးသမီးများကို ပိုမိုကျယ်ပြန့်စွာ ပါဝင်စေမှုသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိနိုင်ခြေ ပိုများစေမည် ဖြစ်ပါသည်။ ကျားမတန်းတူညီမျှ မရှိမှု ပိုမိုမြင့်မားသော လူမှုအဖွဲ့အစည်းများတွင် နယ်မြေဒေသများကြား အကြမ်းဖက်ပဋိပက္ခ[129] နှင့် ပြည်တွင်း အကြမ်းဖက်ပဋိပက္ခ[130] ဖြစ်ပွားမှုနှုန်း ပိုမိုမြင့်မားပြီး လူတစ်ဦး၏ အသက်ရှင်သန်ခွင့်နှင့် ဖိနှိပ်ဆက်ဆံမှုမှ ကင်းဝေးခွင့်များ (personal integrity rights) ကို ချိုးဖောက်မှု အဆင့်လည်း ပို၍ မြင့်မားပါသည်။[131] ထို့ကြောင့် ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော ဖက်ဒရယ်ဖွဲ့စည်းပုံတစ်ခုတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ပြီး ပေါင်းစပ်ညှိနှိုင်းမှုရှိသည့်စနစ်တစ်ခု ရရှိစေရန် လက်ရှိ နိုင်ငံရေးဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် အစိုးရနှင့် အစိုးရမဟုတ်သောသစ်တောအုပ်ချုပ်မှုစနစ်နှစ်ခုစလုံးအတွင်းရှိအမျိုးသမီးများကိုပစ်ပယ်ထားမှုအားယခုအချိန်ကတည်းက စတင်ကိုင် တွယ်ဖြေရှင်းရန် အရေးကြီးနေပြီ ဖြစ်ပါသည်။

127 Ibid. အချက်အလက်များ ထပ်မံရရှိလိုလျှင် Karen Women's Organisation, 2020, Op. cit., p.13 နှင့် E. Röell, 2015, Op. cit., p.32 တို့ကိုလည်း ကြည့်ပါ။

128 "စနစ်များတွင်အမြစ်တွယ်နေသည့် အကြမ်းဖက်မှု (structural violence)" ဟူသော စကားလုံးကို ၁၉၆၉ ခုနှစ်တွင် Johan Galtung က စတင်တီထွင်သုံးစွဲခဲ့ပါသည်။ ပိုမိုသိရှိလိုပါက J. Galtung, Violence, peace, and peace research (အကြမ်းဖက်မှု၊ ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးသုတေသန), Journal of Peace Research 6(3), 1969, pp. 167–191 ကို ကြည့်ပါ။

129 M. Caprioli, Gender equality and state aggression: The impact of domestic gender equality on state first use of force (ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံ၏ ကျူးကျော်ရန်လိုမှု – ပြည်တွင်းရှိ ကျားမတန်းတူညီမျှမှု၏ နိုင်ငံ၏ အင်အားသုံးမှုအပေါ် သက်ရောက်မှု), International Interactions, 29(3), 2003, pp.195–214

130 D. Cingranelli et al, Human rights violations and violent internal conflict (လူ့အခွင့်အရေးချိုးဖောက်မှုများ နှင့် ပြည်တွင်းအကြမ်းဖက်ပဋိပက္ခ), Journal of Social Sciences, 8(41), 2019, pp.1–33, https://www.mdpi.com/2076–0760/8/2/41

131 E. Melander, Political gender equality and state human rights abuse (နိုင်ငံရေးတွင် ကျားမတန်းတူညီမျှမှုနှင့် နိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှု), Journal of Peace Research, 42(2), 2005, pp.149–166

## အမျိုးသမီးဖြစ်နေမှုကြောင့် ကြုံတွေ့နိုင်သည့် ထိခိုက်နိုင်ခြေအန္တရာယ်များ – အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု

မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းအများအပြားတွင် သင်တန်းများနှင့် ခေါင်းဆောင်မှုအခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို မိရိုးဖလာ ကျားမရေးရာ မျှော်လင့်ချက်များနှင့် ဆန့်ကျင်သည်ဟု ရှုမြင်ခံရနိုင်ပါသည်။[132] ရပ်ရွာထဲရှိ နှင့်/သို့မဟုတ် အိမ်ရှိ ထုံးတမ်းစဉ်လာ ခေါင်းဆောင်များ သို့မဟုတ် အသက်အရွယ်ကြီးသော အမျိုးသမီးများကဲ့သို့ ရှေးရိုးစွဲသူများမှ အမျိုး သမီးများ၏ ပြောရေးဆိုခွင့်နှင့် တက်ကြွလှုပ်ရှားမှုများကို **ပုံစံမျိုးစုံဖြင့် ဆန့်ကျင်တိုက်ခိုက်မှုများ ပြုလုပ်နိုင်သည့် အန္တရာယ်ရှိပါသည်။** ရပ်ထဲရွာထဲတွင် အမျိုးသမီး၏ အကျင့်စာရိတ္တ၊ အမျိုးသမီး၏ လုပ်ဆောင်ချက်တို့ကို ပုတ်ခတ်ပြောဆိုခြင်း သို့မဟုတ် ကျားမရေးရာစံများနှင့် ကိုက်ညီမှုမရှိခြင်းကို "ပြောဆိုရခက်သော အမျိုးသမီး"၊ "ပေါ့ပျက်ပျက်အမျိုးသမီး" ဟူ၍ ဝေဖန်ကဲ့ရဲ့ခြင်း နည်းလမ်း များဖြင့် ဆန့်ကျင်မှုကို ဖော်ပြနိုင်ပါသည်။[133] နေအိမ်အနီးနှင့် နေအိမ်အတွင်းတွင်လည်း အမျိုးသမီးများ၏ မိမိကိုယ်မိမိယုံကြည်မှုနှင့် အကျိုးဆောင်နိုင်မှုတို့ တိုးပွားလာခြင်းကို သဘောမကျသော သို့မဟုတ် ခြိမ်းခြောက်မှုအဖြစ်ယူဆသော ခင်ပွန်း သို့မဟုတ် မိသားစုဝင်များ၏ ဆန့်ကျင်တိုက်ခိုက်မှုကို ခံရနိုင်သည့် အန္တရာယ်ရှိပါသည်။ ထိုဆန့်ကျင်တိုက်ခိုက်မှုများကို နှုတ်ဖြင့် သို့မဟုတ် ကိုယ်ထိလက်ရောက်ကျူးလွန်သည့် အိမ်တွင်းအကြမ်းဖက်မှုနှင့် ထိပါးစော်ကားမှု၊ အမျိုးသမီး၏ လုပ်ဆောင်မှု သို့မဟုတ် ခရီးသွားလာမှုများကို ပိတ်ပင်ကန့်သတ်ရန် ကြိုးပမ်းခြင်း၊ ပြောရဲဆိုရဲရှိသော သမီးများကို "အိမ်ထောင်ချပေးခြင်း" သို့မဟုတ် အဆိုပါလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် လျော့နည်းထိခိုက်အောင် လုပ်ဆောင်ခြင်း၊ စသည့် ပုံစံများဖြင့် ပြုလုပ်နိုင်ပါသည်။[134] ထို့အတွက်ကြောင့် အခွင့်အာဏာကို ဆုပ်ကိုင်ထားသော အမျိုးသားများ၊ တားမြစ်ပိတ်ပင်နိုင်သည့် အမျိုးသားများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့၏ အားပေးပံ့ပိုးမှုများ ရရှိနိုင်မည်ဖြစ်သလို အမျိုးသမီးများ၏ ထိရောက်သော ပါဝင်ဆောင်ရွက်မှုသည် ၎င်းတို့၏ မိသားစု၊ ရပ်ရွာနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် အဘယ်ကြောင့် အရေးပါကြောင်း နားလည်သိရှိလာမည် ဖြစ်သည်။

132 A. Löfving et al, 2015, Op. cit., p.18

133 အကဲဆတ်မှုအရှိဆုံး ကျားမရေးရာနှင့်ဆက်နွှယ်သည့် လူမှုအဖွဲ့အစည်း၏ ရှောင်ကြဉ်ရန် တားမြစ်ပိတ်ပင်ထားမှုများနှင့်စပ်လျဉ်း၍ လှုံ့ဆော်တိုက်ပွဲဝင်ကြသော (ဥပမာ လိင်တူချစ်သူအမျိုးသမီးများ၊ ယောက်ျားလေး၊ မိန်းကလေး နှစ်ဦးစလုံးကို ချစ်ကြိုက်နိုင်သူ၊ လိင်ပြောင်း အမျိုးသမီးများ၏ အခွင့်အရေးများ၊ ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဆန့်ကျင်ခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို အားပေးမြှင့်တင်ခြင်း၊ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုအတွက် အကြံပြုတိုက်တွန်းဆွေးနွေးခြင်း) အမျိုးသမီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများသည် ၎င်းတို့၏ တက်ကြွလှုပ်ရှားမှုကို ဆန့်ကျင်တိုက်ခိုက်မှုအဖြစ် ကျားမအခြေပြုအကြမ်းဖက်မှုကို ခံရနိုင်သည့်အန္တရာယ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထပ်မံသိရှိလိုပါက Free Expression Myanmar, Daring to Defy Myanmar's Patriarchy – An assessment of the risk of challenging gender taboos for Myanmar's women human rights defenders (မြန်မာနိုင်ငံ၏ အမျိုးသား ကြီးစိုးမှုဝါဒကို အာခံရဲခြင်း – မြန်မာအမျိုးသမီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် ဂျန်ဒါနှင့်စပ်လျဉ်းသည့် ပိတ်ပင်တားမြစ်မှုများကို စိန်ခေါ်ခြင်းကြောင့် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို ဆန်းစစ်လေ့လာခြင်း), Yangon: Free Expression Myanmar, 2018 ကို ကြည့်ပါ။

134 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊



© Kaw Lah Foundation

ကရင်ပြည်နယ်ဘားအံတွင် ဒေသခံများနှင့် လူငယ်များသည် ဒေသပိုင်ဥယျာဉ်ခြံများပိုမိုစိုက်ပျိုး ပြုလုပ်လာစေရန်အတွက် မိခင်ကသမီးငယ်နှင့် အတူ၄င်း၏ ဥယျာဉ်ခြံတွင် ခါတ်ပုံရိုက်မှတ်တမ်းတင်နေစဉ်

သင်တန်းများ သွားတက်သောအခါ၊ သစ်တောများအတွင်းသို့ သွားရောက်သောအခါ သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်သောအခါ **လုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။** အကြမ်းဖက် ပဋိပက္ခများမှာ များစွာ လျော့ပါးသွားပြီဖြစ်သော်လည်း ကရင်ဒေသချို့တွင် တင်းမာမှုများနှင့် ထိတွေ့ တိုက်ခိုက်မှုအချို့ ဖြစ်ပွားနေဆဲ ဖြစ်ပါသည်။[135] သစ်တောများအတွင်း သို့မဟုတ် အချို့သော လယ်ကွင်းများတွင် မြေမြှုပ်မိုင်း အန္တရာယ်ကလည်း ဆက်လက်ခြိမ်းခြောက်နေဆဲ ဖြစ်ပါသည်။[136] အကူးအပြောင်းကာလ တရားမျှတမှုလုပ်ငန်းစဉ် (transitional justice process) တစ်ခု မရှိသည့် အခြေအနေတွင် ဆယ်စုနှစ်နှင့်ချီသည့် ပဋိပက္ခအကြမ်းဖက်မှုနှင့် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု ပုံရိပ်များ[137] နှင့်အတူ ယခုအချိန်အထိ မြေမြှုပ်မိုင်းများနှင့် သေနတ်ကိုင်ထားသူများကို ဆက်လက်မြင်တွေ့နေရမှုတို့ကြောင့် ကြောက်ရွံ့ထိတ်လန့်မှုနှင့် အယုံအကြည်ကင်းမဲ့မှု စိတ်ခံစားချက်များ စွဲကျန်နေဆဲ ဖြစ်ပါသည်။[138] ဤအခြေအနေသည် ဒေသခံပြည်သူများ၏ သစ်တောနှင့် ဆက်နွှယ်သော ပြဿနာများ ဖြေရှင်းသည့်နေရာတွင် ပါဝင်အကျိုးပြုနိုင်စွမ်းအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ ဥပမာ အေးချမ်းရေးနှင့် ငြိမ်းချမ်းရေး အဖွဲ့အစည်းပိုင်နယ်မြေများရှိ ဒေသခံပြည်သူများသည် လက်နက်ကိုင်အကြမ်းဖက်မှုများကို ကြောက်ရွံ့ခြင်းကြောင့် ကုမ္ပဏီကြီးများ၏ တရားမဝင်သစ်ခုတ်ခြင်းများကို တိုင်ကြားခြင်းမရှိကြသဖြင့် ပြည်သူများ၏ ပါဝင်အကျိုးပြုနိုင်မှုကို

135 Ibid.

136 Ibid. တစ်ကမ္ဘာလုံးတွင် တပ်မတော်သည် မြေမြှုပ်မိုင်းများချနေဆဲဖြစ်သည့် တစ်ခုတည်းသော အစိုးရလုံခြုံရေးတပ်ဖွဲ့ဖြစ်ပြီး NSA အများစုသည် လူကိုထောင်သော မြေမြှုပ်မိုင်းများကို ထုတ်လုပ်ထားသည်ဟု အတည်ပြုထားသည် သို့မဟုတ် ယူဆနိုင်ဖွယ်ရှိသည်။ ဆယ်စုနှစ်နှင့်ချီ၍ ပဋိပက္ခအတွင်း လက်နက်ကိုင်လုပ်ဆောင်သူအများအပြားမှ ချထားသော မြေမြှုပ်မိုင်းများကို ဖယ်ရှားသည့် တရားဝင်လုပ်ငန်းစဉ်တစ်ခု ယခုထက်တိုင် မရှိသေးပါ။ ထပ်မံသိရှိလိုပါက Landmine and Cluster Munition Monitor, Myanmar/Burma Country Report, November 2019, Geneva: World Council of Churches, 2019 ကို ကြည့်ပါ –https://themimu.info/sites/themimu.info/files/documents/Assessment_Landmine_Monitor_Report_2019_ENG.pdf

137 Karen Human Rights Group, 2017, Op. cit.

138 တောင်ငူနှင့်ဘားအံတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများနှင့် တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ဩဂုတ်လ–စက်တင်ဘာလ၊ အချက်အလက်များ ထပ်မံရရှိလိုပါက Karen Human Rights Group, 2016, Op. cit., p.1 ကို ကြည့်ပါ။

လျော့နည်းစေပါသည်။[139] တစ်ဖွဲ့ထက်မကသည့် အစိုးရမဟုတ်သော လက်နက်ကိုင်လုပ်ဆောင်သူများ ရှိနေပြီး လက်နက်ကိုင်အဖွဲ့များနှင့် သစ်ကုမ္ပဏီများကြား စီးပွားရေး ချိတ်ဆက်ဆောင်ရွက်မှုများ၏ ပွင့်လင်းမြင်သာမရှိမှုက ဤအခြေအနေကို ပို၍ဆိုးစေပါသည်။[140] အထက်ပါအကြောင်းများကြောင့် ခရီးသွားလာရန် ခက်ခဲမှုများကို ပို၍ ကြီးမားစေသည်မှာ မြန်မာနိုင်ငံရှိ လမ်းများ၏ အခြေအနေပင်ဖြစ်ပြီး လမ်းများမကောင်းသဖြင့် မတော်တဆမှုများ ဖြစ်နိုင်ခြင်း (အထူးသဖြင့် မိုးတွင်းကာလတွင်) သည် အမျိုးသမီးအချို့ကို ခရီးသွားလာနိုင်ခြင်း မရှိအောင် ဟန့်တား ထားပါသည်။[141]

**အဖွဲ့အစည်းများသည် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် မှုနှင့် မဖွယ်မရာပြုမှု အန္တရာယ်ဖြစ်နိုင်ခြေကိုလည်း သိရှိသတိပြုသင့်ပါသည်။**[142] မကြာမီက ဆောင်ရွက်ခဲ့သော လေ့လာမှုတစ်ခုတွင် မြန်မာနိုင်ငံရှိ လုပ်ငန်းခွင်များအတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု အန္တရာယ်များကို ဖော်ပြထားပါသည်။ အထူးသဖြင့် အလုပ်ကိစ္စနှင့် ခရီးသွား လာစဉ်တွင် ထိုအန္တရာယ်ကျရောက်နိုင်သည်ဟု ဆိုပါသည်။[143] ဤပြဿနာကို ကိုင်တွယ်ဖြေရှင်း ရန်အတွက် သက်ဆိုင်ရာ အမျိုးသား၊ အမျိုးသမီး ဝန်ထမ်းများအားလုံးကို လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်မှုနှင့် မဖွယ်မရာပြုမှုအကြောင်း နားလည်ပြီး ဖြစ်ပွားခဲ့လျှင် သိရှိနိုင်ရန် အသိပညာမြှင့် တင်ပေးရပါမည်။ ထို့ပြင် သတင်းပို့ တိုင်ကြားနိုင်သည့် လုပ်ငန်းစဉ်များကို လက်လှမ်းမီ အသုံးပြု နိုင်အောင် ဆောင်ရွက်ပေးရန်၊ ဖြစ်ပွား ခဲ့သော ကိစ္စများတွင် ကျူးလွန်သူများ အပြစ်ပေးမခံရဘဲ လွတ်မြောက်မှုများ အဆုံးသတ်စေရန်နှင့် နောက်နောင် ထပ်မံမဖြစ်ပွားရအောင် တားဆီးရန်တို့ သည်လည်း အလွန်အရေးကြီးပါသည်။

**အမျိုးသမီးများသည် အလုပ်တာဝန်များကို နှစ်ဆ၊ သုံးဆ တိုး၍ ထမ်းရွက်ရနိုင်ခြေ ရှိပါသည်။** အမျိုးသမီးများတွင် အိမ်မှုကိစ္စတာဝန်များသာမက ထွန်ယက်စိုက်ပျိုးခြင်းနှင့် သက်မွေးမှုလုပ်ငန်း တာဝန်များ အချိန်ပြည့်ထမ်းဆောင်နေ ရသောကြောင့် သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းတာဝန်များကို ထပ်ဆောင်းထမ်းရွက်ရခြင်းကြောင့် အလုပ်ဝန်ပိ စေခြင်းကို ရှောင်ကြဉ်ရန် အရေးကြီးပါသည်။ အထူးသဖြင့် ကျေးလက်ရှိ ပိုမို ဆင်းရဲနွမ်းပါးသော နေရာဒေသများတွင် ဘုံဘိုင်ရေ သို့မဟုတ် လျှပ်စစ်မီးကဲ့သို့သော ဝန်ဆောင်ပစ္စည်းမှုများ မရှိခြင်းကြောင့် အိမ်မှုကိစ္စတာဝန်များကို ပို၍ ပင်ပန်းကြီးစွာ လုပ်ကိုင်ရပါသည်။[144] အိမ်ထောင်စုအဆင့်တွင် အလုပ်တာဝန်ခွဲဝေထားမှုကို ပြန်လည်သုံးသပ်၍ ကလေးပြုစုစောင့်ရှောက်သည့် တာဝန်များကို အလှည့်ကျထမ်းဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေရန် အခွင့်အရေးများ ရှိနိုင်ပါသည်။ ရပ်ကွက်အဆင့်တွင်လည်း သင်တန်းများ သို့မဟုတ် သစ်ပင်စိုက်သည့် အစီအစဉ်များ အတွင်း အလားတူအခွင့်အလမ်းများ ရှိနိုင်ပါသည်။ ဘုံဘိုင်ရေနှင့် လျှပ်စစ်မီး အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်ပေး နိုင်ပါသည်။ ကျေးလက်ရှိ ဆင်းရဲနွမ်းပါးသော ဒေသများတွင် (အမျိုးသားများ၏) ရွှေ့ပြောင်းသွားလာမှုများလည်း မြင့်မားသည်ဖြစ်ရာ ခင်ပွန်းယောကျ်ားများက ပြည်ပတွင် ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင် သောအခါ အမျိုးသမီးများသည် အလုပ်တာဝန်များ ထပ်တိုး၍ ထမ်းဆောင်ရတတ်ပါသည်။ ထိုလုပ်ငန်းတာဝန်များထဲတွင် အချို့ ဖြစ်သော သစ်တောများအတွင်း ထင်း သို့မဟုတ် စားစရာရှာရခြင်းတို့အတွက် အမျိုးသမီးများသည် သစ်တောဧရိယာ များအတွင်းသို့ ဝင်ရောက်ရသည်ဖြစ်ရာ ရပ်ရွာအဆင့်ရှိ အဆိုပါသယံဇာတအရင်းအမြစ်များနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်ချသည့် ကိစ္စများတွင် ၎င်းတို့၏ အမြင်များကို တင်ပြပြောဆိုခွင့် ရှိသင့်ပါသည်။ စီမံချက်လုပ်ငန်းများ၊ **သင်တန်းများ သို့မဟုတ် တက်ကြွလှုပ်ရှားမှုများတွင် ပါဝင် ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများ၏ အိမ်မှုကိစ္စတာဝန်များ ဆောင်ရွက်ရန် အချိန်လျော့နည်းသွားမည်ဖြစ်သောအခါ ထိုတာဝန်များကိုသမီးများအား လွှဲပြောင်းလုပ်ကိုင်စေခြင်းများ**

139 တောင်ငူတွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ၊

140 Ibid.

141 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ–စက်တင်ဘာလ၊

142 အချက်အလက်များ ပိုမိုရရှိလိုပါက InterAction, PSEA Basics. Training Guide. Preventing and Responding to Sexual Exploitation & Abuse (PSEA) (PSEA အခြေခံ အချက်များ၊ သင်တန်းလမ်းညွှန် – လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် မဖွယ်မရာပြုမှု တားဆီးကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ပေးခြင်း), Washington DC: InterAction, December 2013 ကို ကြည့်ပါ။

143 D. Laplonge, Respectful workplace: Assessing the costs of sexual harassment and bullying to Myanmar businesses(လေးစားမှုရှိသော လုပ်ငန်းခွင် – လိင်ပိုင်း ဆိုင်ရာ ထိပါးနှောင့်ယှက်မှုနှင့် အနိုင်ကျင့်မှုများအတွက် မြန်မာ့ စီးပွားရေးလုပ်ငန်းများ၏ ပေးဆပ်ရမှုများကို ဆန်းစစ်ခြင်း), Yangon: International Finance Corporation and the DaNa Facility, 2019

144 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ–စက်တင်ဘာလ၊

ရှိနိုင်ပါသည်။ ထိုအခါ အဆိုပါမိန်းကလေးများ၏ ပညာသင်ယူနိုင်မှုအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ သို့မဟုတ် မိသားစုများ အတူစုနေပါက ယောက္ခမများထံမှ အပါအဝင် အိမ်ထောင်စုအဆင့်တွင် ဆန့်ကျင်တိုက်ခိုက်ခံရမှုများ ဖြစ်ပေါ်စေ နိုင်သည့် အန္တရာယ် ရှိပါသည်။[145]

## အမျိုးသားဖြစ်နေမှုကြောင့် ကြုံတွေ့နိုင်သည့် ထိခိုက်နိုင်ခြေအန္တရာယ်များ – အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှု

အမျိုးသမီးများ၏ အကျိုးဆောင်နိုင်မှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် ခေါင်းဆောင်မှုများ မြင့်မားလာခြင်းကို ခင်ပွန်း၊ ဖခင်သို့မဟုတ် ရပ်ရွာခေါင်းဆောင်တစ်ဦးနေရာမှ အားပေးပံ့ပိုးသည့် အမျိုးသားများတွင်လည်း **ရပ်ရွာလူထု၏ ဆန့်ကျင်တိုက်ခိုက်မှုများကို ရင်ဆိုင်ရနိုင်ပါသည်။**[146] ထိုအမျိုး သားများသည် ၎င်းတို့၏ ယောကျ်ားပီသမှုကို မေးခွန်း ထုတ်ခံရခြင်း၊ ဝေဖန်ကဲ့ရဲ့ခြင်း သို့မဟုတ် "လှောင်ပြောင်ခြင်း"၊ မိမိ၏ အိမ်ထောင်စုကို ထိန်းချုပ်နိုင်မှု သို့မဟုတ် ဩဇာညောင်းမှု မရှိသည့် ပျော့ညံ့သူဟု ရှုမြင်ခံရခြင်းဟူသည့် ပုံစံများဖြင့် ဆန့်ကျင်တိုက်ခိုက်မှုများ ရင်ဆိုင်ရနိုင်ပါသည်။[147] အထူးသဖြင့် စစ်ပွဲပေါင်းမြောက်များစွာ ဖြစ်ပွားခဲ့သည့် နေရာဒေသများတွင် ပို၍အန္တရာယ်ရှိပါသည်။ အကြမ်းဖက်မှုများ ပြီးဆုံးသွားသောအခါ အမျိုးသားများအပေါ် မူလထားရှိသည့် မျှော်လင့်ချက်များသည် အသွင်ပြောင်းလဲသွားပြီး မိသားစု သို့မဟုတ် ရပ်ရွာအား 'ကာကွယ်စောင့်ရှောက်ခြင်း' ထက် မိသားစုကို 'ရှာဖွေကျွေးမွေးခြင်း' က ပို၍ အရေးကြီးလာပါသည်။

စီးပွားရေးပြန်လည်ထူထောင်မှုများ နှေးကွေးနေသည့် သို့မဟုတ် နေရပ်စွန့်ခွာရွှေ့ပြောင်းပြီးနောက်တွင် မြေယာ အခွင့်အရေးများ ရရှိရန်ခက်ခဲသည့် သို့မဟုတ် အများစုပေါင်းအသုံးပြုနေသောမြေများကို စီးပွားရေး၊ ဓာတ်သတ္တုတူးဖော်ထုတ်ယူမှု သို့မဟုတ် ရေအားလျှပ်စစ်စီမံကိန်းများအတွက် သိမ်းဆည်းခံရသော နေရာဒေများတွင် မိသားစုကို ရှာဖွေကျွေးမွေးရခြင်းသည် များစွာခက်ခဲနိုင်ပါသည်။[148] အမျိုးသားများဘက်မှ အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်ရသော အခါ အိမ်တွင်းအကြမ်းဖက်မှုနည်းလမ်းအပါအဝင် ရပ်ရွာ သို့မဟုတ် အိမ်ထောင်စုအပေါ် ၎င်းတို့၏ လွှမ်းမိုး ချုပ်ကိုင်နိုင်မှုကို ပြန်လည်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ အဆင့်အတန်း သို့မဟုတ် မိမိကိုယ်မိမိ မည်သူ မည်ဝါဟူသည့် သတ်မှတ်ချက်ကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းနိုင်ပါသည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ရခြင်း သည် အန္တရာယ်ရှိသော အပြုအမူများ သို့မဟုတ် အရက်သေစာသောက်စားခြင်းကဲ့သို့ မိမိကိုယ်မိမိ ဖျက်ဆီးသော အပြုအမူများကို ဖြစ်ပေါ်စေ နိုင်ပြီး ယင်းသည် အပစ်ရပ်နယ်မြေများရှိ ကျိုးပျက်လွယ်သော လူမှုသဟဇာတဖြစ်မှုကို ထပ်မံအားနည်းချိနဲ့စေပါသည်။[149] ကျားမတန်းတူညီမျှမှုအကြောင်း လူထုကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းနှင့် ဆက်သွယ်ပြောဆိုခြင်းတို့တွင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ အိမ်ထောင်စုနှင့် ရပ်ရွာကို ကောင်းကျိုးပြုနိုင်ကြောင်း အလေးထား ပညာပေးသင့်ပါသည်။ ထို့ပြင် အိမ်တွင်းမှု တာဝန်များ ပြီးစီးအောင် ထမ်းဆောင်နိုင်မှု၏ တန်ဖိုးနှင့် အဆင့်အတန်းကိုလည်း မြှင့်တင်ပေးသင့်ပါသည်။ ထို့ပြင် နေအိမ်တွင် ဖြစ်စေ၊ ရပ်ရွာထဲတွင် ဖြစ်စေ ရေးရိုးစွဲသူများထံမှ အကြားအမြင်ဗဟုသုတနည်းပါးစွာဖြင့် လူမှုရေးတိုးတက်ပြောင်းလဲမှုများကို ဆန့်ကျင်တိုက်ခိုက်မှုများအား တန်ပြန်နိုင်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်း မီးမောင်းထိုးပြသင့်ပါသည်။

145 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ–စက်တင်ဘာလ၊

146 H. Myrttinen et al, Re–thinking Gender in Peacebuilding (ငြိမ်းချမ်း ရေးတည်ဆောက်မှုတွင် ဂျန်ဒါကို ပြန်လည်သုံးသပ်စဉ်းစားခြင်း), London: International Alert, 2014

147 J. Naujoks and M. T. Ko, 2018b, Op. cit., p.35

148 J. Naujoks and M.T. Ko, 2018a, Op. cit.

149 H. Myrtinnen et al, 2014, Op. cit.

လေ့လာမှုတွင် ပါဝင်သူများက ရပ်ရွာအဆင့်ရှိ သင်တန်းများနှင့် အသိပညာပေးအစီအစဉ်များကို အမျိုးသမီးများကသာ အများဆုံးတက်ရောက်ကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမျိုးသားများသည် အမျိုးသားဖြစ်နေခြင်းကြောင့် မိသားစုကို ရှာဖွေကျွေးမွေးသူအဖြစ် မျှော်လင့်ချက်များ ထားရှိ ခံရခြင်းနှင့်အညီ ငွေရသည့်အလုပ်များကို ဦးစားပေးကြသဖြင့် သင်တန်းများကို စိတ်ဝင်စားမှု နည်းပါးသည်ဟု ယူဆသောကြောင့် ဖြစ်ကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။[150] သင်တန်းများကို တက်ရောက်သူများတွင် အများစုသည် အမျိုးသမီးများ ဖြစ်ကြသည်မှန်သော်လည်း သင်တန်းများတွင် ဆွေးနွေးသည့် အကြောင်းအရာများသည် သစ်ခုတ်ခြင်း သို့မဟုတ် အိမ်ဆောက်ခြင်းကဲ့သို့ အမျိုးသားများ လုပ်ကိုင်လေ့ရှိသည့် လုပ်ငန်းဆောင်တာများနှင့် သက်ဆိုင်နေပါက အမျိုးသမီးများသည် လေ့လာသင်ယူခဲ့သည်များကို လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးနိုင်သည့် အကောင်းဆုံးအနေအထားတွင် အစဉ်အမြဲ မရှိကြပါ။[151] ဤသည်မှာ ရပ်ရွာအဆင့်တွင် အပြောင်းအလဲများ ဖြစ်ပေါ်အောင် လုပ်ဆောင်ရန် အရေးကြီးသော **အမျိုးသား အကျိုးဆက်စပ်ပတ်သက်သူများနှင့် အမျိုးသားပရိတ်သတ်များကို စီမံချက်များမှ ဖယ်ထုတ်ထားမိနိုင်သော အန္တရာယ်ကို ညွှန်ပြနေပါသည်။** ထိုအစီအစဉ်များ၊ သင်တန်းများတွင် အမျိုးသားများ ပါဝင်တက်ရောက်မှုမရှိခြင်းနှင့် **ဆက်နွှယ်နေသည့် အန္တရာယ်တစ်ခုမှာ ၎င်းတို့၏ အရေးကိစ္စများ၊ စိတ်ပါဝင်စားမှုများကို ဆုံးဖြတ်ချက်ချမှတ်သူများ နှင့်/သို့မဟုတ် အကောင်အထည်ဖော်သူများမှ ထည့်သွင်းစဉ်းစားနေခြင်းမရှိမှုပင် ဖြစ်ပါသည်။** ရပ်ရွာအဆင့်တွင် လုပ်ဆောင်နေသော အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်နေသူမည်သူမဆို (အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများ) သည် ရည်ရွယ်သော ပရိတ်သတ်ထံသို့ ရောက်ရှိရန် ထိုလုပ်ငန်းများကို စနစ်တကျ ဒီဇိုင်းရေးဆွဲသင့်ကြောင်း သိရှိရန် လိုအပ်ပါသည်။ ထိုအစီအစဉ်များရှိ အမျိုးသမီးနှင့် အမျိုးသားများ၏ ပါဝင်ဆောင်ရွက်မှု အခြေအနေများကို အမှန်တကယ် ပါဝင်ဆောင်ရွက်သည့် အရေအတွက် (ကျား/မခွဲခြား၍ အချက်အလက်များ ကောက်ယူခြင်း) ကိုသာမက အရည်အသွေးကိုပါ ဂရုတစိုက် စောင့်ကြည့်လေ့လာသင့်ပါသည်။ ဆုံးဖြတ်ချက်များကို တက်ရောက်သူ အမျိုးသား ၅% ကသာ ချမှတ်သည်ဆိုလျှင် အမျိုးသမီး ၉၅% ၏ ပါဝင်တက်ရောက်မှုသည် အဓိပ္ပါယ်ရှိမည် မဟုတ်ပါ။ ပါဝင်ဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်ချမှတ်မှုတို့တွင် အမျိုးသမီးနှင့် အမျိုးသား မျှတမှုရှိစေရန် အကောင်အထည်ဖော်သည့် နည်းဗျူဟာများကို လိုက်လျောညီထွေ ပြင်ဆင်၍ ဆောင်ရွက်သင့်ပါသည်။

150 တောင်ငူနှင့် ဘားအံတွင် ပြုလုပ်ခဲ့သော တိုင်ပင်ဆွေးနွေးမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလ၊

151 Ibid.

# ၅။ နိဂုံးနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံရှိ သစ်တောအသုံးပြုမှု၊ သစ်တောစီမံခန့်ခွဲမှုနှင့် သစ်တောအုပ်ချုပ်မှုတို့တွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအပေါ် ကျားမရေးရာစံများနှင့် ကိုယ်စားပြုပါဝင်မှုများက ဩဇာလွှမ်းမိုး သက်ရောက်နေပါသည်။ အမျိုးသမီးများသည် မည်သည့်အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရန် သင့်တော်သည်ဟူ၍ လူမှုအဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျားမရေးရာ မျှော်လင့်ချက် များသည် ဘေးကင်းရေးနှင့် လုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများနှင့် ပေါင်းစပ်၍ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှု၊ အထူးသဖြင့် ခေါင်းဆောင်ပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်မှုကို ကန့်သတ် ပိတ်ပင်ထားနိုင်ပါသည်။ ကရင်ပြည်နယ်တွင် (မြန်မာနိုင်ငံရှိ အခြားဒေသအများအပြားမှာကဲ့သို့ပင်) ကြံ့ခိုင်တက်ကြွသည့် ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် အားမာန်အပြည့်ဖြင့် တက်ကြွလှုပ်ရှားနေသော အမျိုးသမီးအဖွဲ့အစည်းများနှင့် ကွန်ရက်များ ရှိနေပါသည်။ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် အဟန့်အတားဖြစ်သည့် မိမိကိုယ်မိမိ ယုံကြည်မှုမရှိခြင်းက ထိုအမျိုးသမီးခေါင်းဆောင်များကို ဟန့်တားနိုင်ခြင်း မရှိပါ။ ယနေ့အချိန်အထိ ထိုအမျိုးသမီးအဖွဲ့အစည်းများသည် ကျန်းမာရေး၊ ကလေးပြုစုစောင့်ရှောက်မှုနှင့် SGBV ကဲ့သို့ ‘အမျိုးသမီးရေးရာ’ များကို ပို၍ အလေးပေးဆောင်ရွက်နေကြပြီး သစ်တောနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှု ကိစ္စများအပေါ် အာရုံစိုက်မှုနည်းနေပါသည်။ မြေနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှု ဖိုရမ်များသို့ ကျွမ်းကျင်မှုရှိ သော ထိုအမျိုးသမီးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများ ပါဝင်လာအောင် လုပ်ဆောင်နိုင်ပါက အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင် အမျိုးသမီးများ၏ ပြောရေးဆိုခွင့်ကို  သိသိသာသာ တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။

အမျိုးသမီးများသည် ၎င်းတို့ ဘဝနှင့် သဘာဝအရင်းအမြစ်များ လက်လှမ်းမီအသုံးပြုနိုင်မှုအပေါ် သက်ရောက်မှုရှိသော ဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးသည် အမျိုးသမီးများ၏ အခွင့်အရေး ဖြစ်ပါသည်။ ကျားမရေးရာစံများကို လျှစ်လျူရှုထားသော သစ်တောအုပ်ချုပ်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု အစီအစဉ်များသည် ငြိမ်းချမ်းရေးကို အထောက်အကူပြုခြင်း သို့မဟုတ် ပတ်ဝန်းကျင်နှင့် သစ်တောများကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ထိရောက်စွာ လုပ်ဆောင်နိုင်ခြေ နည်းပါးပါသည်။ ထိုအစီအစဉ်များသည် ထင်းရှာရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုအတွက် မျှစ်ချိုးရန် သစ်တောများအပေါ် မှီခိုအားထား အသုံးပြုကြရသော အမျိုးသမီးများကဲ့သို့ အရေးကြီးသည့် အကျိုးသက်ဆိုင်သူများ၏ အမြင်များကို ချန်လှပ်ထားမိနိုင်ခြေ ရှိပါသည်။ လူမှုယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အတားအဆီးများကြောင့် အမျိုးသမီးများကို ဆော်ဩစည်းရုံးရန် ခက်ခဲသည့်နေရာများတွင်ပင်လျှင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းအားထုတ်ခြင်းသည် ထိုက်တန်သော အားထုတ်မှုတစ်ခု ဖြစ်ပါသည်။ သို့မှသာ အားလုံးပါဝင်နိုင်မှု ပိုရှိသည့် ပိုမိုကောင်းမွန်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်စေပြီး ပိုမိုကျယ်ပြန့်များပြားသော ရှုထောင့်အမြင်များကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိနိုင်ခြေ တိုးပွားလာစေမည်ဖြစ်ပါသည်။ ကျေးရွာအဆင့်များရှိ အသိပညာပေး အစီအစဉ်များ၊ သင်တန်းများတွင် လက်ရှိ ဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်ဆောင်ရွက်နိုင်ခြေများသည့် အမျိုးသားများနှင့် အမျိုးသား ခေါင်းဆောင်များ ပါဝင်လာရန်လည်း တန်းတူညီမျှအရေးကြီးပါသည်။ စီမံချက်လုပ်ငန်းများတွင် အမျိုးသားများ ပါဝင်ဆောင်ရွက်မှု မရှိခြင်း သည် စီမံချက်၏ ထိရောက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး သို့မဟုတ် ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များ ပြည့်မီနိုင်မည့် အလားအလာတို့ကို လျော့နည်းထိခိုက်စေနိုင်ပါသည်။ နောက်ဆုံးအနေဖြင့် အရေးကြီးသည့် အချက်တစ်ချက်မှာ စီမံချက်ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုများတွင် ပါဝင်ဆောင်ရွက်သော အမျိုးသမီးများ ရင်ဆိုင်ရနိုင်ဖွယ်ရှိ ထိခိုက်နိုင်ခြေအန္တရာယ်များကို ထည့်သွင်းစဉ်းစားပြီး ပဋိပက္ခအား သတိပြုနားလည်၍ ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုသည့် နည်းလမ်းဖြင့် ထိုအန္တရာယ်ဖြစ်နိုင်ခြေများကို နည်းနိုင်သမျှနည်းအောင် လျှော့ချပေးရန် လိုအပ်သည်ဟူသော အချက်ပင် ဖြစ်ပါသည်။

## လက်ငင်းဆောင်ရွက်ရန် အကြံပြုချက်များ (တစ်နှစ်အတွင်း)

အစိုးရ၊ NSAနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လုပ်ဆောင်သူများအားလုံးသည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်–

- ကိုယ်စားပြုမှု၊ ထိရောက်မှုပိုရှိသည့် (ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး) လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ အမျိုးမျိုးသော လုပ်ဆောင်သူများကြား ပဋိပက္ခဖြစ်ပွားမှုများ လျှော့ချနိုင်ရန်လည်းကောင်းစနစ်အတွင်း အကြမ်းဖက်မှုများ အမြစ်တွယ်နေခြင်းမရှိသည့် ငြိမ်းချမ်းရေး(positive peace) ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် **ကျားမတန်းတူညီမျှမှု၏ အရေးပါပုံနှင့် သစ်တော စီမံအုပ်ချုပ်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ခြင်း၏ အရေးပါပုံတို့ကို နားလည်သိရှိမှုများ မြင့်မားလာအောင် အသိပညာဖြန့်ဝေပေးသင့်ပါသည်။** ဤသတင်းအချက်အလက်များကို အောက်ပါတို့ထံ မျှဝေပေးခြင်းဖြင့် လူမှုရေးအသွင်ကူးပြောင်းမှုအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ရန် ဖြစ်ပါသည် –
    - ရပ်ရွာအဆင့်ရှိ အသက်အရွယ်စုံ အမျိုးသားများနှင့် အမျိုးသမီးများ၊
    - အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများ၊
    - သစ်တောဌာန ဝန်ထမ်းများနှင့် ခေါင်းဆောင်များ၊
    - ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (လက်ရှိတာဝန်ထမ်းဆောင်နေသူများ နှင့် ဩဇာအာဏာရှိနေဆဲဖြစ်သည့် ယခင်အုပ်ချုပ်ရေးမှူးများ)၊

- **အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်မှုရောထွေးနေသော ဒေသများတွင် ဤသတင်းအချက်အလက်များကို လူမှုအသိုင်းအဝိုင်းများအားလုံးထံ ရောက်ရှိအောင် ကြိုးပမ်းရန် ရည်ရွယ်လျက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မျှဝေဖလှယ်၍ ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့်** ပဋိပက္ခကြောင့် တစ်ကွဲတစ်ပြားစီ ဖြစ်နေသူများကြား တူညီသည့် အရေးကိစ္စများကို အတူတကွ ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားရင်း ငြိမ်းချမ်းရေးတည် ဆောက်မှုကို အထောက်အကူပြုနိုင်ကြမည်ဖြစ်သည်။ **ဤသို့ယုံကြည်မှုတည်ဆောက် ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများတွင် အမျိုးသမီးများသည်လည်း အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါသည်။**

## ရေရှည်အတွက် အကြံပြုချက်များ

အသိပညာမြှင့်တင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသူများ (CSO  များ၊ အစိုးရ သစ်တောဦးစီးဌာန [GFD] နှင့် ကော်သူးလေ ဗဟိုသစ်တောဌာန [KFD]) သည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည် –

**အဖွဲ့အစည်းတွင်း စွမ်းဆောင်ရည်မြှင့်တင်ခြင်း –**

- သစ်တောဌာန (အဆင့်တိုင်းနှင့် နေရာဒေသတိုင်း) တွင် အမျိုးသမီးဝန်ထမ်းများကို ခေါ်ယူခန့်ထားမှုနှင့် ရာထူးတိုးမြှင့်ပေးမှုများကို တိုးတက်ပြုလုပ်လာစေမည့် ကျားမရေးရာမူဝါဒနှင့် လက်တွေ့ကျသော လမ်းညွှန်ချက်များ ချမှတ်ပြဋ္ဌာန်းနိုင်အောင် စွမ်းရည်မြှင့်တင်ပေးသင့်ပါသည်။

- စီမံချက်အကောင်အထည်ဖော်ရာတွင် ဆိုးကျိုးဖြစ်ပေါ်ခြင်းမရှိစေရမှုနှင့် ပဋိပက္ခဖြစ် လွယ်မှုကို သတိပြုနားလည်မှုရှိစေရန်အတွက် ဝန်ထမ်းများကို ကျားမရေးရာနှင့် ပဋိပက္ခကို သတိပြုနားလည်မှုအကြောင်း လေ့ကျင့်သင်တန်းပေးခြင်းနှင့် သင်တန်း ပေးထားသော ဝန်ထမ်းများကို အနီးကပ် ညွှန်ကြားပြသမှုများပေးခြင်းတို့ ပြုလုပ်သင့်သည်။ အထူးသဖြင့် အသက်အရွယ်ပိုကြီးသော၊ ရာထူး အဆင့်ပိုမြင့်သော အမျိုးသားခေါင်းဆောင်များကို စွမ်းရည်မြှင့်တင်ပေးသင့်သည်။

- မြို့နယ်အဆင့်မှအစပြု၍ ပြည်ထောင်စုအဆင့်အထိနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သစ်တောနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများအတွင်း အမျိုးသမီးများ၏ အရေးကိစ္စများကို ထည့်သွင်းဆွေးနွေးနိုင်စေရန် ခိုင်မာအားကောင်းသည့် အမျိုးသမီးအဖွဲ့အစည်းများ၊ အမျိုးသမီးခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းအောင် လုပ်ဆောင်နိုင်ရန် မိမိတို့၏ အဖွဲ့အစည်းစွမ်းရည်ကို မြှင့်တင် ပေးသင့်သည်။

**အထွေထွေဗဟုသုတ အသိအမြင်ဖွင့်သင်တန်းများ ကျင်းပပေးခြင်း**

- သစ်တောထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းတို့ကို အားပေးရန်အလို့ငှာ ရပ်ရွာအဆင့်တွင် အမျိုးသမီးအများ အပြားပါဝင်လျက်ရှိသည့် ကျယ်ပြန့်သော လူထုပရိတ်သတ်များအထိ ရောက်ရှိရန် ဘာသာရေးခေါင်းဆောင်များနှင့် မီဒီယာတို့မှ တစ်ဆင့် အသိပညာများ ဖြန့်ဝေပေးသင့်သည်။

- **ဌာနေတိုင်းရင်းသား သို့မဟုတ် မိရိုးဖလာ အစဉ်အလာကျင့်သုံးမှုများကို အားပေး မြှင့်တင်ရာတွင် အားလုံးပါဝင်နိုင်မှုနှင့် ကျားမတန်းတူညီမျှမှုတို့ကို အလေးပေးရမည်ဖြစ်ပြီး** အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချမှတ်မှုများတွင် ပါဝင်ဆောင်ရွက်ခွင့် အပါအဝင် ၎င်းတို့၏ အခွင့်အရေးများနှင့် ကွဲလွဲဆန့်ကျင်မှုများ မဖြစ်စေဖို့ သတိပြုရပါမည်။

မြန်မာနိုင်ငံအစိုးရအတွက် အကြံပြုချက် –

- နိုင်ငံ့ဝန်ထမ်းများသည် ဒေသခံပြည်သူများ၏ လက်လှမ်းမီအသုံးပြုနိုင်မှုကို ဆွေးနွေးညှိနှိုင်းနိုင်ရန်နှင့် ၎င်းတို့၏ အခွင့်အရေးများကို လေးစားလိုက်နာစောင့်ထိန်းပေးနိုင်ရန်အတွက် **အမျိုးသမီးများအပါအဝင် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ၎င်းတို့၏ အသံကို နားထောင်ပေးခြင်းတို့ ပြုလုပ်နေကြောင်း သေချာအောင် ဆောင်ရွက်သင့်ပါသည်။**

နိုင်ငံတကာအလှူရှင်များသည် အောက်ပါတို့ကို လုပ်ဆောင်သင့်ပါသည် –

- **ကျားမရေးရာအား လုပ်ငန်းတိုင်းတွင် ထည့်သွင်းရေး မူဝါဒများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ လုပ်ဆောင်သူများ နှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများကို စွမ်းရည်မြှင့်တင်ပေးနိုင်ရန် ကူညီပံ့ပိုး ပေးသင့်သည်။** အထူးသဖြင့် အရင်းအမြစ်နှင့် စွမ်းဆောင်ရည် ကန့်သတ်ချက်များ ရှိနေသော အရွယ်အစားသေးငယ်သည့် အစိုးရမဟုတ်သော လက်နက်ကိုင်လုပ်ဆောင်သူများကို ကူညီပံ့ပိုးသင့်ပါသည်။

- **အလှူရှင်များ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောသဘာဝအရင်းအမြစ်များနှင့်စပ်လျဉ်းသည့်နိုင်ငံရေးလုပ်ငန်းစဉ်များ** (လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နေသည့် မြေယာနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု၊ သဘာဝအရင်းအမြစ်များအတွက် ကောင်းမွန်သည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများအပါအဝင်) တွင် **အနိမ့်ဆုံးအနေဖြင့် ပြည့်မီရမည့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအဆင့်များအတွက် တာဝန်ခံမှုများ ပိုမိုအားကောင်းအောင် လုပ်ဆောင်သင့်ပြီး** ဤသည်ကို လက်တွေ့လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် အမျိုးသမီးအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို အားပေးသင့်သည်။

**International Alert**
346 Clapham Road, London, SW9 9AP, United Kingdom
**Tel** +44 (0)20 7627 6800 **Fax** +44 (0)20 7627 6900
info@international-alert.org
**www.international-alert.org**

Registered charity no. 327553

/InternationalAlert @intalert